# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၃၃)


၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၆)၊ အမှတ် (၀၆၈)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံ

## ရခိုင်ပြည်နယ်၌ လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၌ လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အပြင် မစ္စတာ ကိုဖီအာနန်က ရခိုင်ပြည်နယ်သို့ ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်တွေ့ရှိချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်

## ရခိုင်ပြည်နယ်မှ အကြမ်းဖက်ဖြစ်စဉ်နှင့် လက်မည်းကြီးများ၏ ဝါဒဖြန့်တိုက်ပွဲ


သပြေ၏ဆောင်းပါး စာမျက်နှာ - ၆၊ ၇




## ပြင်သစ်ပြည်ထဲရေးဝန်ကြီးအား ဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်


နိုင်ငံတကာသတင်း စာမျက်နှာ - ၁၀





# လူ့အခွင့်အရေးဟု ဆိုရာတွင်

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုချမှတ်ထုတ်ပြန်ကြေညာခဲ့သည်။ စုစုပေါင်းအပိုဒ် ၃၀ ပါဝင်သော လူ့အခွင့်အရေးကြေညာစာတမ်းသည် နိုင်ငံခပ်သိမ်း၊ လူခပ်သိမ်းတို့ အောင်မြင်မှုရရှိရန် ဆောင်ရွက်ကြရမည့် အားလုံးနှင့်ဆိုင်သော စံတစ်ရပ်ဖြစ်ကြောင်းလည်း ကြေညာစာတမ်း၏နိဒါန်းတွင် ညွှန်းဆိုထားသည်။

ယခုအခါ လူ့အခွင့်အရေးကြေညာစာတမ်းကြီးထုတ်ပြန်ခဲ့သည်မှာ မကြာမီ ရက်ပိုင်းအတွင်း နှစ်ပေါင်း ၆၈ နှစ်တင်းတင်းပြည့်တော့မည်ဖြစ်သည်။ ဆယ်စုနှစ်ပေါင်း ခုနစ်ခုစာနီးနီး ကြာမြင့်ခဲ့ပြီဖြစ်သော လူ့အခွင့်အရေး ကြေညာစာတမ်းကြီးတွင် ပြဋ္ဌာန်းထားသည့် လူသားအားလုံးတို့၏ မွေးရာပါဂုဏ်သိက္ခာ၊ တန်းတူညီမျှရှိမှု၊ ဖယ်ရှားထုတ်ပယ်၍မရသော အခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတို့က မည်မျှအသိအမှတ်ပြု၍၊ မည်မျှလိုက်နာက၊ မည်မျှအကောင်အထည်ဖော်နိုင်ခဲ့ပြီနည်း...။

စင်စစ်အားဖြင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများမှာ ကမ္ဘာနှင့်အဝန်း နိုင်ငံအသီးသီးမှာရှိနေကြသည်။ အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်ရန် နိုင်ငံအသီးသီးမှ အစိုးရအသီးသီးတို့က ကြိုးပမ်းနေကြရသည်။ လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့စသည့် အမျိုးသားရေးစရိုက်လက္ခဏာတို့က တစ်ခါတစ်ရံတွင် လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် ပြဒါးတစ်လမ်းသံတစ်လမ်း ဆန့်ကျင်ကွဲလွဲနေတတ်သည်။ ထိုအခါ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များကို မသိကျိုးကျွန် လျစ်လျူရှုထားလိုက်ပြီး မိမိတို့လူမျိုး၊ မိမိတို့ကိုးကွယ်သည့်ဘာသာ၊ မိမိတို့ယဉ်ကျေးမှုဘက်သို့သာ မျက်နှာမူထားကြကာ မိမိတို့၏ အကျိုးအမြတ်တစ်စုံတစ်ရာအတွက် လိုအပ်လာပါကမူ “လူ့အခွင့်အရေး” ဟူသော စကားလုံးတစ်လုံးကို တုတ်၊ ဓား၊ လက်နက်တစ်ခုသဖွယ် အသုံးပြု၍ ကျယ်ကျယ်လောင်လောင် အော်ဟစ်တတ်ကြသည်။

ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် အစိုးရအဖွဲ့များ ပေါ်ပေါက်လာချိန်မှစ၍ နိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းလာခဲ့သည်။ လက်ရှိအစိုးရအဖွဲ့သစ်အနေဖြင့်မူ လူ့အခွင့်အရေးကို ပိုမို၍ပင် အလေးထားမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံအတွင်း ဒီမိုကရေစီစနစ် ပိုမိုခိုင်မြဲလာစေရန် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပကတိအခြေအနေအရ သမိုင်းကြောင်း၏ ကောင်းမွေဆိုးမွေနှစ်ရပ်လုံးကို လက်ခံကာ နိုင်ငံကိုတည်ဆောက်နေရခြင်း ဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ သန်းပေါင်း ၅၀ ကျော်ရှိပြီး ဗုဒ္ဓဘာသာဝင်သည် လူဦးရေစုစုပေါင်း၏ ၈၉ ဒသမ ၈ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ ၆ ဒသမ ၃ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာကိုးကွယ်သူ ၂ ဒသမ ၃ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာကိုးကွယ်သူ ၀ ဒသမ ၅ ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ ၀ ဒသမ ၈ ရာခိုင်နှုန်း၊ အခြားဘာသာကိုးကွယ်သူ ၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် မည်သည့်ဘာသာမျှမကိုးကွယ်သူ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရှိရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း အဆိုပါ ဘာသာ သာသနာများကို အသိအမှတ်ပြုထားသည်။ ထို့အပြင် နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို တတ်နိုင်သမျှကူညီ စောင့်ရှောက်မည်ဖြစ်ကြောင်းလည်း အတိအလင်း ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံတွင် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကိုထိပါးစေမည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ဖော်ထုတ်ရှင်းလင်းမှု ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီဖြစ်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်ရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ရာတွင် ထွက်ပေါ်လာသော ကောလာဟလများ၊ သတင်းမှားများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိုင်းအဝိုင်း၏စိုးရိမ်ပူပန်မှုများအပေါ်တွင်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့မှ အဆင့်မြင့်ပုဂ္ဂိုလ်တို့က နိုင်ငံတကာကျင့်စဉ်များနှင့်အညီ ရှင်းလင်းပြောကြားမှုများပြုပြီးဖြစ်ရာ ကျင့်ဝတ်စံနှုန်းများချို့ယွင်းနေသည့် ဘက်လိုက်မီဒီယာများ၏ တစ်ဖက်စောင်းနင်းဖော်ပြနေမှုများကို ဆင်ခြင်တုံတရားဖြင့် စဉ်းစားချင့်ချိန် ယုံကြည်ရန်လိုအပ်မည်ဖြစ်သည်။

ဘက်နှစ်ဖက်ပဋိပက္ခတွင် တစ်ဖက်တည်းကိုသာမျက်နှာမူပြီး အခြားတစ်ဖက်ကို ကျောခိုင်းထားခြင်းသည် သတင်းမီဒီယာများ၏ ကျင့်ဝတ်ကို ဖောက်ဖျက်ရာရောက်သည့်အပြင် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများအရ ဆိုလျှင်လည်း နိမ့်ကျမှုတစ်ခုသာ ဖြစ်သည်ဟု ဆိုချင်ပါကြောင်း။ ။

# တိုင်းပြည်စီးပွားရေး၏ မောင်းနှင်အား

စိမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လယ်သမားများ အရင်းအနှီးငွေကြေးလုံလောက်စွာ ရရှိနိုင်ရေးအတွက် လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေအပြင် ပုဂ္ဂလိကဘဏ်များကလည်း ပါဝင်ငွေချေးပေးနိုင်ရန် စီစဉ်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်ကို ကြားသိရပါသည်။ အသေးစိတ်အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်နေဦးမည် ဖြစ်သော်လည်း ဤမူဝါဒသည် ကြိုဆိုရမည့်မူဝါဒ ဖြစ်ပါသည်။ တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိသော တောင်သူလယ်သမားများ အပါအဝင် ကျေးလက်ပြည်သူများ စီးပွားရေးအဆင်ပြေ၍ သုံးနိုင်စွဲနိုင်မှုသာ တိုင်းပြည်၏ အခြားသောစီးပွားရေး လုပ်ငန်းများလည်း ရေမြင့်လျှင် ကြာတင့်သကဲ့သို့ လိုက်ပါတိုးတက်လာမည် ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဲ့သို့သော တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျယ်ပြန့်သော လုပ်ငန်းမျိုးအတွက် ပုဂ္ဂလိကဘဏ်များက ပါဝင်ငွေချေးပေးရန်ဆိုသောကိစ္စသည် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းတိုင်ပင်ပုံဖော်ရမည့်ကိစ္စ ဖြစ်ပါသည်။ နိုင်ငံတကာ၏ အတွေ့အကြုံကို ရနိုင်သမျှစုစည်း၍ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဟပ်စပ်မိစေရန် မည်ကဲ့သို့ ပုံဖော်ဆောင်ရွက်မည်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ ဤကဲ့သို့သော လုပ်ငန်းစဉ်မျိုး၌ စစ်မှန်သောတောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမား ကိုယ်စားပြုအဖွဲ့အစည်းများ ပါဝင်ခွင့်ပြုရန် အကြံပြုတင်ပြအပ်ပါသည်။ သို့မှသာ တိုင်းပြည်၏ ပကတိအခြေအနေကို ထင်ဟပ်သော လက်တွေ့လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွက်လာမည် ဖြစ်ပါသည်။ သို့သော် ပညာရှင်များ ထောက်ပြနေသကဲ့သို့ ဤလုပ်ငန်းစဉ်၌ ချေးငွေအာမခံစနစ် လိုအပ်မည်ဖြစ်၍ အဆိုပါချေးငွေ အာမခံစနစ် ပေါ်ထွက်လာရေးအတွက် ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းဆွေးနွေးရမည်ဖြစ်ပါသည်။

တိုင်းပြည်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ရာ၌ ကန်ထရိုက် စိုက်ပျိုးရေးစနစ် **(Contract Farming)** ကိုပါ ထည့်သွင်းသုံးသပ်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။ တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းများ၏ တင်ပြချက်အရ မြန်မာနိုင်ငံတွင် စစ်မှန်သော ကန်ထရိုက် စိုက်ပျိုးရေးစနစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိသေးပါ။ စစ်မှန်သော ကန်ထရိုက်စိုက်ပျိုးရေးစနစ်၌ အကောင်အထည်ဖော်မည့် ကုမ္ပဏီသည် တောင်သူလယ်သမားများ လိုအပ်နေသော အရင်းအနှီးနှင့် မျိုးစေ့မှစ၍ ဈေးကွက်တင်ပို့သည်အထိ လိုအပ်ချက်အရပ်ရပ်ကို ဖြည့်ဆည်းပေးရမည်ဖြစ်ပါသည်။ တောင်သူလယ်သမားတို့၏ အခန်းကဏ္ဍသည် ကုမ္ပဏီနှင့် သဘောတူချုပ်ဆိုထားသည့် သီးနှံတို့ကို အောင်အောင်မြင်မြင် စိုက်ပျိုးပေးရေးသာ ဖြစ်ပါသည်။ ကန်ထရိုက်စိုက်ပျိုးရေးစနစ်၌ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့၏ အခန်းကဏ္ဍသည် ကုမ္ပဏီနှင့် တောင်သူလယ်သမားတို့ကြား မျှတသောမူဘောင်တစ်ရပ် ရရှိရေးနှင့် ဤမူဘောင်အရ လုပ်ငန်းအကောင်အထည်ဖော်ရေးကို ကြီးကြပ်ပေးရန်သာ ဖြစ်ပါသည်။ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများအနေဖြင့် တောင်သူလယ်သမားတစ်ဦးချင်းနှင့် လိုက်လံညှိနှိုင်းဆွေးနွေးသည်ထက် ကန်ထရိုက်စိုက်ပျိုးရေးစနစ် လုပ်ကိုင်မည့် ကုမ္ပဏီနှင့် ဆွေးနွေးညှိနှိုင်းသည်က လုပ်ငန်းအကောင်အထည်ဖော်ရေးကို ပိုမိုအဆင်ပြေ ချောမောစေမည် ဖြစ်ပါသည်။ တောင်သူလယ်သမားတို့၏ လက်ငုတ်လက်ရင်း မြေယာပိုင်ဆိုင်မှု ဆုံးရှုံးသွားခြင်းကို မဖြစ်ပေါ်စေသည်သာမက လုပ်ဖော်ကိုင်ဖက်များအဖြစ် ခိုင်ခိုင်မာမာ လက်တွဲအကောင်အထည်ဖော်နိုင်မည့် ကန်ထရိုက်စိုက်ပျိုးရေးစနစ်တစ်ရပ် အကောင်အထည်ဖော် ချမှတ်ပေးပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ချုပ်၍တင်ပြရပါက တောင်သူလယ်သမားအများစု၏ လက်တွေ့ဘဝ မြှင့်တင်ပေးမည့် မူဝါဒများအားလုံးကို ကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။ ။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၆

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ နောင်ချိုမြို့၌ ၆ ဒီဂရီ စင်တီဂရိတ်နှင့် ပူတာအိုမြို့၌ ၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မုတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့၌ ၀ ဒသမ ၅၆ လက်မဖြစ်သည်။ (မိုး/ဇလ)



## မိသားစုပဋိပက္ခဖြေလျှော့ရေး အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်က ကြီးမှူး၍ ကလေးသူငယ်အခွင့်အရေးများနှင့် မိသားစုပဋိပက္ခဖြေလျှော့နိုင်ရေး ဆက်စပ်ပုံ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အထက (၂)ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲမစတင်မီ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ဖြစ်ပေါ်လာပုံ၊ ကလေးသူငယ်များ အခွင့်အရေးနှင့် ဆက်စပ်ပုံများ၊ မိသားစုအတွင်း ပဋိပက္ခဖြေလျှော့ရေး အကြောင်းအရာများကို ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အသင်းဥက္ကဋ္ဌ ဦးအာကာစိုးနောင်က ဟောပြောခဲ့ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၆-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၉ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၃ ・ ၂၂ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ ・ ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် National Democratic Institute (NDI) အကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်အား ယနေ့ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ National Democratic Institute (NDI) အကြံပေးပုဂ္ဂိုလ် Mr. Edmond Effendija နှင့် အဖွဲ့အား ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အမေရိကန် သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဒီမိုကရေစီစံနှုန်းများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် မကိုက်ညီသည့်ဥပဒေများအား ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ လွတ်လပ်စွာ ပြောဆိုခွင့် ရေးသားခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးကြသည်။

National Democratic Institute (NDI) အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံစဉ် NDI ၏ လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဇာတ်တိုက်လေ့ကျင့်ခန်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၆ ခုနှစ် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဇာတ်တိုက်လေ့ကျင့်ခန်း အလုပ်ရုံဆွေးနွေးပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်တို့က အမှာစကားပြောကြားကြသည်။ **(အောက်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲကို မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး နှစ်စဉ်အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျပြုလုပ်ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ၂၀၁၅ ခုနှစ်တွင် လာအိုနိုင်ငံတို့၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၆ ရက်မှ ၉ ရက် အထိ ၄ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ အဆင့်မြင့်အရာရှိ ၆၀ အပါအဝင် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၂၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်နှင့်ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**



ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Wouter Jurgens နှင့် စစ်သံမှူး Col. Allard Wagemaker တို့နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Wouter Jurgens နှင့် စစ်သံမှူး Col.Allard Wagemaker တို့အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်လ်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Peter Lysholt Hansen အား ညနေ ၃ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ဆောင်အမှတ် (I-11) ရှိ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။
**(သတင်းစဉ်)**

# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs.Retno L . P. Marsudi နှင့်အဖွဲ့သည် ယနေ့ ည ၇နာရီ မိနစ် ၂၀တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နေအိမ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno L . P. Marsudi တို့ တွေ့ဆုံစဉ်**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၆**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) (ဒုတိယနေ့) ကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ကြယ်ပွင့်ပြ မေးခွန်း ၁၁ ခု မေးမြန်းခြင်းနှင့် အဆိုတစ်ခုတင်သွင်းရာ သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၏ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်၊ ကွတ်ခိုင်ဒေသတွင်ဖြစ်ပွားနေသော KIA, TNLA, MNDAA လက်နက်ကိုင်သောင်းကျန်းသူများ၏ အပြစ်မဲ့ပြည်သူလူထုအပေါ် ဆောင်ရွက်ကြသည့် ဆောင်ရွက်ချက်များအပေါ် ပြစ်တင်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြောင်း အရေးကြီးအဆိုကို တင်သွင်းခြင်းနှင့် လက်ခံရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ ယင်းအဆိုကို မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းက ထောက်ခံဆွေးနွေးပြီး ပြည်နယ်လွှတ်တော်တွင် လက်ခံရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ ပြည်နယ်လွှတ်တော်က သဘောတူသဖြင့် ယင်းအဆိုကို ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ယင်းအဆိုအား ဒီဇင်ဘာ ၇ ရက်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။
**(ပြည်နယ် ပြန်/ဆက်)**

# မိမိတို့အနေဖြင့် အမှန်အတိုင်းဖြစ်စေရန်၊ ဥပဒေနှင့်အညီ ဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာ ကိုဖီအာနန်က ဒုတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်တွင် ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့မှုအခြေအနေ၊ နိုင်ငံအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုအခြေအနေ၊ ကော်မရှင်အနေဖြင့် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြန်လည်သင့်မြတ်ရေး၊ အသိုက်အဝန်း အသီးသီးကြားတွင် ထိတွေ့ဆွေးနွေးနိုင်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် အဆိုပြုချက်များကို ရေရှည်ကာလအတွက် အဓိကထား အကြံပြုတင်ပြသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးမှုကိစ္စရပ်များတွင် ကူညီဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသတွင်းနေထိုင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်သည်ကို သိရှိနားလည်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော်နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ ယင်းသို့ နေထိုင်လုပ်ကိုင်ခြင်းမရှိဘဲ မိမိဘာသာ ရပ်တည်ချက်ဖြင့် နေထိုင်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်း၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်းများကို ဆန့်ကျင်ခြင်းတို့မှာ မဖြစ်နိုင်ကြောင်း၊ မိမိတို့အနေဖြင့် အမှန်အတိုင်းဖြစ်စေရန်၊ ဥပဒေနှင့်အညီဖြစ်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြား၍ တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ မွန်းလွဲ ၂ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Dr.Nikolay Listopadov အား လက်ခံတွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုရှိခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းနှင့် ၁၉၈၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုများတွင် ရုရှားနိုင်ငံမှ ကူညီလုပ်ဆောင်ပေးခဲ့မှု၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခိုင်မာခဲ့မှု၊ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပညာတော်သင်များ တိုးမြှင့်စေလွှတ်ခြင်း အပါအဝင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နယ်ပယ်အားလုံး၌ တိုးမြှင့်လုပ်ဆောင်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မနီလာပင်လယ်ဝအတွင်းရှိ Corregidor ကျွန်းသို့ သွားရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးနှင့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဖိလစ်ပိုင်တပ်မတော် အထူးရဟတ်ယာဉ်များဖြင့် ထွက်ခွာရာ မနီလာပင်လယ်ဝအတွင်းရှိ Corregidor ကျွန်းသို့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင်ရောက်ရှိကြပြီး ကျွန်းပေါ်ရှိ ဖိလစ်ပိုင်သူရဲကောင်းစစ်သည်ဗိမာန်၊ ဘာလင်တာဥမင်လိုဏ်ခေါင်း၊ အမြောက်စခန်းနေရာဟောင်းများနှင့် အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**



အဆိုပါ Corregidor ကျွန်းသည် ဒုတိယကမ္ဘာစစ်အတွင်း မနီလာပင်လယ်ဝတွင်တည်ရှိသော မဟာဗျူဟာအရ အရေးပါသည့် ကျွန်းငါးကျွန်းအနက် အချက်အချာကျသော ကျွန်းဖြစ်ပြီး အရေးပါသည့် သမိုင်းဝင်အထင်ကရနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အထူးရဟတ်ယာဉ်ဖြင့် Corregidor ကျွန်းမှ Pampanga ပြည်နယ်သို့ထွက်ခွာကြရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Clark လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ခေတ္တတည်းခိုမည့် Midori Hotel သို့ရောက်ရှိကြကြောင်း သတင်းရရှိသည်။
**(မြဝတီ)**

# စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်းလုပ်ငန်းကို ပိုမိုလျင်မြန်စွာဆောင်ရွက်ပေးရန် တောင်သူများကလိုလားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

အစည်းအဝေးတွင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **ဟိုနမ့်ကျေးရွာအုပ်စု ထိတခေါ့ရေထွက်ကန်ကြီး ဘက်စုံပြုပြင်ပေးမည့် အစီအစဉ်နှင့် ပန်းတန်ကျေးရွာအုပ်စု နောက်ခိုက်လျှိုပိတ်တမံကြီး၏ တောင်ကျရေလွှဲလမ်းကြောင်းကို ကျောက်စီနံရံထိန်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ထိတခေါ့ရေထွက်ကန်သည် အလျား ပေ ၁၅၀ ရှည်လျားသော အုတ်စီရေတားတမံ အမျိုးအစားဖြစ်ပါကြောင်း။

ယင်းမှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည့်အတွက် ရေယိုစိမ့်မှုများ ဖြစ်ပေါ်သောကြောင့် အရေးတကြီး ပြန်လည်ပြုပြင်ရန် လိုအပ်သောအပိုင်း အလျား ပေ ၁၀၀ ကို ကျောက်ရိုးစီရေတားတမံအဖြစ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသော အလျားပေ ၅၀ ကို ကျောက်ရိုးစီရေတားတမံအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၃ ဒသမ ၅ ) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ၆ ရွာ ရေလုံလောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ခွင့်ပြုရန်ပုံငွေ ရရှိနိုင်ရေး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပန်းတန်ကျေးရွာအုပ်စု နောက်ခိုက်ရေထွက်တမံမှာ လျှိုပိတ်တမံတစ်ခုဖြစ်ပြီး လူဦးရေ ၁၅၀၀ ခန့် သောက်သုံးရေ အသုံးပြုလျက်ရှိပါကြောင်း၊ ယင်းတမံ ရေလွှဲမြောင်းမှာ အရှည် ပေ ၁၃၅၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၀ ပေရှိ မြေသားမြောင်းပေါင် အမျိုးအစားဖြစ်၍ ကျောက်ရိုးစီနံရံဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၉၅ သန်း ကုန်ကျမည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၏ **ပင်လောင်းမြို့ရှိ ရင်းမှီးရပ်ကွက်နှင့် ကိုးခေါင် ရပ်ကွက်၊ နောင်တရားမြို့ရှိ မြို့ဧရိယာ ၂၇၀၉ ဧကနှင့် ရပ်ကွက် ၃ ရပ်ကွက်၊ ပေါင်းလောင်းမြို့ ရပ်ကွက် ၆ ရပ်ကွက်တို့ကို မြို့ကွက်များဖြင့် စနစ်တကျတည်ရှိနိုင်ရေး ကွက်စိပ်ကွက်ကြဲတိုင်းတာပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပင်လောင်းမြို့ နောင်တရားမြို့နှင့် ပေါင်းလောင်းမြို့ တို့၌ မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများကို တာဝန်ပေးခန့်အပ်ပြီးဖြစ်ပါကြောင်း။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လောင်းမြို့ရှိ ရင်းမှီးရပ်ကွက်နှင့် ကိုးခေါင်ရပ်ကွက်၊ နောင်တရားမြို့ရှိ မြို့ဧရိယာ ၂၇၀၉ ဧကနှင့် ရပ်ကွက် ၃ ရပ်ကွက်၊ ပေါင်းလောင်းမြို့ရပ်ကွက် ၆ ရပ်ကွက်တို့ကို မြို့ကွက်များဖြင့် စနစ်တကျတည်ရှိနိုင်ရေး ကွက်စိပ်၊ ကွက်ကြဲ တိုင်းတာခြင်းလုပ်ငန်းသည် ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် လွိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းသည့် အများပိုင် သမဝါယမအသင်းများနှင့်ပတ်သက်သည့် မေးခွန်းကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည် တင်သွင်းထားသည့် **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးရေးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့က ဆွေးနွေးကြသည်။

**ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး**က တောင်သူများသည် လုံလောက်သည့် အရင်းအနှီးမရှိခြင်း၊ မျိုးကောင်းမျိုးသန့်မရရှိခြင်း၊ နည်းပညာရရှိမှုအားနည်းခြင်း၊ စိုက်ပျိုးရေ လုံလောက်စွာမရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ ခိုင်မာသော သီးနှံဈေးကွက်မရှိခြင်း စသည့်အခက်အခဲများကို တွေ့ကြုံနေရပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေရယူရာတွင် ပုံစံ ၇ လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပုံစံ ၇ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းကို ပိုမိုလျင်မြန်စွာဆောင်ရွက်ပေးရန် တောင်သူများက လိုလားလျက်ရှိပါကြောင်း ဆွေးနွေးသည်။

**လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ**က စိုက်ပျိုးစရိတ်ထုတ်ယူသည့်အခါ မြို့နယ်ဘဏ်ခွဲများ၌ ဝန်ထမ်းအင်အားနည်းပါးသည့်အတွက် လုပ်ငန်းကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ တောင်သူများအတွက် စိုက်ပျိုးစရိတ်ကို မေလနှင့် ဇွန်လတွင်ရရှိပါက အဆင်ပြေသော်လည်း ဩဂုတ်လနှင့် စက်တင်ဘာလတွင်သာ ရရှိမှုများပါကြောင်း၊ တောင်သူများမှာ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီမရရှိ၍ အပြင်မှ အတိုးနှုန်းကြီးမားစွာဖြင့် ချေးယူပြီး လုပ်ငန်းခွင်ကို စတင်နေရပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးစရိတ်ချေးငွေကို စိုက်ပျိုးချိန် အချိန်မီ ချေးယူရရှိစေရေးအတွက် ကျေးရွာဘဏ်ကော်မတီများ ဖွဲ့စည်းပြီးချေးပေးသည့်စနစ်သို့ ပြောင်းလဲသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း၊ ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းတို့ကလည်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်များကို ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တိုက်နယ်ဆေးရုံများ ဖွင့်လှစ်ပေးရန်အစီအစဉ်မရှိသော်လည်း လိုအပ်သောဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**ဥက္ကဋ္ဌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း **အစား** မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ**ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း **အစား** မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၊ ကော်မတီအတွင်းရေးမှူး မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် **အစား** ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**ဥက္ကဋ္ဌ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း **အစား** မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၊ ကော်မတီအဖွဲ့ဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း **အစား** တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ချစ်ဦးတို့ကို ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်အရ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၏ **အုတ်တွင်းမြို့နယ် တောပုကျေးလက်ကျန်းမာရေးဌာနအပိုင် ကြက်တက်ညောင်ပင်ကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အုတ်တွင်းမြို့နယ်၌ လူဦးရေ ၁၅၉၈၂၈ ဦး နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ၂၅ ခုတင်ဆံ့ မြို့နယ် ဆေးရုံ ၁ ရုံ၊ တိုက်နယ်ဆေးရုံ ၄ ရုံ၊ စုစုပေါင်း ၅ ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၃ ခု ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးမှူး ၇ ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ ၆ ဦး၊ ကျန်းမာရေးကြီးကြပ်(၁) ၂ ဦး၊ သားဖွားဆရာမ ၃၅ ဦး၊ ကျန်းမာရေးကြီးကြပ်(၂) ၁၁ ဦးတို့ဖြင့် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရုံခုတင်တိုးခြင်းသို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဆင့် တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပါက အနီးပတ်ဝန်းကျင်ရှိ ဆေးရုံများ၏တည်ရှိမှုပုံစံကို ထည့်သွင်းစဉ်းစားရပါကြောင်း။

ကြက်တက်ညောင်ပင်ကျေးရွာ၏ အနီးအနားရှိ ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများကို လေ့လာရာတွင် အုတ်တွင်းမြို့နယ်ဆေးရုံနှင့် ၇ မိုင်၊ တောင်ငူမြို့ ခုတင် ၂၀၀ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ၉ မိုင်၊ တောပု ကျေးလက်ကျန်းမာရေးဌာနနှင့် ၃ မိုင် ၄ ဖာလုံ၊ ဇောမိကုန်း ကျေးလက်ကျန်းမာရေးဌာနနှင့် ၅ မိုင်အကွာတွင်ရှိပါကြောင်း၊ တောပု ကျေးလက်ကျန်းမာရေးဌာနလက်အောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄ ခု ရှိပြီး ကျန်းမာရေးမှူး ၁ ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ ၁ ဦး၊ ကျန်းမာရေးကြီးကြပ်(၂) ၁ ဦးနှင့် သားဖွားဆရာမ ၆ ဦးတို့ဖြင့်လည်းကောင်း၊ ဇောမိကုန်းကျေးလက်ကျန်းမာရေးဌာနတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၆ ခုရှိပြီး ကျန်းမာရေးမှူး ၁ ဦး၊



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အမျိုးသမီးကျန်းမာရေးဆရာမ ၁ ဦး၊ သားဖွားဆရာမ ၇ ဦး၊ ကျန်းမာရေးကြီးကြပ်(၂) ၃ ဦးတို့ဖြင့်လည်းကောင်း ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ကြက်တက်ညောင်ပင်ကျေးရွာ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် အစီအစဉ် မရှိပါကြောင်း၊ အနီးဆုံးရှိ အုတ်တွင်းမြို့နယ်ဆေးရုံသို့ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးအား ကွင်းဆင်းစိစစ်ညှိနှိုင်းစေပြီး လိုအပ်သော ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **ရေးမြို့နယ် ကုလားကုတ်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုလားကုတ်ကျေးလက်ကျန်းမာရေးဌာနခွဲသည် ရေးမြို့နယ် နှစ်ကရင်ကျေးလက်ကျန်းမာရေးဌာနအောက်၌ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ ၁ ခုဖြစ်ပြီး လမိုင်း တိုက်နယ်ဆေးရုံနှင့် ရေမိုင် ၁၀ မိုင်ခန့်အကွာ၌ တည်ရှိပြီး ၁ နာရီမှ ၁ နာရီခွဲခန့်အတွင်း ရောက်ရှိနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ကုလားကုတ်ကျေးရွာအုပ်စုပိုင်နယ်မြေ၌ ကျေးရွာပေါင်း ၄ ရွာ၊ အိမ်ခြေ ၁၀၈၈ အိမ်၊ လူဦးရေ ၅၂၃၈ ဦးရှိပြီး ကုလားကုတ်ကျေးရွာ၌ အကျိုးပြုမည့် လူဦးရေ ဧရိယာနည်းပါးခြင်း၊ မွန်ပြည်နယ်၌ အလားတူ ကျွန်းများ အများအပြားရှိနေခြင်းကြောင့် ကုလားကုတ်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံထားရှိပါက အခြားကျွန်းများကလည်း တိုက်နယ်ဆေးရုံ တောင်းခံလာနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူအုပ်စုများသည့် နေရာများ၊ ကျွန်းများ၌ mobile clinic ပုံစံဖြင့် လုပ်ဆောင်ရန် စဉ်းစားဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ကုလားကုတ်ကျေးရွာ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၏ **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့ မြို့မရပ်ကွက်ရှိ လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင်ပြုပြင်ပေးပြီး မိုးလုံလေလုံအားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မန်တုံမြို့ မြို့မရပ်ကွက်ရှိ အားကစားကွင်းသည် အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် အားကစားကွင်းအဖြစ် ပိုင်ဆိုင်မှုမရှိဘဲ အများပြည်သူပိုင် အားကစားကွင်းအဖြစ် ဒေသခံများက သတ်မှတ်ထားသည့် အားကစားကွင်းမြေနေရာဖြစ်ပါကြောင်း၊ မြို့မရပ်ကွက်ရှိ အများပြည်သူပိုင် အားကစားကွင်း၏ ဧရိယာမှာ ပေ(အလျား ၄၀၀ × အနံ ၂၀၀)ခန့်ရှိပြီး အဆင့်မြင့် စံချိန်မီအားကစားကွင်းတစ်ကွင်း တည်ဆောက်ရန် လိုအပ်သော မြေအကျယ်အဝန်းမှာ ပေ (အလျား ၆၀၀ × အနံ ၄၀၀) ဖြစ်ပါကြောင်း၊ မြို့မရပ်ကွက်ရှိ ပြည်သူပိုင်အားကစားကွင်းသည် အနံ ပေ ၂၀၀ သာရှိသည့်အတွက် ဘောလုံးကွင်းဖောက်လုပ်၍ မရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့်အတိုင်း မြေအကျယ်အဝန်း ၆ ဧကကျော် ရရှိပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန်လိုပါကြောင်း၊ မိမိတို့ဘက်မှလည်း အဆင့်အလိုက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေတို့၏ ကျန်းမာရေး ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက လွှတ်တော်သို့ အဆိုတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည်က လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက လေ့လာစိစစ်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီထားသည်မှာ သင့်မြတ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၌ လွှတ်တော်သက်တမ်း တစ်ခုအတွင်း ရွေးကောက်ပွဲတစ်ကြိမ်ကျင်းပလျှင် မတိုင်မီ ၆ လနှင့် နောက်ပိုင်း ၃ လ စုစုပေါင်း ၉ လထက်ပိုပြီး လုပ်ငန်းဆောင်ရွက်ရခြင်းမရှိသည့်အတွက်ကြောင့် အဆိုပါ ကော်မရှင်အဖွဲ့ဝင်များကို လစဉ်ချီးမြှင့်ငွေပေးအပ်ရာ၌ နိုင်ငံတော်၏ ဘဏ္ဍာငွေများ အမှန်တကယ် ကုန်ကျသင့်သည်သာ ကုန်ကျစေရန်နှင့် နိုင်ငံတော်အတွက် တာဝန်ယူပေးကြသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြု၍ ပြင်ဆင်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်မှ အကြမ်းဖက်ဖြစ်စဉ်နှင့် လက်မည်းကြီးများ၏ ဝါဒဖြန့်တိုက်ပွဲ

သပြေ

**ယခုအခါ ပဋိပက္ခများစွာကို လှုပ်နှိုးနေသော ကမ္ဘာ့ဇာတ်ခုံကြီးများ၏နောက်ကွယ်မှ ဂန္ထဝင်ဇာတ်ညွှန်းဆရာကြီးများဟု တင်စားခေါ်ဝေါ်နိုင်သည့် နိုင်ငံတကာမီဒီယာကြီးများ၏ စွမ်းပကားမှာ ''ဆင်သွားတိုင်း လမ်းဖြစ်သည်'' ဟူ၍ သုံးသပ်မိရင်း ၎င်းတို့၏ အပြုသဘောစွမ်းဆောင်ရည်ကို အသုံးချနိုင်ပါက ငြိမ်းအေးသာယာဝပြောမှုအတွက် ဖန်တီးနိုင်စွမ်းရှိပုံကိုလည်း တွေးတောမိလေသည်။**



နတ်မြစ်တစ်လျှောက် နယ်ခြားစောင့်ရဲကြောင်းရဲတပ်ဖွဲ့ဝင်များ ပိတ်ဆို့ရှင်းလင်းရေး ဆောင်ရွက်နေစဉ်

ပဋိပက္ခများစွာ၏ ပြဿနာအကြောင်းအရင်းကို ရှာဖွေစေ့ငုရင်း ယခုနှစ် အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း နယ်မြေလုံခြုံရေး တာဝန်ယူဆောင်ရွက်ရသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့်ကင်းစခန်းနှစ်ခု စီးနင်းတိုက်ခိုက်ခံရသည့်ဖြစ်စဉ်ကို ဆန်းစစ် မိသည်။

**ရုပ်ဆိုးအကျည်းတန်**

ထိုနေ့က နံနက်အရုဏ်တက်ချိန်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ကင်းစခန်းနှစ်ခုအား အကြမ်းဖက်သမားများက လူအုပ်စုဖွဲ့၊ အင်အားသုံးကာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အလစ်အငိုက်ဝင်ရောက်ပြီး စီးနင်းတိုက်ခိုက်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်ပြီး လက်နက်ခဲယမ်းများကို ယူဆောင်သွားခဲ့ကြသည်။ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးကျဆုံးသကဲ့သို့ လက်နက်၊ ခဲယမ်းများစွာလည်း ဆုံးရှုံးပါရှိသွားခဲ့သည်။

ဖြစ်စဉ်အားသုံးသပ်ပါက ကြိုတင်အချိန်ယူပြင်ဆင်စီမံပြီး အကွက်ချ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကို သိရှိနိုင်သကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်း ထိပါးလိုက်ခြင်းပင်ဖြစ်သည်။

ထိုမျှသာမက အကြမ်းဖက်သမားများ ဆုတ်ခွာရာ လမ်းကြောင်းတစ်လျှောက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်သော လုံခြုံရေးတပ်ဖွဲ့များကိုလည်း အကြမ်းဖက်သမားများက ကျေးရွာများအတွင်း၌ပင် ရွာသားများအသွင်ယူကာ ချုံခိုတိုက်ခိုက်ခြင်းများ ဆက်လက်ပြုလုပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထပ်မံထိခိုက်ကျဆုံးကာ လက်နက်ခဲယမ်းအချို့လည်း ဆုံးရှုံးခဲ့ရပြန်သည်။

**တည်ငြိမ်အေးချမ်းရေး**

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် မောင်တောဒေသ၏ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နေသည်။

အကြမ်းဖက် စီးနင်းတိုက်ခိုက်ခံရမှုဖြစ်စဉ်မှ ဆုံးရှုံးခဲ့ရသည့် လက်နက်ခဲယမ်းများ အကြမ်းဖက်သမားများလက်ဝယ်တွင် ရှိနေသမျှ နယ်မြေတည်ငြိမ်အေးချမ်းမှုကို ထိပါးနိုင်မည့်အရေးမျှော်တွေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ရှင်းလင်းမှုများ ပြုလုပ်နေသည်။ တစ်ဆက်တည်းမှာပင် ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ဖမ်းဆီးရမိသူများ၊ စစ်ဆေးမေးမြန်းချက်နှင့် အခြားသတင်းများအရ ဖော်ထုတ်ဖမ်းဆီးရမိသူများကို အကြမ်းဖက်ဖြစ်စဉ်များ၌ ပါဝင်ပတ်သက်မှု အတိမ်အနက်အလိုက် ဥပဒေနှင့်အညီအရေးယူနိုင်ရန် စိစစ်ဆောင်ရွက်ခြင်းကိုလည်း စနစ်တကျဖြင့် မှတ်တမ်းထား ဆောင်ရွက်နေသည်။

**သတင်းမှန်ထုတ်ပြန်**

မောင်တောဒေသကို စစ်ဆင်ရေးနယ်မြေ သတ်မှတ်ဆောင်ရွက်နေချိန် ကာလအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို နိုင်ငံတော်အစိုးရက အလေးထားပြီး ပွင့်လင်းမြင်သာစွာဖြင့် လျင်မြန်စွာ သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံပိုင်မီဒီယာများအပါအဝင် ပြည်တွင်းမီဒီယာများစွာကလည်း သတင်းမှန်များ အဆက်မပြတ် ဖော်ပြပေးလျက်ရှိနေရာ ပြည်ပမီဒီယာများအနေဖြင့်လည်း ယုံကြည်စိတ်ချရသော သတင်းအခြေအမြစ်များမှ တိကျမှန်ကန်ပြီး စစ်မှန်ခိုင်မာသည့် သတင်းများကို ရယူဖော်ပြလျက် ရှိနေကြသည်။

ထို့ပြင် နိုဝင်ဘာလ ၂ ရက်နှင့် ၃ ရက်နေ့များတွင် နိုင်ငံတော်အစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ တာဝန်ရှိသူများသည် UNDP မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့်အတူ ရခိုင်ပြည်နယ်ရှိ မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များသို့ သွားရောက်ကာ အကြမ်းဖက်သမားများ၏ ကျူးလွန်မှု၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှု၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို မျက်မြင်လေ့လာခွင့် ရရှိကြပြီး ကုလသမဂ္ဂညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၏ ၎င်းခရီးစဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကိုလည်း နိုဝင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

**ပဋိပက္ခ ဂယက်ထ**

မွတ်စလင် အစွန်းရောက်အဖွဲ့အစည်းအချို့ကမူ ၎င်းတို့ လုပ်ကြံဖန်တီးထားသော လူမျိုးစုအမည်ဖြင့် အင်တာနက် လူမှုကွန်ရက်တစ်ခုကို ဖန်တီးပြီး အောက်တိုဘာလ ၉ ရက်နေ့ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်၏ ဥပဒေချိုးဖောက်မှုများကို ဘေးချိတ်ကာ အကြမ်းဖက်သမားများကိုပင် သူရဲကောင်းများသဖွယ် အမွှမ်းတင်၍ ထုတ်လွှင့်ခဲ့သည်။ တစ်ဆက်တည်းမှာပင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေး လုပ်ဆောင်နေမှုအပေါ် ကျေးရွာများတွင် မီးရှို့ဖျက်ဆီးမှု၊ ပစ္စည်းများ လုယက်ယူဆောင်မှု၊ အဓမ္မပြုကျင့်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ အင်အားသုံးဖြိုခွဲမှု၊ အစုလိုက်အပြုံလိုက် လူမျိုးသုဉ်းသတ်ဖြတ်မှုများကျူးလွန်သယောင် စွပ်စွဲမှုမျိုးစုံပြုလုပ်ကာ ဝါဒဖြန့်သတင်းများဖြင့် လုပ်ကြံထုတ်လွှင့်ခြင်းကို စီစဉ် ပြုလုပ်လာသည်။

ထိုသို့ စွပ်စွဲလုပ်ကြံဖန်တီးထားသော သတင်းအတုအယောင်များ၊ အဖြစ်မှန်နှင့် ကွဲလွဲသော သတင်းမှားများကို ဘာသာရေးအသိုင်းအဝိုင်းများကလည်း ထပ်ဆင့်ဖြန့်ဝေမှုနှင့်အတူ နိုင်ငံတကာမီဒီယာများထံ အစီအမံရှိစွာဖြင့် အဆက်မပြတ် ပေးပို့လျက်ရှိကြသည်။ နိုင်ငံတကာ မီဒီယာကြီးများအနေဖြင့်လည်း ထပ်ခါထပ်ခါ ပေးပို့လာသော သတင်းမှားများအပေါ် အခြေခံပြီး တစ်လေသံတည်း ထပ်ဆင့်ထုတ်လွှင့် ဖော်ပြခဲ့ကြရာမှ မောင်တောဒေသတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုနှင့် ဥပဒေချိုးဖောက်ကျူးလွန်မှုများကြောင့် စတင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များမှာ မှုန်ဝါးသွားပြီး လုပ်ကြံပုံဖော်ထားသော သတင်းမှားများ တစ်နည်းအားဖြင့် မုသာဝါဒများက ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့လွှမ်းခြုံသွားလေသည်။

❖ မောင်တောဒေသကို စစ်ဆင်ရေးနယ်မြေ သတ်မှတ်ဆောင်ရွက်နေချိန် ကာလအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံတော်အစိုးရက အလေးထားပြီး ပွင့်လင်းမြင်သာစွာဖြင့် လျင်မြန်စွာ သတင်းထုတ်ပြန်ပေးလျက်ရှိ

❖ နိုင်ငံပိုင်မီဒီယာများအပါအဝင် ပြည်တွင်းမီဒီယာများစွာကလည်း သတင်းမှန်များ အဆက်မပြတ် ဖော်ပြပေးလျက်ရှိနေရာ ပြည်ပမီဒီယာများအနေဖြင့်လည်း ယုံကြည်စိတ်ချရသော သတင်းအခြေအမြစ်များမှ တိကျမှန်ကန်ပြီး စစ်မှန်ခိုင်မာသည့် သတင်းများကို ရယူဖော်ပြလျက်ရှိနေ

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လူမျိုးရေး/ ဘာသာရေး ခွဲခြားဖိနှိပ်မှု၊ လူမျိုးသုဉ်းသတ်ဖြတ်မှု (Genocide)၊ လူမျိုးရေးသန့်စင်မှု(Ethnic Cleansing) စသည့် ပုံကြီးချဲ့သတင်းများ ထွက်ပေါ်လာမှုနှင့်အတူ နောက်ကွယ်မှ လက်မည်းကြီးများကလည်း ထပ်ဆင့်လှုံ့ဆော်ကြပြန်ရာ နားယောင်သူအချို့မှာ မခံမရပ်နိုင်ဖြစ်ကာ နိုင်ငံအချို့တွင် ဆန္ဒပြပွဲများပြုလုပ်ခြင်း၊ ပြည်ပရှိ လူနည်းစု မြန်မာနိုင်ငံသားများ ခြိမ်းခြောက်ခံရခြင်း စသည်ဖြင့် ပဋိပက္ခမျိုးစုံကို ဂယက်ထ ဆူပွက်စေခဲ့သည်။

ထို့အတူ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံအချို့မှ တာဝန်ရှိသူများကလည်း သံယောင်လိုက်ပြီး လူသားချင်း စာနာထောက်ထားမှုပြကာ ပဏ္ဏာသူခြင်း၊ စွက်ဖက်ခြင်း၊ ဖိအားပေးခြင်းများဖြင့် “ပွဲလန့်တုန်း ဖျာခင်းဆိုသကဲ့သို့” ပွဲဆူအောင် တွန်းပို့ကြလေသည်။

**အမှန်တရားဖြင့်တုံ့ပြန်**

နိုင်ငံတကာ မီဒီယာကြီးများ၏ အခြေအနေမှန်ကို မျက်ကွယ်ပြုပြီး သတင်းအတု၊ အယောင်၊ အမှားဖြင့် ရောထွေးထိုးနှက်လာသော ဝါဒဖြန့်သတင်းများအပေါ် အမှန်တရားဖြင့်သာ တုံ့ပြန်ရမည်ဖြစ်ပါ၏။ အရေးပေါ်သတင်းထုတ်ပြန်ရေးအဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ပြီး နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ မြေပြင်သတင်းများ ထုတ်ပြန်ပေးလျက်ရှိသည်။

“ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၂၃၀ ခန့် ရှိပါတယ်။ ရွာသားတွေ နေရပ်စွန့်ခွာသွားတယ်ဆိုတာကလည်း အခြေအနေမှန်ကို နားမလည်ဘဲ စိုးရိမ်ထိတ်လန့်စိတ်နဲ့ သွားကြတာပါ။ အခုတော့ ရွာမှာ ပြန်လည်ဝင်ရောက်နေထိုင်ကြပြီ ဖြစ်ပါတယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေက အဓမ္မပြုကျင့်တာ မရှိပါဘူး။ ပေါ်တာဆွဲတာလည်း မရှိပါဘူး။ ကြားလည်း မကြားမိပါဘူး။ ကျွန်တော်တို့အနေနဲ့ အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်”ဟု၍ မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာမှ ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးနူဟူစိန်က နိုဝင်ဘာလ ၆ ရက်နေ့တွင် ၎င်းကျေးရွာ၌ သတင်းအဖွဲ့နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့မှုကို သတင်းထုတ်ပြန်ပေးခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေး ဆောင်ရွက်မှုအပေါ် မုဒိမ်းမှုကျူးလွန်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားကျူးလွန်ခြင်း စသည့် ကောလာဟလ စွပ်စွဲချက်များမှာ လုပ်ကြံမှုသက်သက်သာဖြစ်ကြောင်း ၎င်းကျေးရွာများသို့ နိုဝင်ဘာလ ၆ ရက်နေ့က သတင်းအဖွဲ့သွားရောက်တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး သတင်းများ ထုတ်ပြန်ခဲ့သည်။

ကောလာဟလ စွပ်စွဲချက်များနှင့် ပတ်သက်၍ ငါးစာကြူးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမာမက်ဆော်လင် ပြောလိုက်ပုံက-

“အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုမှာ ပါဝင်ပတ်သက်တဲ့သူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ရှာဖွေဖော်ထုတ်ဖမ်းဆီးတာကို အထင်အမြင်လွဲပြီး ရွာသူရွာသားတွေက တိမ်းရှောင်သွားခဲ့တာ ဖြစ်ပါတယ်။ ဒီလို နယ်မြေလုံခြုံတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေတဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့နဲ့ တပ်မတော်သားတွေက အဓမ္မပြုကျင့်မှုတွေ ဖြစ်ခဲ့တယ်ဆိုတာ မဟုတ်ပါဘူး။ ပေါ်တာဆွဲတာလည်း အခုအချိန်အထိ မရှိပါဘူး။ မီးရှို့တာလည်း မရှိပါဘူး။ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်တွေကြောင့်သာ ကျေးရွာနေပြည်သူတွေ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်ခဲ့ကြတာပါ” ဟု၏။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြစ်မဲ့ရွာသားများကို ပစ်ခတ်သတ်ဖြတ်ခြင်းများ မရှိကြောင်း၊ ပါဝင်ပတ်သက်နေသူများသာ ထွက်ပြေးတိမ်းရှောင်နေခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ လှုံ့ဆော်မှုကြောင့် ရွာသားအချို့မှာ နားယောင်ပြီး တိမ်းရှောင်မှု တွင် ပါဝင်နိုင်ကြောင်း၊ သို့သော်လည်း ယခုအခါ ပြန်လည်ရောက်ရှိနေထိုင်ကြပြီ ဖြစ်ကြောင်း၊ ကျေးရွာအများစုတွင်မူ ရွာသားများမှာ ထွက်ပြေးခြင်းမရှိကြဘဲ နေထိုင်လျက်ရှိကြောင်းလည်း မြေပြင်သတင်းများ ရယူထုတ်ပြန်နိုင်ခဲ့သည်။

“အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားတဲ့ ည ၈ နာရီခွဲအချိန်က အဲဒီဈေးဆိုင်ခန်းတွေ မီးလောင်မှုဖြစ်ပွားခဲ့တာပါ။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တွေ၊ ဒေသခံတိုင်းရင်းသား တွေဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့တာ ဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မီးရှို့တာ၊ အဓမ္မ ပြုကျင့်တာ၊ ပေါ်တာဆွဲတာတွေ မရှိပါဘူး။ ငါးခူရကျေးရွာမှာ ခေတ်အဆက်ဆက်မှာ ဒေသခံတိုင်းရင်းသားတွေနဲ့ ဘာသာခြားတွေ အတူတကွနေထိုင်ခဲ့ကြတာပါ။ အကြမ်းဖက်မှုတွေ မရှိခဲ့ပါဘူး”ဟူ၍ ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူး ဦးဂျော်ဂျီအောင်က နိုဝင်ဘာလ ၆ ရက်နေ့တွင် ၎င်းရွာ၌ သတင်းအဖွဲ့နှင့်တွေ့ဆုံပြီး အလေးထားပြောကြားခဲ့သည်ကိုလည်း သတင်းထုတ်ပြန်ခဲ့ပါသည်။

မောင်တောမြို့နယ် မြောက်ပိုင်းရှိ ဝါးပိတ်၊ ကြက်ရိုးပြင်နှင့် ဒါကြီးစားကျေးရွာများတွင် မီးလောင်ပျက်စီးမှုများရှိခဲ့ပြီး ၎င်းဖြစ်စဉ်များတွင် မီးရှို့ထွက်ပြေးသူများရှိကြောင်း နိုဝင်ဘာလ ၂၄ ရက်နေ့က သတင်းထုတ်ပြန်ပြီး ဖြစ်သကဲ့သို့ မီးလောင်သည့် အိမ်ခြေစာရင်းအား HRW ၏ စွပ်စွဲချက်နှင့် မြေပြင်စစ်ဆေးမှု ကွာခြားချက်များနှင့် နှိုင်းယှဉ်ပြီးလည်း နိုဝင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ရှင်းလင်းပြောကြားခဲ့သည်။

ငါးခူးရကျေးရွာမှ ဒေသခံတိုင်းရင်းသား ဦးလှမောင်သိန်း ပြောလိုက်ပုံက “ကျေးရွာမှာရှိတဲ့ ဆိုင်ခန်းခြောက်ခန်းကို မီးမရှို့ခင်မှာ သူတို့က ဆိုင်အတွင်းမှာရှိတဲ့ ပစ္စည်းတွေ ရွှေ့ပြောင်းပြီးမှ မီးရှို့ခဲ့တာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ လူနေအိမ်တွေ မရှို့ပါဘူး။ အိမ်ကောင်းကိုလည်း သူတို့ မီးမရှို့ပါဘူး”ဟု၏။

မောင်တောခရိုင်အတွင်း အောက်တိုဘာလ ၉ ရက်နေ့ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုနှင့် နောက်ဆက်တွဲ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များမှ ပါဝင်ပတ်သက်နိုင်သူများအနက် မသက်သာသူ ၅၂၈ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းအနက် တရားရုံးပြီးပြတ်၍ ပြစ်ဒဏ်ချမှတ်သူ ၄၈ ဦး၊ ပြန်လည်စေလွှတ်သူ ကိုးဦး၊ တရားရုံးအာမခံပေးသူ တစ်ဦးနှင့် သေဆုံးသူ လေးဦးရှိကြောင်း ဒီဇင်ဘာလ ၁ ရက်နေ့က သတင်းထုတ်ပြန်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေသည်။

ထိုသို့ ဖမ်းဆီးထားသူများအနက်မှ“မာမွတ်ကာစီ”ဆိုသူမှ ၎င်းနှင့်လေးဦးတို့သည် နိုဝင်ဘာလ ၁၁ ရက်နေ့က မောင်နှမ(တောင်)ရွာအဝင် ဘောလီတံတားအမှတ်(၃၈)အနီးတွင် မိုင်းတစ်လုံးမြှုပ်နှံခဲ့ပြီး ဖောက်ခွဲရမည့်သံကြိုးအား လယ်ကွင်းပြင်၌ ထားခဲ့ကြောင်း၊ နိုဝင်ဘာလ ၁၂ ရက်နေ့နံနက်ပိုင်းတွင် ၎င်းနှင့် အခြားတစ်ဦး ပူးပေါင်းပြီး လယ်ကွင်းမှ စောင့်ဆိုင်းကာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် ကားသုံးစီးဖြတ်သန်းစဉ် သံကြိုးအားဆွဲ၍ မိုင်းခွဲခဲ့ရာ ယာဉ်တစ်စီးပျက်စီးသွားကြောင်း ဝန်ခံထွက်ဆိုခဲ့မှုကိုလည်း နိုဝင်ဘာလ ၂၂ ရက်နေ့က သတင်းထုတ်ပြန်ထားပါသည်။

**အထောက်အကူဖြစ်နိုင်**

အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းက အမှတ်(၁)နယ်ခြားစောင့် ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ငါးခူရရဲစခန်း၊ ကိုးတန်ကောက်ရဲစခန်းများကို အကြမ်းဖက်သမားများက အင်အားသုံးကာ အလစ်အငိုက်ရယူပြီး စီးနင်းတိုက်ခိုက်ခဲ့သည့် အနေအထားများကိုလည်း သတင်းအဖွဲ့မှ ကွင်းဆင်းပြီး မှတ်တမ်းရယူခဲ့ရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် နိုင်ငံတော်အဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တို့အတွက် အကျိုးရှိမည်ဖြစ်သည်။

ထို့ပြင် တောင်ပြိုလက်ဝဲမြို့ရှိ နှစ်နိုင်ငံ နယ်စပ်တံတားအနီးမှ တုံးချောင်းဝအထိ နယ်စပ်ခြံစည်းရိုးများ ကာရံထားပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ကင်းစခန်းများအပြင် လှည့်ကင်းများဖြင့် လှုပ်ရှားစိုးမိုးနေမှု၊ နတ်မြစ်ကြောင်းတစ်လျှောက်တွင် နယ်ခြားစောင့် ရေကြောင်းရဲတပ်ဖွဲ့မှ ရေယာဉ်များဖြင့် လုံခြုံရေးဆောင်ရွက်နေမှုများကိုလည်း သတင်းအဖွဲ့က ကွင်းဆင်းပြီး မှတ်တမ်းများ ရိုက်ကူးခဲ့ရာ ဖွဲ့စည်းထားသော ကော်မရှင်များအတွက် သုံးသပ်ချက်များ ပြုလုပ်ရာတွင် အထောက်အကူရရှိပေမည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်အား စစ်ဆင်ရေးနယ်မြေ သတ်မှတ်ထားရှိပြီး နယ်မြေရှင်းလင်းရေးဆောင်ရွက်နေချိန် ဖြစ်သော်လည်း ပြည်တွင်း/ ပြည်ပ မီဒီယာများ စုဖွဲ့စေလွှတ်၍ သတင်းရယူနိုင်ရန် စီမံပေးနိုင်ခြင်းဖြင့် ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာအဖွဲ့များ၏ ကိုယ်တိုင်မြင်တွေ့ သတင်းယူနိုင်ခွင့်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်သည်။

ထို့ကြောင့် အရေးပေါ် သတင်းထုတ်ပြန်ရေးအဖွဲ့ သွားရောက်ခဲ့မှုအပေါ် အခြေခံပြီး ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာအဖွဲ့များ စုဖွဲ့သွားရောက် သတင်းရယူနိုင်ရေးအတွက် ခရီးစဉ်နေရာ လုံခြုံရေး၊ ခရီးစဉ်လမ်းကြောင်း လုံခြုံရေးနှင့် ယာဉ်တန်းလုံခြုံရေးကိစ္စရပ်များအပြင် အုပ်ချုပ်မှုကိစ္စရပ်များ လိုအပ်မှုအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိနေသည်။

**သံသယပျောက်ပါစေ**

လူမှုကွန်ရက် စာမျက်နှာများပေါ်မှ ရည်ရွယ်ချက်ရှိစွာဖြင့် လွှင့်တင်လိုက်သော သတင်းလိမ်၊ သတင်းယောင်၊ သတင်းမှားများကို နိုင်ငံတကာမီဒီယာကြီးများက လွယ်ကူစွာ ရယူအသုံးပြုခဲ့ခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်သကဲ့သို့ စဉ်းစားရလည်း ခက်လှသည်။

ထိုသို့ ထုတ်လွှင့်ဖော်ပြမှုများကြောင့် ကြီးမားသော အကျိုးသက်ရောက်မှုများ ဆင့်ပွားဖြစ်ပေါ်စေသကဲ့သို့ ယင်းသို့ လုပ်ဆောင်မှုမှာလည်း မီဒီယာကြီးများ၏ ဂုဏ်ဒြပ်နှင့် မည်သို့မျှ သင့်လျော်မှုမရှိပေ။

နိုင်ငံတကာမီဒီယာကြီးများသည် သတင်းမှန်ရရှိရေးအတွက် မီဒီယာကျင့်ဝတ်များနှင့် အညီ စိစစ်မှုကို အားထုတ်လုပ်ဆောင်သင့်လှသည်။ မိမိတို့၏ သတင်းထောက်များအပေါ် ဘေးပယောဂဆိုသည့် လောင်းရိပ်များ မကျရောက်စေရန်၊ စွက်ဖက်မှုများ ကင်းဝေးစေရန်နှင့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်တတ်စေရန် အမြဲမပြတ် စိစစ်သင့်ပါသည်။ တစ်ဆက်တည်းတွင် မီဒီယာကြီးများ၏ ဩဇာအရှိန်အဝါကို တလွဲအသုံးချခံရမှု မရှိစေရန်အတွက်လည်း သတိပြုသင့်ကြပေသည်။

အများပြည်သူအကျိုးကို ဦးထိပ်ပန်ဆင်သော နိုင်ငံတကာမီဒီယာကြီးများအတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ “ရိုးသားဖြောင့်မတ်မှု”ပင်ဖြစ်ပြီး စစ်မှန်တိကျသော၊ ခိုင်လုံသော သတင်းမှန်များကိုသာ မီဒီယာကျင့်ဝတ်များနှင့်အညီ စိစစ်၍ ထုတ်လွှင့်ဖော်ပြသင့်ပေသည်။ ပြဿနာများကို ပိုမိုမကြီးထွားစေဘဲ အကျိုးတရားများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက်သာ ရည်ရွယ်လုပ်ဆောင်သင့်သည်ဟုလည်း ရှုမြင်ပါသည်။

သံသယကဲ့သို့သော မြူနှင်းများကျဆင်းနေချိန်တွင် မြင်ကွင်းတစ်ခုလုံး မှုန်ဝါးနေသော်လည်း အမှန်တရားကဲ့သို့သော နေမင်း၏ လင်းရောင်ခြည် ထွက်ပေါ်လာချိန်တွင် ထိုမြူမှုန်များ လွင့်စဉ်ပျက်ပြယ်သွားသကဲ့သို့ပင်၊ ယနေ့ ရခိုင်ပြည်နယ် မောင်တောဒေသ၏ အနေအထားမှာလည်း သတင်းမှားများကြောင့် သံသယအကျိုးဆက်များ ဖြစ်ပွားနေခြင်းအပေါ် နိုင်ငံတကာ မီဒီယာကြီးများက ကျင့်ဝတ်နှင့်အညီ သတင်းမှန်များ ထုတ်လွှင့်၍ အမှန်တရားကို ဖော်ထုတ်ပေးခြင်းဖြင့် လောကပါလတရားများဖြစ်ထွန်းပြီး အကျိုးကျေးဇူးများ ရရှိခံစားနိုင်သည်ကို တွေးတောမိရင်း “ရခိုင်ပြည်နယ်မှ အကြမ်းဖက်ဖြစ်စဉ်နှင့် လက်မည်းကြီးများ၏ ဝါဒဖြန့်တိုက်ပွဲ”ဟု သုံးသပ်တင်ပြလိုက်ရပါသည်။



**ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ ရောက်ရှိလာရာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဤသို့ သယ်ယူပေးခဲ့သည်။**

# ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်နှင့် အသိပေးတိုင်ကြားခြင်းများပြုလုပ်နိုင်ကြောင်း ထုတ်ပြန်ခြင်း

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ခွဲဝေရရှိသော ဘဏ္ဍာငွေများကို အကျိုးရှိပြီး ထိရောက်စွာ အသုံးပြုရေးနှင့် အလေအလွင့်အနည်းဆုံးဖြစ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းများကိုလည်း ပြည်သူလူထုအကျိုးကို ဦးထိပ်ထား၍ ထင်သာမြင်သာရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ အကြံပြုချက်များ၊ အသိပေးတိုင်ကြားစာများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းအတွင်းရှိ email– minister_room@mohs.gov.mm သို့ဖြစ်စေ၊ ဖက်စ်အမှတ်-၀၆၇-၄၁၁၁၈၉ သို့ဖြစ်စေ၊ (၂၄)နာရီပတ်လုံး ဖုန်းဖွင့်ထားသည်ဖြစ်၍ ပေးပို့နိုင်ပါသည်။

၃။ ထိုသို့ပေးပို့ရာတွင် -

(က) အကြံပြုသူ၊ တိုင်တန်းသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဆက်သွယ်ရန်ဖုန်း/လက်ကိုင်ဖုန်း/ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြပေးပါရန်)၊

(ခ) အကြံပြုသူ၊ တိုင်တန်းသူသည် ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ မမှန်မကန်လုပ်ဆောင်မှု၊ အဂတိလိုက်စားမှုများကို အထောက်အထားအချက်အလက်များဖြင့် ပူးတွဲလျက် ပြည့်စုံစွာဖော်ပြပေးပါရန်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခြင်း၊ တိုင်ကြားခြင်းများနှင့် ပတ်သက်၍ ပေါက်ကြားခြင်းလုံးဝ(လုံးဝ)မရှိစေရန် စီစဉ်ထားပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပဋိပက္ခဖြစ်သည့်နေရာ သတင်းသမားတွေ သတင်းယူခွင့်ရခဲ့ရင် ကောလာဟလတွေ လျော့ပါးသွားမည် ထင်သာမြင်သာရှိခြင်းက ကောလာဟလတွေကို ရှင်းလင်းနိုင်သည့် အားကောင်းသော နည်းလမ်းဖြစ်

*✻ ကျော်ဖုံးမှ*

အကြံပေးကော်မရှင်၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

**အကြံပြုချက်များ တင်ပြရန်**

ထို့အပြင် မစ္စတာ ကိုဖီအာနန်က နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ကော်မရှင်၏ လုပ်ငန်းတာဝန်သည် ရခိုင်ပြည်နယ်၌ ပြန်လည်သင့်မြတ်ရေးကို အားပေးမြှင့်တင်နိုင်ရန်၊ ဒေသခံအဖွဲ့အစည်းများ အားကောင်းစေရန်၊ ဖွံ့ဖြိုးမှုတိုးတက်ရရှိစေရန်၊ ပဋိပက္ခများကို ဖြေရှင်းရန်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပေးနိုင်ရေးကို မည်ကဲ့သို့ အားပေးမြှင့်တင်နိုင်မည်ဆိုသည့် နည်းလမ်းများကို နိုင်ငံတော်အစိုးရထံ အကြံပြုချက်များ တင်ပြပေးရန်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကိုကြည့်ပါက ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အဆောတလျင်ချက်ချင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် နယ်မြေများ၊ တည်ငြိမ်အေးချမ်းမှု မပျက်ပြားသည့် နယ်မြေများကို လွန်ခဲ့သည့် ရက်အနည်းငယ်က သွားရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားသည်ဆိုသည့် သတင်းများ ထွက်ပေါ်လာခြင်းကြောင့် အထူးစိုးရိမ်ပူပန်မှုရှိပါကြောင်း မစ္စတာ ကိုဖီအာနန်က ပြောကြားသည်။

ထံ လူသားချင်းစာနာထောက်ထားရေး အကူအညီများကို အဟန့်အတားမဖြစ်စေရန်လည်း အလေးအနက် ပြောကြားခဲ့ပါကြောင်း၊ လူသားချင်းစာနာရေး လုပ်ငန်းအကူအညီများကို ခွင့်ပြုပေးထားကြောင်း မိမိတို့ကို အာမခံပြောပြထားပါကြောင်း၊ အကူအညီ လိုအပ်နေသည့် အသိုက်အဝန်းများအားလုံး လိုအပ်သည့် အကူအညီကို ရရှိကြလိမ့်မည်ဟု မျှော်လင့် ယုံကြည်ပါကြောင်း၊ လူငယ်မျိုးဆက်သစ်များနှင့် တွေ့ဆုံရာတွင် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်ကြောင့် စိတ်အားတက်မိပါကြောင်း၊ ရခိုင်ပြည်နယ်၌ရှိသည့် အသိုက်အဝန်းအားလုံး၊ အသက်အရွယ်အားလုံးတို့၏ လိုအပ်ချက်များ စိုးရိမ်ပူပန်မှုများ သိရှိနိုင်ရေး နားထောင်ရန်နှင့်အားလုံး၏ အသံကို ကိုယ်စားပြုနိုင်ရန် မိမိတို့ရှိနေပါကြောင်း ပြောကြားသည်။

**စဉ်းစားဖို့လို**

ထို့နောက် ရခိုင်အရေးနှင့်ပတ်သက်၍ မလေးရှားဝန်ကြီးချုပ်က ဦးဆောင် ဆန္ဒပြမှုကိစ္စနှင့်ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်က "မလေးရှား ဝန်ကြီးချုပ်တင် မဟုတ်ပါဘူး၊ လူတိုင်းက လွတ်လပ်စွာ ပြောပိုင်ခွင့်ရှိပါတယ်။ လွတ်လပ်စွာ သဘောထားကွဲနိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့်လည်း သံရေးတမန်ရေး ရှုထောင့်ကနေ နိုင်ငံ့အကြီးအကဲတစ်ယောက်အနေနဲ့ ဒါဟာလုပ်သင့်လား မလုပ်သင့်လား စဉ်းစားဖို့လိုပါတယ်။ မိမိပေးချင်တဲ့အကြောင်းအရာကို မိမိဟာ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပေးပိုင်ခွင့် ရှိတယ်ဆိုတာကို ကျွန်တော်တို့ ဘာမှအငြင်းမပွားလိုပါဘူး။ အထူးသဖြင့် အာဆီယံနိုင်ငံဆိုတာဟာ ကျွန်တော်တို့နဲ့ အိမ်နီးချင်းနိုင်ငံ မိသားစုအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့အတွက် အဲဒီလို မိသားစုအချင်းချင်း ပြောစရာဆိုစရာရှိရင်

> ' လူတိုင်းက လွတ်လပ်စွာ ပြောပိုင်ခွင့်ရှိပါတယ်။ လွတ်လပ်စွာ သဘောထားကွဲနိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့်လည်း သံရေး တမန်ရေး ရှုထောင့်ကနေ နိုင်ငံ့အကြီးအကဲတစ်ယောက်အနေနဲ့ ဒါဟာလုပ်သင့်လား မလုပ်သင့်လား စဉ်းစားဖို့လိုပါတယ်။ မိမိပေးချင်တဲ့အကြောင်းအရာကို မိမိဟာ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပေးပိုင်ခွင့်ရှိတယ်ဆိုတာကို ကျွန်တော်တို့ ဘာမှအငြင်းမပွားလိုပါဘူး။ အထူးသဖြင့် အာဆီယံနိုင်ငံဆိုတာဟာ ကျွန်တော်တို့နဲ့ အိမ်နီးချင်းနိုင်ငံ မိသားစုအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့အတွက် အဲဒီလို မိသားစုအချင်းချင်း ပြောစရာဆိုစရာရှိရင် ဘယ်လိုယဉ်ကျေးမှုဓလေ့နဲ့ ပြောရမယ်ဆိုတာမျိုးကတော့ ရှိသင့်တယ် '

ဘယ်လိုယဉ်ကျေးမှုဓလေ့နဲ့ပြောရမယ်ဆိုတာမျိုးကတော့ ရှိသင့်တယ်လို့ ခံယူပါတယ်၊ ကော်မရှင်အနေနဲ့ သူ့ရဲ့ပြောကြားချက်အပေါ်မှာ ဘယ်လိုသက်ရောက်သလဲဆိုတော့ မိမိတို့ကော်မရှင်ဟာ အကြံပေးဖို့အတွက် အချက်အလက်တွေကို စုဆောင်းနေတာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာက ရခိုင်အရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုရှုမြင် သုံးသပ်လဲ ဆိုတာကို မိမိတို့ အမြဲတမ်း နားထောင်နေပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံကို အာဆီယံ အဝန်းအဝိုင်းထဲကို ထည့်ပေးခဲ့တဲ့ မလေးရှားနိုင်ငံရဲ့ ခေါင်းဆောင်တစ်ယောက်ဟာ ဒီလိုတုံ့ပြန်တယ်ဆိုတာတော့ မှတ်သားထားပါတယ်"ဟု ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**အာမခံပြောပြထား**

ထို့အတူ မစ္စတာ ကိုဖီအာနန်က လုံခြုံရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည့်နေရာတိုင်း၌ အရပ်သားများကို အမြဲတစေအကာအကွယ်ပေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးအဖွဲ့များကိုလည်း တရားဥပဒေစိုးမိုးရေးကို အပြည့်အဝ လိုက်နာပြီး လုပ်ငန်းဆောင်ရွက်ကြရန် တိုက်တွန်းထားပါကြောင်း၊ လုံခြုံရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်းကြောင့် ပြည်သူလူထု



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပရာ ပြည်တွင်း ပြည်ပ သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားစဉ်

**သတင်းယူခွင့်ရခဲ့ရင်**

ဆက်လက်၍ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအတွင်း သတင်းမီဒီယာများ သွားရောက်သတင်းရယူရေးကိစ္စနှင့် စပ်လျဉ်း၍ "ပဋိပက္ခဖြစ်တဲ့နေရာကို သွားရောက်ခွင့်ရခဲ့ပါတယ်။ ဆွေးနွေးမှုတွေလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ စစ်ရေးပိုင်းက အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ရခိုင်ပြည်နယ်ရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ အရေးကြီးပါတယ်။ သို့သော်လည်းပဲ အရပ်ဘက်ပြည်သူလူထုရဲ့ အကာအကွယ်အခွင့်အရေးတွေကို ကာကွယ်ပေးဖို့ သတိပြုဆောင်ရွက်ဖို့ လိုမှာဖြစ်ပါတယ်၊ ဒီကိစ္စတွေကို အငြင်းပွား အချေအတင်ပြောကြတာကြာပါပြီ။ တချို့အစိုးရတွေက အကြမ်းဖက်မှုနဲ့ပတ်သက်လာရင်၊ အကြမ်းဖက်မှုတိုက်ဖျက်ဖို့ဆိုရင် အရပ်ဘက်လွတ်လပ်ခွင့်တွေကို လျှော့တန်လျှော့၊ ဖြတ်တောက်တန် ဖြတ်တောက်လုပ်ရမယ်။ ဆိုင်းငံ့သင့်ရင် ဆိုင်းငံ့ရမယ်၊ လုံခြုံရေး အဓိကသာ လုပ်ရမယ်ဆိုပြီး ဆိုတာတွေရှိတယ်။ ကျွန်တော့်အနေနဲ့ ထင်တာက အရပ်ဘက်လွတ်လပ်ခွင့်၊ ပြည်သူလူထုလွတ်လပ်ခွင့်၊ လူ့အခွင့်အရေးဒါတွေကို လုံခြုံရေးအတွက်စွန့်လွှတ်လိုက်ရင် နောက်ဆုံးမှာ တကယ်ရော လုံခြုံရေးရသွားမှာလားဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဒီနယ်မြေမှာ သတင်းသမားတွေ သွားရောက်သတင်းယူခွင့်ရခဲ့ရင်တော့ ကောလာဟလတွေ လျော့ပါးသွားမှာ ဖြစ်ပါတယ်။ ထင်သာမြင်သာရှိခြင်းဟာ ကောလာဟလတွေကို ရှင်းလင်းနိုင်တဲ့၊ အားကောင်းတဲ့ နည်းလမ်းတစ်ရပ်ဖြစ်ပါတယ်လို့ တာဝန်ရှိသူတွေနဲ့လည်း ဆွေးနွေးခဲ့ပါတယ်"ဟု မစ္စတာ ကိုဖီအာနန်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**ပြန်လည်သင့်မြတ်ရန်**

ယင်းနောက် မိမိတို့၏လုပ်ငန်းတာဝန်သည် စုံစမ်းစစ်ဆေးရန် မဟုတ်ကြောင်း၊ သို့သော် ဒေသကို ရောက်သည့်အချိန်တွင် နှစ်ဖက်လူမှုအသိုင်းအဝိုင်းကြား၌ ပြင်းထန်မှုရှိသည်ဆိုသည်ကို ခံစားရကြောင်း၊ အဆိုပါ အသိုက်အဝန်းနှစ်ခု ပြန်လည်သင့်မြတ်ရန် အချင်းချင်းပြောဆိုမှုများ၊ ဆွေးနွေးမှုများ ပြုလုပ်ရန် လိုကြောင်း၊ နယ်မြေတည်ငြိမ်သွားမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအခြေအနေကြောင့် အာဆီယံ၌ မတည်ငြိမ်မှုများဆီသို့ ဦးတည်ပြီး မသွားနိုင်ဘူးဟု မိမိတို့ မျှော်လင့်ကြောင်း၊ ယင်းအခြေအနေကို ထိန်းချုပ်နိုင်ပြီး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ နယ်စပ်ဖြတ်ကျော်မှုနှင့် နယ်စပ်ထိန်းချုပ်မှု အပိုင်းများတွင် အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ယနေ့သတင်းစာ ရှင်းလင်းပွဲသည် ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ သွားရောက်ခဲ့သည့် ရခိုင်ပြည်နယ်ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲဖြစ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲလည်း ဖြစ်သည်။

# မောင်တောကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေး




**မောင်တော ဒီဇင်ဘာ ၆**

မောင်တောခရိုင်အတွင်း ကျေးလက်ဒေသနေ လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဦးစီးဌာနရဲ့မူဝါဒနဲ့ ရည်မှန်းချက်တွေနဲ့အညီ ကျေးလက်ဒေသနေပြည်သူတွေ လူနေမှုအဆင့်အတန်းမြင့်မားဖို့၊ ကျေးလက်ဒေသနေ လူငယ်လူရွယ်တွေ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့အညီ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပါတယ်"ဟု မောင်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ပြောကြားသည်။

မောင်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုး၊ ပန်းထိုး၊ အိတ်ထိုး၊ ဖိနပ်ထိုးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မောင်တောမြို့အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။ ယင်းသင်တန်းသို့ မောင်တောမြို့နယ်အတွင်း ကျေးလက်ဒေသများမှ သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အလားတူအသက်မွေးဝမ်းကျောင်းသင်တန်းများကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ယမန်နှစ်က လက်သမားနှင့် ပန်းရန်သင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဇာထိုး၊ ပန်းထိုးသင်တန်းအပြင် မကြာမီ ဆိုင်ကယ်ပြင်သင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းအသီးသီးတွင် တက်ရောက်ပြီးသူများကို မိမိတို့ရပ်ရွာဒေသများ၌ လုပ်ငန်းများ လုပ်ဆောင်သည့်အခါ အခက်အခဲမရှိစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှချေးငွေများလည်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-အေဝမ်းစိုး**

# လယ်လုပ်သော်လည်း လှည်းမရှိသည့် ဒေသ

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ - အေဝမ်းစိုး

**နေ့လယ်ခင်း နေပူရှိန်ခပ်ပြင်းပြင်းအောက်၌ ကောက်ရိုးထုံးနှစ်ထုံးကို တစ်ဖက်တစ်ချက်လျှိုထမ်းကာ ရိတ်သိမ်းပြီးလယ်ကွင်းများကို ဖြတ်ကျော်၍ ဦးမောင်သန်းလှိုင်သည် ရွာဆီသို့ ခပ်သွက်သွက်ခြေလှမ်းများဖြင့် ဦးတည်သွားနေသည်။**

ဦးမောင်သန်းလှိုင်သည် မောင်တောမြို့တောင်ပိုင်း သရီကုန်းဘောင်ရွာမှ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦးဖြစ်သည်။ အသက် ၃၈ နှစ်ရှိ ဦးမောင်သန်းလှိုင်သည် လယ်သုံးဧကပိုင်ဆိုင်သော်လည်း လှည်းမရှိသည့် လယ်သမားတစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ် ဒေသအသီးသီးရှိ လယ်ယာလုပ်ငန်းခွင်များ၌ ကျွဲ၊ နွား၊ လယ်ထွန်စက်တို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ရိတ်သိမ်းထားသည့် ကောက်လှိုင်းများကိုလည်း လှည်းများဖြင့် တလင်းသို့ သယ်ဆောင်လေ့ရှိကြသည်။ ရခိုင်ပြည်နယ် မောင်တောဒေသတွင်းမှ လယ်ယာလုပ်ငန်းခွင်၌ ကျွဲ၊ နွားတို့ဖြင့် ထွန်ယက်စိုက်ပျိုးကြသော်လည်း လှည်းကို အသုံးပြုလေ့မရှိကြပေ။ လယ်တောသို့သွားသည့် လှည်းလမ်းလည်း မရှိ၊ တစ်ရွာနှင့်တစ်ရွာ ကူးလူးသွားလာသည့် လှည်းလမ်းလည်း မရှိသကဲ့သို့ လှည်းအသုံးမပြုကြသည့်အတွက် လှည်းလမ်းကြောင်းကိုပင် တွေ့ရမည်မဟုတ်ပေ။

"ရိတ်ပြီးသား စပါးပင်တွေကို အထမ်းနဲ့သယ်နေတာ ငါးခေါက်ရှိပြီ။ လယ်ကွင်းကလည်း ရွာနဲ့ သိပ်မဝေးပါဘူး"ဟု မျက်နှာတွင် စီးကျနေသည့် ချွေးများကို လက်ဖြင့် ဖယ်ရှားရင်း ဦးမောင်သန်းလှိုင်က ပြောကြားသည်။

**ကိုယ်တိုင်ရိတ်သိမ်း**

လယ်သုံးဧကကို စပါးတင်း ၂၀၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လယ်များ ထွန်ယက်စိုက်ပျိုးရန်အတွက် နွားပိုင်ရှင်၊ ကျွဲပိုင်ရှင်များထံမှ ငှားရမ်းထွန်ယက်ပြီး ယခုကဲ့သို့ ရိတ်သိမ်းသည့်အခါတွင်မူ ကိုယ်တိုင်ရိတ်သိမ်းပြီး တလင်းသို့ ကိုယ်တိုင်ပင် အထမ်းဖြင့် သယ်ဆောင်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မောင်တောဒေသ၌ ယခုကဲ့သို့ စပါးရိတ်သိမ်းသည့် ရာသီတွင် စပါးများကို လှည်းဖြင့် သယ်ဆောင်သည့်မြင်ကွင်းကို မြင်တွေ့ရမည်မဟုတ်ဘဲ စပါးထုံးနှစ်ထုံးကို ထမ်းပိုးဖြင့် တစ်ဖက်တစ်ချက် လျှိုထမ်းသွားနေသည့် မြင်ကွင်းကိုသာ တွေ့မြင်ရမည်ဖြစ်သည်။

မောင်တောဒေသ၌ မြင်တွေ့ရသည့် နွားများမှာလည်း အညာဒေသ၌ တွေ့ရလေ့ရှိသည့် အကောင်ကြီးကြီး ထွားထွားကျိုင်းကျိုင်း နွားဖြူ၊ နွားပြာများ မဟုတ်ကြပေ။

"ဒီဒေသက နွားတွေက အညာဒေသက နွားတွေလို အကောင်မကြီးဘူး။ နွားပုမျိုးတွေ။ ဒါပေမယ့် ဒီက ရာသီဥတုဒဏ်ကိုတော့ ခံနိုင်ကြတယ်။ နောက်ပြီး ထယ်ထိုးတဲ့နေရာ ဒါမှမဟုတ် ထွန်ယက်တဲ့အခါမှာလည်း အညာဒေသမှာလို ထယ်ကြောင်းနက်နက်မထွန်ကြဘူး။ အပေါ်ယံပါးပါးလေးပဲထွန်ကြတယ်။ မြေဆီ မြေသြဇာကလည်း ကောင်းတယ်"ဟု မောင်တောခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ ရွှေစိုးအောင်က ပြောသည်။

မောင်တောဒေသတွင် တိရစ္ဆာန်များ မျိုးမြှင့်တင်ရေးအတွက်လည်း လုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ပြောကြားသည်။

**လှည်းမသုံးဖြစ်**

မောင်တောဒေသခံတစ်ဦးကလည်း "ဒီဒေသက စိုက်ပျိုးဖို့ မြေဆီမြေနှစ် အလွန်ကောင်းပါတယ်။ စပါးရိတ်ချိန်မှာတောင် လယ်ကွက်ထဲမှာ ရေရှိနေတတ်ပြီး စပါးရိတ်ဖို့ ရေကိုဖောက်ထုတ်ရတဲ့အခါလည်း ရှိပါတယ်။ လယ်ကွင်းထဲမှာ အမြဲလိုလိုစိုနေတဲ့အတွက် လယ်ကွင်းထဲကို လှည်းသွားဖို့လည်း အဆင်မပြေတာလည်းရှိတော့ လှည်းမသုံးဖြစ်တာပါ"ဟု ဆိုသည်။

မောင်တောခရိုင်တွင် စိုက်ပျိုးသည့် ထွက်နှုန်းကောင်းသည့် စပါးမျိုးများမှာ ရတနာအောင်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မနော်ဟရီ၊ မနောသုခ၊ ပုလဲသွယ်၊ ရတနာတိုးတို့ဖြစ်ပြီး ဒေသမျိုးမှာ ငစိန်၊ မြီးတုံ၊ ကောက်ညှင်းနှင့် တောင်ယာစပါးများဖြစ်ကြသည်ဟု ခရိုင်စိုက်ပျိုးရေးရုံးမှ သိရသည်။

**လူအားကိုသာ အသုံးပြု**

မောင်တောဒေသတွင် လယ်ယာလုပ်ငန်းခွင်ကို လူ၏လုပ်အားသာ အများဆုံး အသုံးချလုပ်ကိုင်ကြသည်။ ဒေသ၏ ထူးခြားချက်အနေဖြင့် လှည်းကို အသုံးပြုခြင်းမရှိသည့်အတွက် ရိတ်သိမ်းပြီး စပါးများကို တလင်းသို့ သယ်ဆောင်ရန် လူအားကိုသာ အသုံးပြုကြသည်။ ဦးမောင်သန်းလှိုင်သည်လည်း ၎င်း၏ လယ်ကွင်းတွင် ရိတ်သိမ်းပြီး ကောက်လှိုင်းထုံးများကို ဆက်လက်သယ်ဆောင်ရန် ရွာပြင်သို့ ထွက်ခွာသွားလေသည်။



မောင်တောမြို့တောင်ပိုင်း သရီကုန်းဘောင်ရွာ၌ လှည်းမရှိသဖြင့် ရိတ်သိမ်းပြီး စပါးကောက်လှိုင်းထုံးများကို ထမ်းပိုးလျှိုပြီး သယ်ဆောင်နေရသည်ကို တွေ့ရစဉ်

## နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် မသင်္ကာသူအမျိုးသားနှစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာအနီး၌ ယနေ့နံနက်ပိုင်းက မသင်္ကာသူ နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာအနီး၌ ယမန်နေ့ နံနက် ၇ နာရီက လုံခြုံရေးတပ်ဖွဲ့များ နယ်မြေရှင်းလင်းစဉ် လိုလာမိန်နှင့် နိုတာရှိန်းတို့ကို တွေ့ရှိသဖြင့် လိုအပ်သည်များမေးမြန်းပြီး ၎င်းတို့၏ လက်ကိုင်ဖုန်းများကို စစ်ဆေးရာ မိုဘိုင်းဖုန်းမန်မိုရီကတ်အတွင်း၌ RB News မှသတင်းများ၊ သေနတ်ဒဏ်ရာရဓာတ်ပုံများ၊ လည်လှီးသတ်ဖြတ်ထားသည့် ဓာတ်ပုံများနှင့် ဖြစ်စဉ်အကြောင်းအရာများ၊ သတင်းပို့သည့် မှတ်တမ်းဓာတ်ပုံများ တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၆

**ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်များအတွင်း ယမန်နေ့က စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။**



မသင်္ကာဖွယ် လှေတစ်စင်းပေါ်မှ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားအထုပ်များကို တွေ့ရစဉ်

ရသေ့တောင်မြို့နယ် အငူမော်အနီး မြန်မာ့ပင်လယ်ပြင်၌ တပ်မတော်စစ်ရေယာဉ်ဖြင့် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၄ နာရီခန့်က မသင်္ကာဖွယ်လှေတစ်စင်းကို တွေ့ရှိစစ်ဆေးရာ မသင်္ကာသူ အမျိုးသားငါးဦးနှင့်အတူ ဆာလာအိတ်အထုပ် လေးထုပ်နှင့် ငါးဂါလန်ပုံးနှစ်ပုံးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက မောင်တောမြို့နယ် ရွှေစားစေတီပြင်ကျေးရွာနေ အဏ္ဏာဝါ၏နေအိမ်ကို ယမန်နေ့ ညနေ ၆ နာရီခွဲက ဝင်ရောက်ရှာဖွေရာ အိမ်အောက်ထပ် ထင်းပုံကြားမှစိတ်ကြွရူးသွပ် ဆေးပြား ၁၅၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး



**ကျောက်ဖြူ ဒီဇင်ဘာ ၆**

ကျောက်ဖြူမြို့နယ် တောင်ရင်းကျေးရွာနေပြည်သူများအား ဒေါက်တာထွန်းမြင့်(သွားဘက်ဆိုင်ရာ)၊ ဒေါ်နီနီဝင်း(အထွေထွေရောဂါကုဆရာဝန်)နှင့် ကျန်းမာရေးဝန်ထမ်းများ ကျောင်းကျန်းမာရေးဖောင်ဒေးရှင်းမှ ဒီဇင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ တောင်ရင်းကျေးရွာရှိပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် လိုအပ်သောဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**



# အိန္ဒိယစစ်သင်္ဘောတစ်စင်း မတော်တဆဖြစ် သင်္ဘောသားနှစ်ဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၆**

မွမ်ဘိုင်းသင်္ဘောကျင်းတွင် တနင်္လာနေ့က ရေတပ်စစ်သင်္ဘောတစ်စင်း မတော်တဆဖြစ်ပွားခဲ့ရာ အိန္ဒိယသင်္ဘောသားနှစ်ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောခဲ့သည်။

အိန္ဒိယရေတပ်စစ်သင်္ဘော INS Betwa သည် မွမ်ဘိုင်းသင်္ဘောကျင်းမှ ထွက်ခွာစဉ် မတော်တဆဖြစ်ပွားခဲ့ကြောင်း အိန္ဒိယရေတပ်ပြောရေးဆိုခွင့်ရှိသူ ဒီကေရှာမာက မီဒီယာများသို့ ပြောကြားခဲ့သည်။

သင်္ဘောကျင်းမှ ပြန်လည်ထွက်ခွာစဉ် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တန် ၃၈၅၀ ရှိ အိန္ဒိယရေတပ်စစ်သင်္ဘော INS Betwa သည် အနောက်ပိုင်းရေတပ်ဌာနချုပ်၏ ဒုံးခွင်း ဒုံးစနစ်၊ မြေပြင်ဝေဟင်ပစ်ဒုံးကျည်များ၊ တော်ပီဒိုများ တပ်ဆင်ထားသည့် အရေးကြီးသော စစ်သင်္ဘောတစ်စင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဖိလစ်ပိုင်ဒုသမ္မတ၏ နုတ်ထွက်စာကို ဒူတာ်တေးလက်ခံ

**မနီလာ ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်သမ္မတဒူတာ်တေးအနေဖြင့် ၄င်း၏အစိုးရအဖွဲ့မှ ဒုတိယသမ္မတ လန်နီရိုဘရီ၏ နုတ်ထွက်စာတင်ခြင်းကို ဒီဇင်ဘာ ၅ ရက်က လက်ခံခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ လန်နီရိုဘရီသည် နောက်ထပ်ကျင်းပမည့် ဖိလစ်ပိုင်အစိုးရအဖွဲ့ဝန်ကြီး အစည်းအဝေးများကို တက်ရောက်နိုင်မည်မဟုတ်ကြောင်း ပြောကြားချက်ကို ဒူတာ်တေးကလက်ခံလိုက်ခြင်းဖြစ်သည်။

ဒုတိယသမ္မတ လန်နီရိုဘရီ၏ နုတ်ထွက်စာကို ဝမ်းနည်းစွာဖြင့်လက်ခံခဲ့ကြောင်း ဒူတာ်တေး၏ပြောကြားချက်ကိုကိုးကား၍ အစိုးရအဖွဲ့ဆက်ဆံရေးမှူး မာတင်အန်ဒါနာက ပြောခဲ့သည်။ ၄င်း၏နုတ်ထွက်စာတွင် အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကောင်စီအဖွဲ့၏ ဥက္ကဋ္ဌနေရာမှလည်း နုတ်ထွက်မည့်အကြောင်း ထည့်သွင်းဖော်ပြထားသည်။

အဆိုပါနုတ်ထွက်စာကို သမ္မတထံလိပ်မူပြီး ဒီဇင်ဘာ ၅ ရက်က ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ဆက်ဆံရေးအတွင်းရေးမှူးရုံးက ၄င်း၏နုတ်ထွက်စာကို တရားဝင်လက်ခံရရှိခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**




# အီရန်နိုင်ငံအတွက် သူလျှိုအဖြစ်ဆောင်ရွက်ခဲ့သူ ၁၅ ဦးကို ဆော်ဒီသေဒဏ်ပေး

**ရီယာ့ဒ် ဒီဇင်ဘာ ၆**

အီရန်နိုင်ငံအတွက် လျှို့ဝှက်ထောက်လှမ်းမှုများ လုပ်ဆောင်ခဲ့သူ ၁၅ ဦးကို ဆော်ဒီတရားရုံးက သေဒဏ်ချမှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ သေဒဏ်ချမှတ်ခံရသူများသည် အီရန်နှင့် အာဖဂန်အမျိုးသားအဖွဲ့က ဖေဖော်ဝါရီလက ခြေရာခံစုံစမ်းမှုများလုပ်ဆောင်ခဲ့သည့် ရှီယိုက်အစ္စလာမ်ဘာသာဝင် ၃၀ ပါဝင်သည့်အဖွဲ့မှဖြစ်သည်ဟု ဆိုသည်။

တရားရေးအဖွဲ့များက ၄င်းတို့အား အီရန်စစ်ရေးသတင်းအဖွဲ့များနှင့် ပူးပေါင်းကာ သူလျှိုအဖြစ် လျှို့ဝှက်ထောက်လှမ်းမှုများလုပ်ဆောင်ခဲ့ကာ စစ်ရေးဇုန်နှင့်ပတ်သက်သည့် အရေးကြီးအချက်အလက်များကို ပေါက်ကြားစေခြင်းဖြင့် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ခဲ့သည်ဟုဆိုကာ စွဲချက်တင်ခဲ့သည်။

ဆွန်နီအစ္စလာမ်ဘာသာဝင်များကြီးစိုးသည့် ဆော်ဒီအာရေဗျနှင့် ရှီယိုက်ဦးဆောင်သည့် အီရန်ရှိအစ္စလာမ်ဘာသာဝင်များ အကြားတင်းမာမှုများသည် ပြီးခဲ့သည့်နှစ်မှစတင်ကာ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ နာမည်ကျော်ကြားသည့် ဆော်ဒီရှီယိုက်ဘုန်းတော်ကြီး နင်မ်အယ်လ်နင်မ် နှင့်အခြားရှီယိုက်မျိုးနွယ်စုသုံးဦးကိုကွပ်မျက်လိုက်သည့်အတွက် တီဟီရန်ရှိ ဆော်ဒီသံရုံး၌ ဆန္ဒပြဆန့်ကျင်မှုများဖြစ်ပွားခဲ့ပြီးနောက် ဇန်နဝါရီလတွင် ဆော်ဒီအာရေဗျသည် အီရန်နှင့်သံတမန်ဆက်ဆံရေးကို ဖြတ်တောက်လိုက်သည်။

ဆော်ဒီအာဏာပိုင်များက နင်မ်သည် အကြမ်းဖက်လုပ်ရပ်များအတွက် အပြစ်ရှိကြောင်း ပြောဆိုခဲ့သော်လည်း အီရန်ခေါင်းဆောင်က ဆွန်နီအုပ်စိုးမှုအပေါ် ပြင်းထန်သည့်ဝေဖန်မှုများ လုပ်ဆောင်ခဲ့ခြင်းအတွက် ကွပ်မျက်လိုက်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေသတွင်း အင်အားကြီးနိုင်ငံနှစ်ခုသည် ဆီးရီးယားနှင့် ယီမင်တွင်ဖြစ်ပွားနေသော စစ်ပွဲများတွင် မတူညီသောဘက်မှ ကူညီပံ့ပိုးပေးလျက်ရှိသည်။ **(ဘီဘီစီ)**



# တီဟီရန်တွင် ရဟတ်ယာဉ်ပျက်ကျ၊ နှစ်ဦးပျောက်ဆုံး၊ ခြောက်ဦးကို ကယ်ဆယ်နိုင်

**တီဟီရန် ဒီဇင်ဘာ ၆**

ကယ်ဆယ်ရေး ရဟတ်ယာဉ်တစ်စင်းသည် တီဟီရန်မြို့အနီးတွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦး ပျောက်ဆုံးနေကြောင်း အီရန်ကြက်ခြေနီနှင့် လခြမ်းအသင်း ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲက ပြောကြားသည်။

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသော လူခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း အစိုးရ ရုပ်သံ IRINN TV ကို ကိုးကားလျက် မော်တီဇာဆာလီမီက ပြောကြားသည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသူများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ယခုအချိန်အထိ မသိရသေးပေ။

**(ဆင်ဟွာ)**



# ပြင်သစ် ပြည်ထဲရေးဝန်ကြီးကို ဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်

**ပါရီ ဒီဇင်ဘာ ၆**

လာမည့်နှစ် သမ္မတရွေးကောက်ပွဲအတွက် ရည်ရွယ်ပြီး ရာထူးမှနုတ်ထွက်လိုက်သည့် ပြင်သစ်ဝန်ကြီးချုပ် မန်နျူရယ်ဘော့၏နေရာတွင် ပြင်သစ်နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးဘားနတ် ကာဇန်နူဗ်အား အစားထိုးခန့်အပ်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မစ္စတာဘော့သည် သမ္မတ ဖရန်ဆွာဟော်လန်းထံသို့ အင်္ဂါနေ့တွင် နုတ်ထွက်စာတင်ခဲ့သည်။ လာမည့်ဇွန်လတွင်ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲမတိုင်မီအထိ မစ္စတာကာဇန်နူဗ်သည် ဆိုရှယ်လစ်အစိုးရအဖွဲ့၏ ကြီးကြပ်သူတစ်ဦးအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။

မစ္စတာကာဇန်သည် ယမန်နှစ်က ပါရီ၌ ဂျီဟတ်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဝင်ရောက်လာချိန်မှစတင်ကာ ပြင်သစ်နိုင်ငံ၏လုံခြုံရေးကို စီမံခန့်ခွဲရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း မစ္စတာဘော့သည် လာမည့်လတွင် ဆိုရှယ်လစ်အလွှာထဲမှ အခြားသော ပြိုင်ဘက်များနှင့် ရင်ဆိုင်တွေ့ရဖွယ်ရှိသည်။

**(ဘီဘီစီ)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေပေးအပ်



**မူဆယ် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်း ဒီဇင်ဘာ ၄ ရက်က ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများလည်း ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ဒေသခံပြည်သူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် သုံးဦးအတွက် ငွေကျပ် ကိုးသိန်းကို သော်လည်းကောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းမိသားစုက တစ်ဦးလျှင် ငွေကျပ်သုံးသောင်းကို မူဆယ်ပြည်သူ့ဆေးရုံကြီးတွင် ပေးအပ်ထောက်ပံ့ကာ ရင်းနှီးစွာ အားပေးစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၆ ရက်၌ ပစ်ခတ်တိုက်ခတ်မှုများကြောင့် ဒဏ်ရာရရှိပြီး မူဆယ်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသော မိသားစုဝင်များကို လိုက်လံအားပေးစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက မိသားစု စားဝတ်နေရေး အခက်အခဲဖြစ်သော မုံးပေါ်ဒေသမှမိသားစုဝင်အား ထောက်ပံ့ငွေကျပ် တစ်သိန်းသုံးသောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စစ်ဘေးရှောင်အိမ်ထောင်စုမိသားစုဝင်များအား ဆန်နှင့် ငွေများ ကူညီထောက်ပံ့

**နောင်ချို ဒီဇင်ဘာ ၆**

ကျောက်မဲခရိုင် မန်တုံမြို့နယ် ကျေးရွာအုပ်စုအသီးသီးတို့မှ စစ်ဘေးရှောင်အိမ်ထောင်စုဝင်မိသားစု ၁၈၇ ဦးတို့သည် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု အုံးမွသီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ တိမ်းရှောင်ခိုလှုံလျက်ရှိရာ ဒီဇင်ဘာ ၆ ရက်က မိုးမိတ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကဆန် ၁၀ အိတ်နှင့် ငွေကျပ်နှစ်သိန်း၊ လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ်ငါးသိန်း၊ နောင်ချိုမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ်တစ်သိန်းတို့ကို ကူညီထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် ငွေကျပ် ၁၅ သိန်း တာချီလိတ်၌ ဂုဏ်ပြုလှူဒါန်း

**တာချီလိတ် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် တာချီလိတ်မြို့ရှိ ရွှေမန်းချမ်းသာဇာတ်ပွဲဖြစ်မြောက်ရေးကော်မတီက ငွေကျပ် ၁၅ သိန်းကို ဒီဇင်ဘာ ၆ ရက်၊ ညနေပိုင်းတွင် တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဂုဏ်ပြုလှူဒါန်းကြောင်း သိရသည်။

"ရွှေမန်းသဘင် ပွဲကန်ထရိုက်က ကျွန်တော်တို့ ရွှေမန်းချမ်းသာဇာတ်ပွဲဖြစ်မြောက်ရေးကော်မတီကို လှူဒါန်းပေးလာခြင်းဖြစ်ပြီး၊ အခုလို လာလှူတဲ့ ငွေကို ကျွန်တော်တို့က ပြန်လည်လှူဒါန်းပေးခြင်းဖြစ်ပါတယ်"ဟု တာချီလိတ်မြို့ ရွှေမန်းချမ်းသာဇာတ်ပွဲဖြစ်မြောက်ရေးကော်မတီမှ မဇ္ဈိမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက ပြောသည်။

အဆိုပါ အလှူငွေကျပ် ၁၅ သိန်းကို ရွှေမန်းချမ်းသာဇာတ်ပွဲဖြစ်မြောက်ရေးကော်မတီမှ မဇ္ဈိမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက သွားရောက်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ခရိုင်ဦးစီးအရာရှိ ဦးကိုကိုငြိမ်းက လက်ခံယူသည်။ ယင်းဂုဏ်ပြုလှူဒါန်းငွေများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဆင်ရေး တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများထံသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# TNLA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းအား အဝေးထိန်းမိုင်းသုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းကို TNLA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းမိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် စစ်သည်တစ်ဦးကျဆုံးပြီး စစ်သည်အချို့နှင့် ဒေသခံတစ်ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

နမ့်ဆန်မြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ၌ ယနေ့နံနက် ၇ နာရီခန့်က လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းကို TNLA လက်နက်ကိုင်အဖွဲ့က အဝေးထိန်းမိုင်း သုံးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရာ စစ်သည်တစ်ဦးကျဆုံးပြီး စစ်သည်အချို့ဒဏ်ရာရရှိခဲ့သည့်အပြင် မိုင်းပေါက်ကွဲမှုဖြစ်စဉ်အနီးတွင်ရှိနေသော မန်မိုင်ကျေးရွာမှ ဦးအိုက်ဟန်မှာလည်း မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများကို နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာများကို နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# သွယ်တန်းထားသော ဝိုင်ယာကြိုးများ အပူလွန်ကဲ၍မီးလောင်ခြင်းဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်းရှိ ရွှေဇမ္ဗူထိပ် Tower(ခရိုင်စည်ပင်ရုံး) အပေါ်ထပ် ငါးလွှာ၌ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းမှာ ငါးလွှာမှ ကိုးလွှာသို့သွယ်တန်းထားသော Electrical Riser အတွင်း ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ ထပ်မံသတင်းရရှိသည်။ **တင်မောင်ဦး(အလုံ)**

# ကချင်ပြည်နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းကို လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်



ပေါက်ကွဲမှုမရှိသည့် ဗုံးသီးတစ်လုံးကို တွေ့ရစဉ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ တပ်မတော်စစ်ကြောင်းအခြေပြုနေရာများကို ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် KIA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ဝိုင်းမော်မြို့နယ်အတွင်း ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းက တပ်မတော်စစ်ကြောင်းအခြေပြုနေရာများကို KIA လက်နက်ကိုင်အဖွဲ့က ၎င်းတို့ ခြေကုပ်ယူထားသည့် ပွိုင့် ၁၁၀၃ စခန်းမှ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းပစ်ခတ်ခဲ့သည့် ဗုံးသီးများအနက် ပေါက်ကွဲမှုမရှိသည့် ဗုံးသီးများကို တပ်မတော်စစ်ကြောင်းက စစ်ဆေးရာ တစ်ဖက်နိုင်ငံထုတ် ရှော့တိုက်ပစ်ခတ်ရသည့် ၁၀၇ မီလီမီတာ ဒုံးသီးများဖြစ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်လုပ်သေနတ်တစ်လက် ဖမ်းဆီးရမိ

**ရမည်းသင်း ဒီဇင်ဘာ ၆**

ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှုခင်းအကူဌာနစိတ်မှ ရဲအုပ် ဝင်းသမိန်နှင့် ရဲအုပ် ကျော်မင်းသက်တို့ ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် နံနက်က ရမည်းသင်းမြို့နယ်၏ အရှေ့ဘက် ပေါင်းလောင်းဒေသ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းသွာသည့် ကားလမ်းဘေး၌ မူးယစ်ဆေးဝါးသတင်းအရ ရဲဒင်၏နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ ခွန်လှထူး(ခ)ပြောင်ကြီး ၊ ခွန်သပြုံး၊ သန်းလှိုင်နှင့် စိုးကြိုင်တို့ကို တွေ့ရှိပြီး စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၀ နှင့် ဆေးပြားရှူရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရဲဒင်၏ အိပ်ခန်းအတွင်းရှာဖွေရာမှ လက်လုပ်သေနက်တစ်လက်ကို တွေ့ရှိသိမ်းဆည်းပြီး ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဇော်ဝင်းအောင်(ပြန်/ဆက်)**

# KIA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် အဝေးထိန်းမိုင်းတစ်လုံး ရှေ့ထွက်မိုင်း လေးလုံးအား တပ်မတော်စစ်ကြောင်းက ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဆမားလမ်းခွဲတွင် KIA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် အဝေးထိန်းမိုင်းတစ်လုံး၊ ရှေ့ထွက်မိုင်းလေးလုံးနှင့် ဆက်စပ်ပစ္စည်းများကို ယမန်နေ့မွန်းလွဲပိုင်းတွင် တပ်မတော်စစ်ကြောင်းက ရှင်းလင်းနိုင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

တပ်မတော်စစ်ကြောင်းများက ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က ဆမားလမ်းခွဲအနီး၌ KIA လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့် အချင်း ခြောက်လက်မ၊ အမြင့် ရှစ်လက်မ၊ အစိတ် ၇၀ ပိုင်းခြားထားသည့် ဒေသန္တရလုပ် အဝေးထိန်းမိုင်းတစ်လုံး၊ ရှေ့ထွက်မိုင်းလေးလုံးနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်ဒီတိုနေတာ ခြောက်ချောင်း၊ ဝိုင်ယာကြိုး ရှစ်လက်မခန့်နှင့် ဓာတ်ခဲငါးလုံးပါ ဓာတ်ခဲအိမ်ငါးခုတို့ကို တွေ့ရှိခဲ့ရာ**(ယာပုံ)** တပ်မတော်စစ်ကြောင်းက ရှင်းလင်းခဲ့ပြီး ဆက်လက်၍ နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**





တိမ်းမှောက်မှုဖြစ်ပွားသည့် ကုန်တင်ယာဉ်ကိုတွေ့ရစဉ်

# ဂွမြို့နယ် ဖာလာတောင်အဆင်း၌ ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်

**သံတွဲ ဒီဇင်ဘာ ၆**

သံတွဲခရိုင် ဂွမြို့နယ် ရွှေတွင်းတူးကျေးရွာအုပ်စု ဖာလာတောင်အဆင်း မိုင်တိုင်အမှတ် ၇၃/၁နှင့် ၇၃/၂ အကြားတွင် ဒီဇင်ဘာ၆ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ကားတစ်စီးတိမ်းမှောက်မှုဖြစ်ကြောင်း သတင်းရရှိသဖြင့် ဂွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် ရန်ကုန်မြို့မှ သံတွဲမြို့သို့ကုန်များ တင်ဆောင်၍ ယာဉ်မောင်း ဦးစံမောင်ထူး မောင်းနှင်သော ဖူဆိုခြောက်ဘီးတပ်ကုန်တင်ယာဉ်မှာ ဘရိတ်ပေါက်၍ တိမ်းမှောက်မှုဖြစ်ပွားကြောင်းတွေ့ရပြီး ကမ်းသာယာရဲစခန်းက ယာဉ်မောင်းဦးစံမောင်ထူးအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အဝါရောင်အဆင့်ရှိ မုန်တိုင်းငယ်ဖြစ်ပေါ် မြန်မာနိုင်ငံဘက်သို့ဦးတည်မည့်အခြေအနေမရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းသို့ ရောက်ရှိခဲ့ကာ အိန္ဒိယနိုင်ငံ၊ ဗီဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၇၁၀ ခန့်၊ ဂိုပါပါယ်မြို့၏ တောင်-အရှေ့တောင်ဘက်မိုင် ၇၄၀ ခန့်၊ ကားနီကိုဘားမြို့၏ အနောက်တောင်ဘက် မိုင် ၁၁၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ၃၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ကနဦးတွင် အနောက်-အနောက်မြောက်ဘက်သို့ ရွေးလျားပြီး နောက် ၇၂ နာရီအတွင်း အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် ည ၇ နာရီခွဲတွင် မြောက်လတ္တီကျူ ၈ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၁ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် သင်္ဘောများအနေဖြင့် ကြိုတင် သတိပြုရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းနှင့် ပတ်သက်သည့်ကြေညာချက်

သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အဖွဲ့အစည်း သို့မဟုတ် အသက် (၁၈) နှစ်ပြည့်ပြီးသူ နိုင်ငံသားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိနိုင်ရေးကို ချောမွေ့အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

(၁) လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ(ပုံစံ-၁)ကို သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူ၍ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရပါမည်။

(၂) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ်ထောက်ခံချက် ပေးပို့ရပါမည်။

(၃) မြို့နယ်ဦးစီးဌာနရုံးသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း ထုတ်ဆင့်သည့် ကြော်ငြာစာ ကြေညာမည်ဖြစ်သည်။

(၄) ယင်းကြော်ငြာစာကို မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားပါမည်။ ကြော်ငြာတွင် ရက်ပေါင်း (၃၀)အတွင်းကန့်ကွက်နိုင်ကြောင်း ဖော်ပြထားပါသည်။

(၅) ကန့်ကွက်ချက်တစ်စုံတစ်ရာ ရရှိလျှင် မြို့နယ်ဦးစီးဌာနရုံးသည် လက်ခံရရှိသည့် နေ့မှ(၇)ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုများသို့ သာမန်အားဖြင့် စုံစမ်းစစ်ဆေးတင်ပြရန် အကြောင်းကြား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၆) သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို (၇) ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ တင်ပြရမည်ဖြစ်ပါသည်။

(၇) မြို့နယ်ဦးစီးဌာနရုံးသည် တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို တင်ပြရမည်။

(၈) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ရရှိသည့်လုပ်ငန်းစာတွဲအား လက်ခံရရှိသည့်နေ့မှ(၇) ရက်အတွင်း သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြသွားရမည်ဖြစ်သည်။

(၉) ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း လုပ်ပိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုကြောင်း(သို့မဟုတ်) ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားရမည်။

(၁၀) မြို့နယ်ဦးစီးဌာနရုံးသည် -

(က) ခွင့်ပြုကြောင်း အကြောင်းကြားချက်ကိုရလျှင် လုပ်ပိုင်ခွင့်ရရှိသူကို လယ်ယာမြေမှတ်ပုံတင်ရန် ဦးစီးဌာန ရငွေစာရင်းသို့ မှတ်ပုံတင်ကြေးအဖြစ် ဦးပိုင်လုပ်ကွက်တစ်ခုလျှင် ၅၀၀ ကျပ်နှုန်း ပေးသွင်းစေပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ငြင်းပယ်ခြင်းခံရသူကို လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ခြင်းခံရသူများ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၁၁) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးပြီး ငြင်းပယ်ခြင်းခံရသူထံသို့လည်း ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ(၈)ကို ပေးပို့သွားမည် ဖြစ်သည်။

(၁၂) ငြင်းပယ်ကြောင်းအကြောင်းကြားစာ လက်ခံရရှိသူသည် ဆုံးဖြတ်ချက်အပေါ် မကျေနပ်ချက်တစ်စုံ တစ်ရာရှိပါက လယ်ယာမြေဥပဒေပုဒ်မ(၂၂)ပါပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ မူလမြေယာမှုခင်းဖွင့်လှစ်ဆောင်ရွက်ရန် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကြေညာချက်အတိုင်းဆောင်ရွက်ရာတွင် အခက်အခဲတစ်စုံတစ်ရာတွေ့ရှိပါက အတွင်းရေးမှူး၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်သို့ လိပ်မူ၍ လည်းကောင်း၊ ဖုန်း ၀၆၇- ၄၁၀၀၀၄ သို့လည်းကောင်း ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

(ဦးစီးဌာနဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနကို ဆိုလိုပါသည်)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ်၁၄/ယ ၃၉၃၂၃၊ HARZAY DAVIDSON 1300,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဝင်း ၁၂/ကမရ(နိုင်)၀၄၂၅၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အင်းစိန်မြို့**

**ပျောက်ဆုံးကြောင်း**

ဦးဝင်းလွင် (၇/ညလပ(နိုင်)၀၈၂၀၄၃) လမ်းကျယ်ကုမ္ပဏီ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၇၇/၂၀၀၈-၂၀၀၉) ကတ်မူရင်း၊ သွင်းကုန်ထုတ်ကုန်မှတ်ပုံတင်ကတ်အမှတ် ၂၂၈၄၀ (၂၉-၁၂-၀၈) ကတ်မူရင်းနှင့် F-VI/XXVI စာရွက်မူရင်း၊ မူရင်းကတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၂၅၁၀၁၈၇၃၃

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄ စက်မှုဇုန်၊ မြေကွက်အမှတ် ၆၉၉၊ မြေကွက်တည်နေရာ အမှတ် ၆၉၉၊ (၆၄)ရပ်ကွက်၊ (စက်မှုဇုန်)၊ ဒဂုံ/တောင် ဦးဝင်းဖြူ ၁၂/လသန(နိုင်)၀၀၆၆၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဦးဝင်းဖြူ ကွယ်လွန်သွားသောကြောင့် ဒေါ်ပြုံးပြုံးခိုင် ၁၂/မရက(နိုင်)၁၃၀၆၅၂ မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ(၈-၈-၁၆)ထောက်ခံ ကျမ်းကျိန်လွှာ(၈-၈-၁၆)၊ သေစာရင်း၊ သန်းခေါင်စာရင်း တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထက(၄) စစ်တွေ မြတ်ဆရာပူဇော်ပွဲ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အထက (၄)၏ (၁၁)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ/ဆရာမများ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်မြို့နှင့် စစ်တွေမြို့တို့တွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူအားလုံး မည်သည့်ခုနှစ်မဆို စုံစုံညီညီတက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၅ရက် (တနင်္ဂနွေနေ့)

**အချိန်** - မွန်းလွဲ ၁နာရီ

**နေရာ** - (၁)ရခိုင်ပြည်နယ်ခမ္မာရုံ၊ ဗဟန်းမြို့နယ်။

(၂) မဟာပညာကျော်ခန်းမ၊ အထက (၄) စစ်တွေ၊

ဂါရဝငွေနှင့် ငွေပဒေသာပင်များကို

**ဖြစ်မြောက်ရေးကော်မတီသို့လည်းကောင်း**

**ဆရာ/ဆရာမများ နာမကျန်းရန်ပုံငွေအတွက် KBZ Bank A/C No. "00710200704035901"သို့ လှူဒါန်းကုသိုလ်ယူနိုင်ပါသည်။**

| **စစ်တွေ** | | **ရန်ကုန်** | |
|---|---|---|---|
| ၁။ | ကိုအောင်ကျော်စံ ဖုန်း-၀၉-၅၆၈၀၄၅၀ | ၁။ | ဒေါ်မြသီတာ ဖုန်း-၀၉-၂၅၀၁၅၀၄၇၂ |
| ၂။ | ကိုညီညီဋ္ဌေး ဖုန်း-၀၉-၅၆၈၀၄၄၀ | ၂။ | ဒေါ်ခင်မြနု ဖုန်း-၀၉-၅၀၂၄၃၄၅ |
| ၃။ | ကိုကျော်စောဝင်း ဖုန်း-၀၉-၄၉၆၄၀၅၂၀ | ၃။ | ကိုကျော်နိုင် ဖုန်း-၀၉-၅၀၆၁၈၈၄ |
| ၄။ | ကိုထွန်းလင်းအောင် ဖုန်း-၀၉-၄၄၀၀၁၁၉၀၄ | ၄။ | ကိုစံရွှေမောင် ဖုန်း-၀၉-၇၈၅၀၈၇၉၈၇ |
| ၅။ | ကိုတင်ငြိမ်းဦး ဖုန်း-၀၉-၅၁၇၅၁၅၅ | ၅။ | ကပ္ပတိန်စိုးဟန် ဖုန်း-၀၉-၅၀၂၉၇၇၀ |
| ၆။ | Dr.လတ်လတ်ထွန်း ဖုန်း-၀၉-၇၇၀၀၁၀၀၄၆ | ၆။ | ဒေါ်ကေသီဦး ဖုန်း-၀၉-၂၅၃၃၃၉၃၉၇ |
| | | ၇။ | ဒေါ်မေမေအောင် ဖုန်း-၀၉-၂၅၄၃၄၅၆၁၂ |

**စစ်တွေ/ရန်ကုန်ရှိကျောင်းသား/ကျောင်းသူများ မိတ်ဆုံညစာစားပွဲရှိပါသည်။**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ တော်ကလပ်အုပ်စု တော်ကလပ်ကလေးကျေးရွာနေ ဒေါ်အေးအေးခိုင်(ခ) ဒေါ်ရီရီချို ၇/လပတ(နိုင်)၀၃၁၈၈၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးအေးခိုင်(ခ)ဒေါ်ရီရီချို**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/5216 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အမှိုက်သိမ်းယာဉ်(၁)စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Forland Mini Dumper Truck N-490 QB(48kw) | တစ်စီး |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ၅-၁၂-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၁၂-၁၂-၂၀၁၆ရက် ညနေ ၃း၃၀နာရီဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ဖုန်း-၀၅၃-၆၂၀၃၀**

**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေကူမြို့နယ်၊ နောင်လက်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၀) ဝေဠုကွင်း၊ ဦးပိုင်အမှတ်(၁၀၄/၁)၊ မြေဧရိယာ ၀ဒသမ ၄၄၀ဧကရှိ မြေကွက်၏ မူလမြေငှားဂရန်အမည်ပေါက် ဦးအုန်းကျော် (ဘ)ဦးမိုနီဟာလားအမည်မှ ဦးတင်သိန်း(ဘ)ဦးစိန်ရွှေ ၁/ရကန(နိုင်)၀၃၆၄၉၉ အမည်သို့ ဂရန်အမည်ပြောင်း လျှောက်ထားမှုအပေါ် ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာအတိုင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးတင်သိန်း(ခ)ဦးစိန်ရွှေ**

**၁/ရကန(နိုင်) ၀၃၆၄၉၉**

**ပန်းတင်ကျေးရွာ၊ ရွှေကူမြို့နယ်**





## မုံရွာစက်မှုဇုန် ဂွမ်းဖတ်စက်၊ နေအိမ်နှင့် ဝါဂိုဒေါင် တစ်နာရီခန့်ကြာ မီးလောင်မှုဖြစ်

**မုံရွာ ဒီဇင်ဘာ ၆**

မုံရွာစက်မှုဇုန်နယ်မြေ(၅) အတွင်းရှိ ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ ဂွမ်းဖတ်စက်နှင့်အတူ နေအိမ်၊ ဝါဂိုဒေါင် စုစုပေါင်း သုံးလုံး မီးလောင်မှု ဒီဇင်ဘာ ၆ ရက် ည ၇ နာရီ မိနစ် ၂၀ က ဖြစ်ပွားကြောင်း မုံရွာမြို့နယ်မီးသတ်စခန်း၏ ကနဦးသတင်းများအရ သိရသည်။

ကနဦးသတင်းများအရ ဦးအောင်လင်း၏ ဂွမ်းဖတ်စက် မီးလောင်ခြင်းဖြစ်ပြီး ည ၇ နာရီ မိနစ် ၂၀ တွင် မီးသတ်ကား အင်အားများများသုံး ငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ အကြာ ၇ နာရီ မိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၈ နာရီ ၁၀ မိနစ်တွင် မီးလုံးဝ ငြိမ်းသွားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ခြောက်ဘီးယာဉ်နှစ်စီးဖြင့် သယ်ဆောင်လာသည့် နွား ၁၆ ကောင်ဖမ်းဆီးရမိ

**ကသာ ဒီဇင်ဘာ ၆**

အင်းရွာကျေးရွာအနီး အင်းတော်-ဗန်းမောက် ကားလမ်းမပေါ်တွင် ဒီဇင်ဘာ ၅ ရက်က ဗန်းမောက်ဘက်မှ အင်းတော်ဘက်သို့ ကားလမ်းမအတိုင်း ယာဉ်မောင်းလှုသောင်းမောင်းနှင်လာသည့် နီဆန်းယူဒီကောင်တာအမျိုးအစား အပြာရောင် ခြောက်ဘီးယာဉ်နှင့် ယာဉ်မောင်း ကိုဦး မောင်းနှင်ပြီး မောင်အေးနှင့် မြင့်ကိုတို့လိုက်ပါလာသည့် ကင်ဒါအမျိုးအစား အဖြူရောင် ခြောက်ဘီးယာဉ်နှစ်စီးတို့အား တွေ့ရှိရ၍ မသင်္ကာသဖြင့် သက်ဆိုင်ရာက ရပ်တန့်စစ်ဆေးခဲ့သည်။

စစ်ဆေးစဉ် နီဆန်းယူဒီကောင်တာနောက်ခန်းဘော်ဒီအိမ်အတွင်းမှ နွားထီးနှစ်ကောင်၊ နွားမခြောက်ကောင်နှင့် ကင်ဒါအမျိုးအစား အဖြူရောင်ခြောက်ဘီးယာဉ်နောက်ခန်းဘော်ဒီအိမ်အတွင်းမှ နွားထီးသုံးကောင်၊ နွားမငါးကောင် စုစုပေါင်းနွား ၁၆ ကောင်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ နွားများနှင့်ပတ်သက်၍ ခွင့်ပြုချက် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ၎င်းတို့ကို အင်းတော်မြို့မရဲစခန်းက စစ်ဆေးနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## အမြန်လမ်းတွင် ရောင်နီထွန်းခရီးသည်တင်ယာဉ် ပါရာဒိုယာဉ်နောက်ပိုင်းကိုဝင်တိုက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမိုင်တိုင်အမှတ် (၁၅၀/၁ နှင့် ၁၅၀/၂)အကြား ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ယာဉ်မောင်းအေးလွင်မောင်းနှင်လာသော ရောင်နီထွန်းခရီးသည်တင်ယာဉ်သည် ရှေ့ယာယာဉ်ကြောမှယာဉ်မောင်းစောဝဏ္ဏမောင်းနှင်လာသော ပါရာဒိုယာဉ်က ဝဲယာဉ်ကြောသို့ ကူးပြောင်းစဉ် ယာဉ်နောက်ပိုင်းကိုဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ရောင်နီထွန်းခရီးသည်တင်ယာဉ်ပေါ်ပါရှိသူ ခရီးသည်များအန္တရာယ်ကင်းခဲ့သော်လည်း ပါရာဒိုကားပေါ်မှ အမျိုးသမီးတစ်ဦးဒဏ်ရာ(မစိုးရိမ်ရ)ရှိခဲ့သည်။ အဆိုပါ ဒဏ်ရာရသူအား ဇီးပင်သာအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် တောင်ငူဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သည့် အေးလွင်နှင့် စောဝဏ္ဏအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ၁၂ ဘီးကုန်တင်ယာဉ် လှည်းတစ်စီးနှင့်ယာဉ်ငယ်တို့အား အရှိန်လွန်ဝင်တိုက်

**တောင်ငူ ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ တောင်ဘက် တစ်ဖာလုံခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်း၌ ဒီဇင်ဘာ ၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က မီးသွေးနှင့် သစ်ခွဲသားများတင်ဆောင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်က နွားလှည်းတစ်စီးကို တိုက်မိခဲ့ပြီး ရှေ့မျက်နှာချင်းဆိုင်ဘက်မှ လူလေးဦးစီးနင်းလိုက်ပါလာသော ယာဉ်ငယ်အား ဆက်လက်တိုက်မိကာ ကားလမ်းအရှေ့ဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် သုံးဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၁၈၂/၂ နှင့် ၃ အကြားတွင် မြောက်မှ တောင်သို့ မီးသွေးများအောက်၌သစ်ခွဲသားများတင်ဆောင်၍ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ဟီးနိုး ၁၂ ဘီး ၄ခ/---- ယာဉ်သည် ကိုထွန်းထွန်းဦးမောင်းနှင်လာသော နွားလှည်းကို ကျော်တက်စဉ်တိုက်မိသွားခဲ့ပြီး ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဦးစံဖဲ မောင်းနှင်သည့် 6L/------ ဟွန်ဒါ ဖစ်ယာဉ်ကို ဝင်ရောက်တိုက်မိကာ လမ်းအရှေ့ဘက်သို့ တိမ်းမှောက်သွားခဲ့သည်။



ယာဉ်တိုက်မှုကြောင့် ဟွန်ဒါဖစ်ယာဉ်မောင်းဦးစံဖဲအပါအဝင် ယာဉ်ပေါ်တွင် လိုက်ပါလာကြသူများအနက် ဦးချိုဦး၊ ဒေါ်စိန်မြင့်တို့သုံးဦးမှာ နေရာတွင်သေဆုံးသွားခဲ့ပြီး ဦးဝင်းသိန်း (စိုးရိမ်ရ)နှင့် နွားလှည်းမောင်းသူတို့ (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရ၍ ကျွန်းကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**ဓာတ်ပုံ-သူရ(တောင်ငူ)**

## မြန်မာ-ထိုင်း ဘောလုံးပွဲ လက်မှတ်မှောင်ခိုမှုပြုလုပ်သူများနှင့် လက်နက်ကိုင်ဆောင်သူများအား အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၆**

ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်အဖြစ် မြန်မာနှင့်ထိုင်းတို့ ဒီဇင်ဘာ ၄ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ယင်းနေ့က ဘောလုံးပွဲ၌ ရမ်းကားဆူပူသောင်းကျန်းသူ ၂၄ ဦးအား ခေတ္တထိန်းသိမ်းထားပြီး ဘောလုံးပွဲပြီးဆုံးပြီးနောက် သုဝဏ္ဏနယ်မြေရဲစခန်း၌ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးက တွေ့ဆုံ၍ ဆုံးမစကားပြောကြားပြီး အုပ်ထိန်းသူ/ခံဝန်သူနှစ်ဦးစီဖြင့် ခံဝန်ပြုလုပ်၍ ခံဝန်သူများထံစနစ်တကျအပ်နှံပေးပြီး ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဘောလုံးပွဲလက်မှတ်များ မှောင်ခိုရောင်းချသူရှစ်ဦးအား ဒီဇင်ဘာ ၅ ရက်က သင်္ဃန်းကျွန်းတရားရုံး၌ ပြစ်ဒဏ် ၇ ရက်ချ မှတ်ခဲ့ကြောင်း သိရသည်။ ယင်းနေ့က Main Gate အဝင်ပေါက်တွင် 9C /----- Crown ဖြင့် တုတ်၊ ဓား၊ လက်နက်များ ယူဆောင်လာကြောင်း သတင်းအရ ရှာဖွေစစ်ဆေးရာ ယာဉ်၏ ဒက်စ်ဘုတ်ပေါ်တွင် အရိုးအသွား ၁၂ လက်မခန့် ဓားဦးချွန်တစ်ချောင်း၊ အရိုးအသွား ရှစ်လက်မထိပ်ဦးချွန် ခေါက်ဓားတစ်ချောင်း၊ သတ္တုဖြင့်ပြုလုပ်ထားသော ထိပ်ဦးချွန် လေးခွတစ်လက်၊ လောက်စာလုံး ၂၉ လုံးကို ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး ဝင်းနိုင် (၅၅ နှစ်)ပါ ခြောက်ဦးအား ဥပဒေအရ သင်္ဃန်းကျွန်းမြို့မရဲစခန်းက အမှုဖွင့်လုစ်ထားကြောင်း သိရသည်။

**ကျော်စိုးမိုး**



### CLAIMS DAY NOTIC

### M.V CITY OF MUMBAI VOY: NO(36)

Consignees of cargo carried by M.V CITY OF MUMBAI VOY: NO(36) are here by notified that the vessel will arrive on about 8-12-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

B.Ed ဝင်ခွင့်ရသူအားလုံး ပြဿနာများမရှိစေရန် သင်တန်းတက်ရောက်ပါ

SH မြင့်သူထက် YU

U.C.S.B (PSC) အလုပ်ဝင်ခွင့် အားလုံးသင်သည် စာရွက်/တမ်း အစစ်

ASEAN ပညာသင်ဆု

အထောက်အကူပြုသင်တန်း

B.Ed (၂) နှစ်သင်တန်း

ဝင်ခွင့်ရ သင်တန်းကြီး

၀၀၀ ဒု/စုံစမ်း ရေးမှူး မြို့ပြ ဒု/ဦးစီး လက်ထောက်

တိုက် (၃၅) ၃ လွှာ၊ ၈၀ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။ ဖုန်း – ၀၁၅၂၃၀၁၄၊ ၀၉၇၃၀၀၈၇၁၉၊ ၀၉၂၆၃၇၀၄၀၀၅။

### ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဈေးတန်းအုပ်စု၊ အကွက်အမှတ်(၂၇)၊ ဈေးတန်းရပ်ကွက်၊ ဦးပိုင်အမှတ် ၆၁-ခ သည် ဦးစိန်လှ ၉/တတဥ(နိုင်)၀၀၈၂၄၅ ၏ အမည်ဖြင့် ဂရန်ကျပြီး ပိုင်ဆိုင်ထားပါသည်။

၎င်းပိုင်ဆိုင်မြေကို ငယ်စဉ်က အတူလုပ်ကိုင်ခဲ့သော အတူနေ တူမဖြစ်သူ ဒေါ်ငွေးခင်(ခ)ဒေါ်မူမူအား ပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်လှ
၉/တတဥ(နိုင်)၀၀၈၂၄၅

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/9150 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

**သွေးသည် အသက်**



# အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် မွေထိုင်းချန်ပီယံ ဒေ့လက်ဒပ်(ကနေဒါ)တို့ ဒုတိယအကြိမ်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာ့ရိုးရာလက်ဝှေ့ မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်း(မြန်မာ)နှင့် ကနေဒါ မွေထိုင်းချန်ပီယံ ဒေ့လက်ဒပ်(ကနေဒါ)တို့ ဒုတိယအကြိမ် စိန်ခေါ်ပွဲကြီးသည် အရှုံးအနိုင်ပေါ်လိမ့်မည်ဟု ပွဲစီစဉ်သူ ဦးဝဏ္ဏ(မာဂျေး)က ပြောသည်။

"ဒေ့လက်ဒပ်က တူးတူးကိုလည်း သရေထိုးခဲ့တယ်။ ထွန်းထွန်းမင်းနဲ့ ပထမအကြိမ်မှာ လက်ရည်တူထိုးခဲ့ပြီးပြီ၊ ဒီပွဲမှာ ဒေ့ကလည်း သေချာပြင်ဆင်ထားသလို ထွန်းထွန်းမင်းကလည်း လေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်။ မှားတဲ့သူခံရမယ် သရေတော့ မကျနိုင်လောက်ဘူး။ နိုင်တဲ့သူကို ဒေါ်လာ ၆၀၀ ရွှေခါးပတ် ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်" ဟု ဦးဝဏ္ဏက ဆက်လက်ပြောသည်။

အဆိုပါ ပြည်တွင်း ငါးချီစိန်ခေါ်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် ထွန်းမင်းနိုင်(ထွန်းထွန်းမင်း)နှင့် မိုက်သွေး(ဗမာ့သွေး)တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် လွမ်းချိုင်း(အက်ဗန်းချား)နှင့် စိန်လုံးချော(ဗမာ့သွေး)၊ ရွှေခါးပတ်ချန်ပီယံစွမ်းထက်နိုင်(ဗမာ့သွေး)နှင့် တိုင်းဒေသကြီး/ပြည်နယ်ရွှေတံဆိပ်ဆုရှင် ဒေါင်းဖြူလေး(အက်ဗန်းချား)၊ စောသဲဦး (S.T.L) နှင့် ချိုင်းထူး(နဂါးမာန်)၊ ဘိုစိုးအောင်(ဗမာ့သွေး)နှင့် တိုင်းဒေသကြီး/ပြည်နယ် ရွှေတံဆိပ်ဆုရှင် ထွန်းနိုင်ဦး (S.T.L)၊ ကရင်ပြည်နယ်အောင်လံဆုရှင် ထက်အောင်ဦး(တောင်ကလေး)နှင့် တိုင်းဒေသကြီး/ပြည်နယ် ရွှေတံဆိပ်ဆုရှင် ရွှေရာမာဉ်(1886 Mandalay)တို့ဖြစ်ပြီး ပြည်ပငါးချီ စိန်ခေါ်ပွဲတွင် ကမ္ဘာ့မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ဖျံသွေးနှင့် အီရန်မွေထိုင်းချန်ပီယံ နျူကလီးယားဟာဒီ(အီရန်)၊ မြန်မာပြည်အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် ကနေဒါမွေထိုင်းချန်ပီယံ ဒေ့လက်ဒပ်(ကနေဒါ)၊ အထူးအမျိုးသမီးလေးချီပွဲတွင် တနင်္သာရီတိုင်းလက်ရွေးစင် ရွှေစင်မင်းနှင့် ဂျပန်နပန်းလက်ရွေးစင် မိုမိုကို(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး AIR KBZ က အဓိကပံ့ပိုးကူညီကာ မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သော တတိယအကြိမ် AIR KBZ ရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးငွေ ကျပ် ၁၀၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀ သတ်မှတ်ကာ ပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး Miss Universe မော်ဒယ်များ အမှတ်စဉ်လှည့်လည်လျှောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် မွေထိုင်းချန်ပီယံ ဒေ့လက်ဒပ်(ကနေဒါ)တို့ ပထမအကြိမ်စိန်ခေါ်ပွဲတွင် ယှဉ်ပြိုင်ထိုးခဲ့သတ်စဉ်

### ⚙ ကျောဖုံးမှ

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိပြီး လက်ရွေးစင်အသင်း၌ ရွေးချယ်ခံထားရသည့် ကစားသမားအချို့ကိုပါ ပြန်လည်ရွေးချယ်ထားကာ နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲမတိုင်မီပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဟောင်ကောင် အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ယခင်က လက်ရွေးစင် အမျိုးသမီးအသင်း လူငယ်အမျိုးသားအသင်းတို့နှင့်သာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုလေးစုခွဲ၍ ကျင်းပခဲ့ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(ဂ)သာ ကျင်းပရန်ကျန်ရှိတော့ကာ ကျန်အုပ်စုများ ပြီးဆုံးသွားပြီဖြစ်သည်။ ကျင်းပပြီးစီးသွားသည့် အုပ်စုပွဲစဉ်များအနက် အုပ်စု (က) တွင် သြစတြေးလျ၊ အုပ်စု (ခ) တွင် ဥဇဘက်ကစ္စတန်၊ အုပ်စု(ဃ)တွင် ဗီယက်နမ်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(ဂ) ပွဲစဉ်များကို မူလတွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသော်လည်း ထိုင်းဘုရင်၏ စျာပနကြောင့် အိမ်ရှင်နိုင်ငံ အပြောင်းအလဲဖြစ်ခဲ့ခြင်းဖြစ်သည်။ အုပ်စု (ဂ) ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ္စတန် အသင်းတို့ ပါဝင်လျက်ရှိသည်။



## အရှိန်မထိန်းနိုင်သောယာဉ် ချောက်ထဲထိုးကျ၊ ယာဉ်မောင်းသေဆုံး

**မိုင်းပျဉ်း ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် တုံတာမြို့ ဖာဝေါ်အုပ်စု ပန်တောင်းအတက် တောင်ကြီး - ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၅၄၂/၅၄၃)ကြားတွင် ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲက မတ်တူးယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ထိုးကျတိမ်းမှောက်**

ဖြစ်စဉ်မှာ ကွန်ဟိန်းမြို့မှ ကျိုင်းတုံသို့ ယာဉ်မောင်း မနာဆီး(၂၄ နှစ်) ကွန်ဟိန်းမြို့နေ မောင်းနှင်ပြီး ကျော်မျိုးထွေး(၂၄ နှစ်) တာချီလိတ်မြို့နေသူ လိုက်ပါလာသည့် 5G/---- မတ်တူးယာဉ်သည် မိုင်းပျဉ်းမြို့နယ် တုံတာမြို့ ဖာဝေါ်အုပ်စု ပန်တောင်းအတက်တွင် အရှိန်မထိန်းနိုင်ဘဲ ပေ ၄၂၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ **(ဝဲပုံ)** ယာဉ်မောင်းသေဆုံးပြီး ယာဉ်ပေါ်လိုက်ပါလာသူမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တုံတာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ဇင်မြင့်(မြန်/ဆက်)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**


## ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)
## ဖုန်း-၀၉-၇၃၂၅၄၈၃၅

ရန်ကုန်ဂေါက်အသင်းမှ အသင်းသားအချို့သည် အသင်းသို့ပေးသွင်းရန်ရှိသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို (၂)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန် ပျက်ကွက်နေပါသဖြင့် အဆိုပါအသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါသောကြောင့် မိမိတို့ပေးသွင်းရန်ကျန်ရှိနေသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို ၃၁-၁၂-၂၀၁၆ရက် (စနေနေ့)နောက်ဆုံးထားပြီး မပျက်မကွက် ပေးသွင်းကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**
**ရန်ကုန်ဂေါက်အသင်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(၁)၊ အဌမတန်း(E)မှ မနှင်းအိချို၏ ဖခင်အမည်မှန်မှာ ဦးမြို့ ၈/စလန(နိုင်)၁၀၉၇၀၇ ဖြစ်ပါကြောင်း။ **ဦးမြို့**

## အမည်ပြောင်း

စစ်တွေမြို့၊ ရွှေပျိုးခင်းပုဂ္ဂလိကပညာသင်ကျောင်း၊ သတ္တမတန်းမှဦးမောင်ဝင်း ၁၁/စတန(နိုင်)၀၆၄၆၃၈၏ သား မောင်ဝင်းထူးနိုင်အား မောင်ဝေယံတိုးဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ရသေ့တောင်မြို့၊ ချောင်းဝရပ်ကွက်နေ ဦးမောင်ကျော်ဇော ၁၁/ရသတ(နိုင်)၁၀၀၆၂၄၏ သား မောင်ဖိုလ်ဖိုလ်သန့် ၁၁/ရသတ(နိုင်)၀၅၇၆၇၂၏ အမည် မှန်မှာ မောင်မျိုးသန့်ဖြစ်ပါကြောင်း။ **မောင်မျိုးသန့်**

## ဦးမြတ်သူသိစေရန် အသိပေးကြေညာချက်

ပြင်ဦးလွင်မြို့နေ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ခင်လေး ၁၂/ဥကတ(နိုင်)၀၇၈၃၀၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်လေးနှင့် ဦးမြတ်သူတို့သည် လွန်ခဲ့သော ၂-၆-၁၉၉၇ရက်က နှစ်ဦးသဘောတူထိမ်းမြားလက်ထပ်ခဲ့ပြီးနောက် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြရာ အိမ်ထောင်သက်(၁၉)နှစ်တိတိရှိပြီးဖြစ်ပါသဖြင့် ကျွန်ုပ်မိတ်ဆွေသည် ဦးမြတ်သူ၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပါသည်။ သို့ရာတွင် ဦးမြတ်သူသည် အိမ်ထောင်သက်(၁၉)နှစ်ကာလအတွင်း မကြာခဏ အိမ်မှဆင်းသွားပြီး ပြန်လာလေ့ရှိပါသည်။ သို့သော် ဦးမြတ်သူသည် ၂၂-၁၁-၂၀၁၆ရက်က ရွှေမန်းမေကားဂိတ်တွင် ကားဝယ်ပြီးကားအသင်းဝင်မည်ဟု ပြောဆိုပြီး ကျွန်ုပ်မိတ်ဆွေထံမှ ငွေကျပ်သိန်းသုံးရာကျော်ကို ယူဆောင်သွားပြီးနောက် နေအိမ်မှဆင်းသွားခဲ့ရာ ယနေ့အချိန်ထိ ပြန်လာခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဦးမြတ်သူအနေဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကားဝယ်ပြီး ရွှေမန်းမေကားဂိတ်တွင် အသင်းဝင်ဖြစ် မဖြစ် (သို့မဟုတ်)အသင်းဝင်မဖြစ်ပါက ကျွန်ုပ်၏မိတ်ဆွေထံမှ ယူသွားသော ငွေကျပ်သိန်းသုံးရာကျော်အား ကျွန်ုပ်၏မိတ်ဆွေထံပြန်လည်ပေးဆပ်ခြင်း ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အကယ်၍ ဦးမြတ်သူသည် ဤအသိပေးကြေညာချက်တွင် ပါရှိသည့်အတိုင်း မလိုက်နာပျက်ကွက်ခဲ့ပါက ဦးမြတ်သူနှင့်လက်ခံထားသူတို့အပေါ် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်ခင်လေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးပိုအေး** | **ဒေါ်နှင်းဝတ်ရည်စိုး** | **ဦးစိုးနိုင်လင်း** |
|---|---|---|
| B.A (Law), LL.B | LL.B` | LL.B |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် ၉၃၊ ရွှေမြင်တင်ဘုရားလမ်း၊ ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၆၀၂၂**

**RECRUITMENT NOTIC E**

Embassy of India, Yangon invites applications from eligible candidates for the posts of (a) Marketing Executive: 1; (b) Development Cooperation/ Marketing Assistant: 1; (c) Assistant: 1; & (d) Clerk:

1. Application Form and other eligibility conditions are available at our website www.indiaembassyyangon.net

The duly filled in application in prescribed format complete in all respect along with all supporting documents may be submitted to Head of Chancery, Embassy of India, 545-547 Merchant Street, Yangon by 16.12.2016. Applications received after due date or which is not in the prescribed format or without requisite documents will not be considered. Applicants may contact Embassy for further information (Tel: 391219 / 243972).

## အများသိစေရန်

မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်၊ အမှတ်၁/၄၇နေ ဦးအုန်းငွေ ၁/မညန(နိုင်)၀၇၂၇၂၆ နှင့် မောင်မျိုးကျော်သည် လုံးဝ မပတ်သက်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးအုန်းငွေ**

## ဦးရာလှူရောင်းမည်

**ပရိုဘောက်စ်** TAXI 138 **သိန်း**
**ဘယ်လ်တာ ၁၂၀ သိန်း**
**ဖုန်း - ၀၉-၃၀၃၅၄၅၃၀၊ ၀၉-၂၅၁၀၃၅၉၇၅**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အလက(၉)ထ/ခွဲ သတ္တမတန်းမှ ဦးရဲထွန်း ၁၂/လကန(နိုင်)၀၃၆၁၇၀၏ သား မောင်သူရိန်ဉာဏ်မြင့် အား မောင်အောင်သူရထွန်းဟု ပြောင်းလဲခေါ်ပါရန်။

## ဒေါ်မော်မော်

B.Sc (Phy)Q, D.A (Myan), D.A (L.C.C.I) UK, DMAc, DFAc

**L.C.C.I Level 1,2,3 & Computerised Accounting June Series အတွက် ကျောင်းအပ်လက်ခံနေပါပြီ။**

09-73205079, 09-254215033
09-799564703, 09-974072330

၁၀၈(၃-ထပ်)၊၃၇-လမ်း၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား။

## "ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုဇုန်(၃)၊ အမှတ်(၃)၊ အဆေးပြေးလမ်းမကြီး၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ အမှတ်(၃၅၁-၃၅၂)ရှိ "Kaung Htet Myanmar Manufacturing & Distribution Co., Ltd." သည် အောက်ဖော်ပြပါ "Uni" ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ တစ်ဦးတည်းပိုင်ရှင်ဖြစ်ကြောင်း ကြေညာ မှတ်ပုံတင်မည် ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို "အချိုရည်၊ ဖျော်ရည်အမျိုးမျိုး" တို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်အသုံးပြုသွားမည် ဖြစ်ပါသည်။

ထိုသို့မှတ်ပုံတင်ခြင်းအားကန့်ကွက်လိုသူများရှိပါကအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထိုကာလကျော်လွန်ပါက အဆိုပါကုန်အမှတ်တံဆိပ်အားကုမ္ပဏီ၏ မူပိုင်အဖြစ် ကြေညာမှတ်ပုံတင်ပြုလုပ်၍ ထုတ်လုပ်ဖြန့်ချိသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဝင်းမှူတင်၊ M.A.,H.G.P.,D.B.L.,M.A. (Business Law)
(စဉ်-၁၉၂၇၆)၊ စာတိုက်သေတ္တာအမှတ်(၆၀)
အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။
(ဖုန်း) ၀၁-၃၇၅၅၉၉

# တရားခံလွှဲပြောင်းရေးဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

***ယမန်နေ့မှအဆက်***

၃၅။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကိုတောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၆။ နိုင်ငံတော်၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်စဉ် ခေတ္တရပ်နား၍ ခေါ်ဆောင်ခြင်းဖြစ်ပါက ကုန်ကျစရိတ်ကို ပုဒ်မ ၃၅ အရ တောင်းဆိုသည့်နိုင်ငံက ကျခံရမည်။

၃၇။ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်ကို နိုင်ငံတော်ကကျခံရန် အကြောင်း ပေါ်ပေါက်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းက ကျခံရမည်။

၃၈။ ပုဒ်မ ၆ တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ၊ ပြစ်မှု အကြောင်းခြင်းရာအရပ်ရပ်အား သုံးသပ်ချက်အရ ပြစ်မှုကျူးလွန်သူအား ယင်းပြစ်မှု ကျူးလွန်သည့်နေရာတွင် စစ်ဆေးစီရင်ခြင်းက ပိုမိုသင့်လျော်ကြောင်း တွေ့ရှိရလျှင်ဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ လိုအပ်ခဲ့လျှင်ဖြစ်စေ နိုင်ငံတော်သမ္မတက တရားခံလွှဲပြောင်းပေးရန် ခွင့်ပြုနိုင်သည်။

၃၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တရားခံ လွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများပါဝင်သော သဘောတူစာချုပ်များ ချုပ်ဆိုရေးအတွက် အဆိုပြုခြင်း၊ လက်ခံခြင်း၊ စိစစ်ခြင်း၊ လက်မှတ်ရေးထိုးခြင်းတို့ကို နိုင်ငံတော် ကိုယ်စားဆောင်ရွက်နိုင်သည်။

၄၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ တရားခံလွှဲပြောင်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၄၂။ "The Burma Extradition Act.1904" ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**နောက်ဆက်တွဲဇယား(က)**

**"နိုင်ငံရေးသဘောသဘာဝရှိသောပြစ်မှုများဟုမမှတ်ယူရမည့်ပြစ်မှုများ စာရင်း"**

၁။ ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းပါရှိသော အောက်ပါပြစ်မှုများ -

(က) ပြစ်မှုပုဒ်မ ၃၀၂၊ လူသတ်မှု၊

(ခ) ပြစ်မှုပုဒ်မ ၃၀၄ လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှု၊
ပြစ်မှု ပုဒ်မ ၃၀၄-က ပေါ့လျော့ခြင်းဖြင့် လူသေစေမှု၊

(ဂ) ပြစ်မှုပုဒ်မ ၃၁၁၊ လူသတ်ဓားပြမှု၊

(ဃ) ပြစ်မှုပုဒ်မ ၃၂၆၊ အပြင်းအထန်နာကျင်စေမှု၊

(င) ပြစ်မှုပုဒ်မ ၃၄၁၊ မတရားတားဆီးကန့်ကွက်မှု၊

(စ) ပြစ်မှုပုဒ်မ ၃၄၂၊ မတရားချုပ်နှောင်ထားမှု၊

(ဆ) ပြစ်မှုပုဒ်မ ၃၆၃၊ လူခိုးမှု၊

(ဇ) ပြစ်မှုပုဒ်မ ၃၆၄၊ လူကိုသွေးဆောင်ခေါ်ဆောင်မှု၊

(ဈ) ပြစ်မှုပုဒ်မ ၃၇၀၊ တစ်ဦးတစ်ယောက်သောသူကို ကျွန်အဖြစ်ဝယ်ယူမှု၊ သို့တည်းမဟုတ် စီမံခန့်ခွဲမှု၊

(ည) ပြစ်မှုပုဒ်မ ၃၇၄၊ ဥပဒေနှင့်ဆန့်ကျင်သော အတင်းအဓမ္မ ခိုင်းစေမှု၊

(ဋ) ပြစ်မှုပုဒ်မ ၃၈၄၊ ခြောက်လှန့်တောင်းယူမှု၊

(ဌ) အထက်အပိုဒ်ခွဲ (က)မှ(ည)အထိဖော်ပြထားသောပြစ်မှုများဆိုင်ရာ အားပေးကူညီမှုများ၊

၂။ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြစ်မှုများ၊

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသော အကြမ်းဖက်မှုများ၊

၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသောပြစ်မှုများ၊

၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းပါရှိသော ပြစ်မှုများ။

**ပုံစံ (၁)**

---------------------------------------- နိုင်ငံ

----------------------------------------ဌာန

(ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ) ကို ရည်ညွှန်းသည်)

သို့

ပြည်ထောင်စုဝန်ကြီး

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ ။ **တရားခံလွှဲပြောင်းပေးရန်/တရားခံရှာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း**

၁။ ---------------------------------------- တွင် ဖြစ်ပွားသော--------------------------------------ကိစ္စနှင့် စပ်လျဉ်း၍ ----------------------------------နိုင်ငံတွင် တရားစွဲဆိုရန်/----------ပြန်တိုက် စစ်ဆေးစီရင်နိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ရောက်ရှိနေသူ --------------------နိုင်ငံသားအား ရှာဖွေဖမ်းဆီး၍ လွှဲပြောင်းပေးနိုင်ပါရန် အကူအညီတောင်းခံအပ်ပါသည်။

၂။ မှုခင်းဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသည့်ကိစ္စနှင့်သက်ဆိုင်သည့် အမှုအကျဉ်းချုပ် နှင့်သဘောသဘာဝ ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

(ခ) အရေးယူထားသည့် ဥပဒေနှင့်ပုဒ်မ----------------------------------------
----------------------------------------
----------------------------------------

(ဂ) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

(ဃ) ဆောင်ရွက်ပေးရမည့် အချိန်ကာလ( အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက ဆောင်ရွက်ရန်ဖော်ပြချက်)----------------------------------------
----------------------------------------

(င) တောင်းဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ တောင်းဆိုသောနိုင်ငံတွင် ကျင့်သုံးနေသောသက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ----------------------------------------
----------------------------------------
----------------------------------------
----------------------------------------

(စ) တောင်းဆိုသောနိုင်ငံတွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်ခြင်း ပြုလုပ်သူ အရာရှိ၏ အမည်၊ ဌာနနှင့် လုပ်ငန်းတာဝန်----------------------------------------
----------------------------------------
----------------------------------------

(ဆ) အခြားလိုအပ်သောအချက်များ----------------------------------------
----------------------------------------
----------------------------------------

တောင်းဆိုသည့်နိုင်ငံ၏ အာဏာပိုင်

---------------------------------------- နိုင်ငံ

စာအမှတ်။--------------------------------

ရက်စွဲ။ --------------------------------

မှတ်ချက်။ မဆိုင်သည့် စာသားကိုဖျက်ရန်။

**ပုံစံ (၂)**

**တရားခံလွှဲပြောင်းပေးရန်တောင်းဆိုခြင်းခံရသူ၏ အကြောင်းအရာအထွေထွေများ**

(ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ) ကို ရည်ညွှန်းသည်)

ဓာတ်ပုံ

၁။ အမည် - ----------------------------------------

၂။ အခြားအမည်(ရှိလျှင်) - ----------------------------------------

၃။ နိုင်ငံသား - ----------------------------------------

၄။ နိုင်ငံကူးလက်မှတ်အမှတ်/နိုင်ငံသား - ----------------------------------------

သက်သေခံလက်မှတ် အမှတ်နှင့် - ----------------------------------------

ထုတ်ပေးရက်စွဲ၊ ထုတ်ပေးသည့်နေရာ - ----------------------------------------

၅။ အလုပ်အကိုင် - ----------------------------------------

၆။ အဘနှင့် အမိအမည် - ----------------------------------------

၇။ မွေးဖွားရာအရပ် - ----------------------------------------

၈။ အမြဲနေထိုင်ရာအရပ် - ----------------------------------------

၉။ အသက်/မွေးသက္ကရာဇ် - ----------------------------------------

၁၀။ လူမျိုး/ဘာသာ - ----------------------------------------

၁၁။ အရပ် - - ----------------------------------------

၁၂။ ပုံပန်း - - ----------------------------------------

၁၃။ ဆံပင် - - ----------------------------------------

၁၄။ မျက်ခုံးများ - ----------------------------------------

၁၅။ နဖူး - ----------------------------------------

၁၆။ မျက်စိများ - ----------------------------------------

၁၇။ နှာခေါင်း - ----------------------------------------

၁၈။ ပါးစပ် - - ----------------------------------------

၁၉။ သွားများ - ----------------------------------------

၂၀။ လက်ချောင်းများ - ----------------------------------------

၂၁။ နားရွက်များ - ----------------------------------------

၂၂။ မျက်နှာရှည်သည်/ဝိုင်းသည်/မျက်နှာထားချိုသည်- --------------------------------မျက်နှာထားပုတ်သည်/တွန့်ကြောင်းများသည် ----------------------------------------

၂၃။ အသားအရောင် - ----------------------------------------

၂၄။ မုတ်ဆိတ် - ----------------------------------------

၂၅။ နှုတ်ခမ်းမွေးများ - ----------------------------------------

၂၆။ ထူးခြားသောအမှတ်အသားများ - ----------------------------------------

၂၇။ ထူးခြားသောအမူအရာများ - ----------------------------------------

၂၈။ အမြဲဝတ်တတ်သောအဝတ်တန်ဆာများ ----------------------------------------

၂၉။ အမှုအကြောင်းအရာအကျဉ်းချုပ်
----------------------------------------
----------------------------------------
----------------------------------------
----------------------------------------
----------------------------------------
----------------------------------------
----------------------------------------



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော " မန္တလေး မျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# မှန်မကြည့်ဖြစ်တော့တဲ့ မန္တလေး

## ဆူးငှက်

တကယ်တော့ မန္တလေးမှာ ရွှေဝတ်ရည်မဂ္ဂဇင်းကို အစအဆုံးတည်းဖြတ်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ခြင်းက မန္တလေးနှင့်အနီးတစ်ဝိုက်ရှိ စာပေဝါသနာရှင်များကို စုစည်းအားဖြည့်ပေးလိုက်ခြင်းဖြစ်သည်။ ရန်ကုန်ထုတ်မဂ္ဂဇင်းကြီးများက မန္တလေးစာမူတွေ အများအပြား လိုအပ်ပါသည်ဆိုသော်ငြား နာမည်ရပြီး၊ အရှိန်ရပြီး ကလောင်ရှင်များသာ အပြိုင်းအရိုင်း ဖူးပွင့်ဝေစည်နိုင်ကြသည်မဟုတ်ပါလား။ ကလောင်သစ်များအဖို့၊ အားယူစကလောင်ငယ်များအဖို့ ကိုယ့်မြို့ကိုယ့်ရွာမှာ မဂ္ဂဇင်းတစ်စောင်ရှိလာတဲ့အခါ အစစအားတက်လာ အားရှိလာကြသည်။ ရေးကြသားကြသည်။ စက်ဘီးလေးစီး၊ ဘတ်စ်ကားလေးစီးပြီး စာမူပို့ကြသည်။ အယ်ဒီတာနှင့် နဖူးတွေ့ဒူးတွေ့တွေ့ရသည်။ စာမူကို ကိုယ်ထိလက်ရောက်ပေးနိုင်သည်။ ဟော...လပိုင်းအတွင်းရွေးပယ်စာရင်းသိရသည်။ အဆင်ပြေ၏။

အဆင်မပြေသည်က မဂ္ဂဇင်းတိုက်လုပ်ငန်းပဲဖြစ်ပါသည်။ မန္တလေးကနေ ရန်ကုန်ကိုလှမ်းပြီး ရုံးကိစ္စဆောင်ရွက်ရတော့ အချိန်တွေ၊ စရိတ်တွေ၊ လူတွေပိုကုန်သည်။ မန္တလေးကမို့ သီးခြားသဘောဆောင်သော အလေးထားမှုက အချိန်တွေကို အလေးထိုးလိုက်ပြန်သည်။ ဘူးလေးရာဖရုံဆင့်စေတာကလည်း မန္တလေးမှာမဂ္ဂဇင်းစာဖောင်ရိုက်နှိပ်သည့်ပုံနှိပ်စက်က ရှားပါးလှသည်။

အော့ဖ်ဆက်ကလည်း သည်တုန်းက မန္တလေးမှာ လက်ချိုးရေလို့ရသည်။ လက်တစ်ဖက်ပင်မပြည့်။ သည်အထဲ ဗာဟီရကိစ္စများတာရော...၊ ဖောင်တိုမို့ရော စီးပွားရေးအရ တွက်ခြေမကိုက်သဖြင့် ဘယ်အော့ဖ်ဆက်ကမှ မဂ္ဂဇင်းမရိုက်ချင်။ မန္တလေးမှာဘီစကွတ်ခေတ်ကောင်းချိန်၊ နေကြာစေ့ခေတ်ကောင်းချိန်မို့ ဘီစကွတ်တံဆိပ်၊ နေကြာစေ့တံဆိပ် ပုံရုပ်တွေကိုပဲ လက်မလည်နေချိန်မို့ မဂ္ဂဇင်းဆိုသောအုပ် (၁၀၀၀) စာလောက်အလုပ်လေးနဲ့ ဘယ်ပုံနှိပ်တိုက်ကမှ ဦးနှောက်ခြောက်မခံချင်ကြ။

သတ်မှတ်ရက်အမီ မဂ္ဂဇင်းဖောင်ပိတ်နိုင်သော်လည်း ဖလင်တွေကိုကိုင်ကာ ပုံနှိပ်တိုက်ကို စိတ်မောလူမောသွားရသည်။ ကိုယ်လိုချင်သောရက်မှာ ရိုက်ပေးဖို့ ပိုင်ရှင်ရှိရာ ပြင်ဦးလွင်ထိတက်ပြီး ရက်တောင်းရသည်။ ပိုင်ရှင်ဆီကစကားကိုယူ ပြန်ဆင်းပြီး စက်မန်နေဂျာဆီဝင်ရသည်။ ပိုင်ရှင်ထံမှ မန်နေဂျာဆီတယ်လီဖုန်းသတင်းဝင်မှ ပထမအဆင့်ပြီးသည်။ ရိုက်လက်စပုံရုပ်တွေ ချက်ချင်းချပြီး စာဖောင်တင်ဖို့ကိစ္စပြောရတာကလည်း ကျားမြီးဆွဲရသလိုပင်။ မန်နေဂျာက လိုလိုလားလားရှိသယောင်ပြမှ စက်ခန်းထဲဝင်ပြီး စက်ဆရာကို မျက်နှာချိုသွေးရပြန်၏။ စက်ဆရာဆီကရက်ချိန်းရမှ ဒုတိယအဆင့် ပြီးပြန်သည်။

စက်ဆရာချိန်းသောရက်ရောက်တော့ မယောင်မလည်နှင့် စက်ရှေ့ဝေ့ဝဲကြည့်ရသေး၏။ နော်ဝေစက္ကူတွေ ၁၅ လက်မ × ၂၀ လက်မဖြတ်ထားတာ မြင်ရတော့ ထခုန်မိမတတ်ဝမ်းသာရသည်။ ထိုစက္ကူပုံက ရိုက်ပြီးစာဖောင်အဖြစ် မင်အစွန်းအစတွေ လှမ်းမြင်ရလျှင် ထီပေါက်ပြီ။ ဝမ်းသာမှုကို အောင့်ထားဦး။ အသက်ပြင်းပြင်းမရှူဝံ့။ နေ့စဉ်ပင် မနက်တစ်ခေါက်၊ ညနေတစ်ခေါက် စက်ရှေ့ဝေ့ကြည့်ရတာ အမော။ ရိုက်ပြီးစာဖောင်တွေ တိုးတိုးလာပါမှ။ မဂ္ဂဇင်းစာဖောင်တိုးမလာဘဲ ဘီစကွတ်တံဆိပ်အတွက် အတ်ပေပါတွေဖြတ်ပြီး ပုံလိုက်တာ ကြားဖြတ်မြင်ရပြန်လျှင်မောပြီ။ ထပ်တက်ပေဦး ပြင်ဦးလွင်။ ပြန်ဆင်းလာပြီး ပူဆာပေဦး မန်နေဂျာဆီ။ မျက်နှာချိုသွေးပေဦး စက်ဆရာဆီ။

ထိုအခါ မဂ္ဂဇင်းဖောင်ပိတ်အပြီး ဖလင်ကိစ္စဖယ်ထားဦး။ ပုံနှိပ်တိုက်မှာ ကိုယ့်စာဖောင်လေးရိုက်ပါမည့်အကြောင်း စောင့်ရတာ အနည်းဆုံးတစ်ပတ်ကြာသည်။ အုပ်ရေ ၁၀၀၀ စာဖောင် ၂၀ ကို ရိုက်အပြီးစောင့်ရတာ အနည်းဆုံး တစ်ပတ်ကြာသည်။

သည်တော့ မန္တလေးမှာ မဂ္ဂဇင်းတစ်စောင်ကိုဤသို့ ဤနှယ်ထုတ်ဝေခဲ့သည်ဆိုတာ ပြန်လှန်တွေးကြည့်ရုံဖြင့် ရင်မောစရာကောင်းလှပါဘိ။

တစ်ခါစာဖောင်တွေပြီးပြန်လို့ အဖုံးရိုက်မယ်ဆိုပြန်တော့ မင်အနက်ရိုက်လက်စမို့ နောက်ထပ်မင်အနက်ပုံရုပ်များ တစ်လက်စတည်း ရိုက်ပြန်လို့ လေးရောင်တင်မည့်ရက်ကို အဖုံးဖလင်ကိုင်ကာစောင့်ရပြန်၏။ အဖုံးရိုက်ပြီဆိုလျှင် မဂ္ဂဇင်းပိုင်ရှင် အစ်မကြီး ဒေါ်နုနုယဉ်နှင့် သားတော်မောင်ကိုတိုးတို့ ရန်ကုန်မီးရထားလက်မှတ်အမြန်ဝယ်ထားနှင့်၊ ရတဲ့ရထား၊ ရတဲ့ထိုင်ခုံ၊ တောင်းသလောက်ဈေးနှင့် ဝယ်ထားပေရော့။

ပုံနှိပ်တိုက်က ညတွင်းချင်းရိုက်ပြီးသော မခြောက်တခြောက် မဂ္ဂဇင်းအဖုံးရွက်ရေ ၇၀ လောက် သုံးဘီးနှင့် အပြေးအလွှားယူ၊ အိမ်ရောက်ရောက်ချင်း စာအုပ်အမြန်ဖော်၊ ချုပ်၊ ညနေစောင်းကော်စိုစိုစာအုပ်များနှင့် ရန်ကုန်ဆင်းရသည်။

တိုက်မှာကျန်ရစ်သူများက တစ်ပတ်အတွင်း ရန်ကုန်ကဖုန်းသတင်းကို ရင်တမမ စောင့်ရ၏။ စာဖောင်တွေတော့ အဆင်သင့်ခေါက်ထား။ ဤသို့ ဤပုံထုတ်ဝေရသော မဂ္ဂဇင်းတစ်ရပ်မို့ သုံးလေးလနေမှတစ်အုပ်ထွက်နိုင်၏။ တစ်ခါတစ်ရံ ခြောက်လမျှပင် ကြာသွားတတ်သေးသည်။ မည်သို့ပင်ဆိုစေကာမူ ဤမဂ္ဂဇင်းကို အကြောင်းပြု၍ မန္တလေးမှာ ကလောင်သစ်တွေ ဆပွားတိုးလာတာ သေချာပါသည်။ စာပေနှင့်ပတ်သက်သည့် ပွဲလမ်းဆိုလျှင် တစုတဝေးအုန်းအုန်းကျွက်ကျွက်...။

ထိုအချိန်က ဆရာနတ်မောက်ထွန်းရှိန်၏ ကနဦး"မန္တလေးယဉ်ကျေးမှုဂျာနယ်" လည်းထွက်နေသည်။ ရန်ကုန်မှ ရိုက်နှိပ်ထုတ်ဝေသော မန္တလေးမဂ္ဂဇင်းတစ်စောင်အဖြစ် "ရင်လှိုင်းခတ်သံ"လည်း ထွက်နေသည်။

မန္တလေးစာပေအစုအဝေးက မန္တလေးမြို့ထုတ်ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်တွေအပြင် စာအုပ်စာတမ်းတွေကိုလည်း ရေးယခင်ကကဲ့သို့ အပြိုင်းအရိုင်းထုတ်ဝေလိုကြခြင်းအာသီသမှာ ထိုအချိန်က အမြင့်မားဆုံးဖြစ်ခဲ့သည်။ ထိုအခါ မိမိတို့အစုအဖွဲ့တစ်နိုင်တစ်ပိုင်အဖြစ် ဝတ္ထုတိုပေါင်းချုပ်စာအုပ်များ၊ ကဗျာစာအုပ်များ ထုတ်ဝေကြ၏။ အမှတ်တရစာအုပ်များအပြင် "ဝေဒနာနာရီထဲမှ အလင်းငှက်"ကဗျာစာအုပ်ထွက်လာ၏။ "နွေရောင်ကောင်းကင်"ကဗျာစာအုပ်ထွက်လာ၏။"အိပ်မက်ရိုင်း"ကဗျာစာအုပ်ထွက်လာ၏။

"ဝေဒနာနာရီထဲမှ အလင်းငှက်"တွင် တင်ငြိမ်းနီ၊ ပြည့်ဖြိုးသီ၊ မောင်ဆွေသစ်



(မန္တလေး)နှင့် မောင်ငြိမ်းဇော်တို့ ပါဝင်ရေးသားကြ၏။ "နွေရောင်ကောင်းကင်" မှာက မောင်သင်းပန်နှင့်ကိုငြိမ်း(မန္တလေး)တို့၏ "ဒွန်" အစီအစဉ်ဖြစ်သည်။ "အိပ်မက်ရိုင်း"မှာ မောင်နွေထက် တစ်ကိုယ်တော်ဖြစ်သည်။ ထို့နောက်ဆရာနီမောင်၏ "ပန်းနုနှင်းဆီ"ကဗျာစာအုပ်လည်းထွက်လာပြန်သည်။ ထီးပေါင်းကားမှလည်း မိုးမိုး(အင်းလျား)အမှတ်တရအဖြစ်"မညိုပြာရဲ့နှင်းဆီခင်း"စာစုအပြင် ကျော်စွာထက်၏ ဝတ္ထုတိုပေါင်းချုပ်စီးရီးတွေ ထွက်၏။ ဆရာဝင်းစည်သူ၏ " ဆယ့်နှစ်ပွဲဈေးသည်" ဝတ္ထုတိုပေါင်းချုပ်ထွက်သည်။ " (၉၀)ဝန်းကျင် ဝတ္ထုတိုများ" ထွက်သည်။ ရဲသျှမ်း၏ " အသည်းကွဲရှန်တိန်" ဝတ္ထုတိုများ ထွက်သည်။

ထိုအချိန်က မန္တလေးတွင် အပြိုင်းအရိုင်းပွင့်လာသော ဝတ္ထုတိုပွင့်သစ်များနှင့်အတူ ကဗျာပွင့်သစ်များကပါ အပြိုင်အဆိုင် စာအုပ်စာတမ်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကိုအောင်ဘညို ဦးဆောင်စုစည်းမှုဖြင့် " ကမ်းလွန်လေ" ကဗျာမဂ္ဂဇင်းကိုလည်း ထုတ်ဝေနိုင်ခဲ့ခြင်းက အမှတ်တရဖြစ်ခဲ့သည်။

မဖြစ်စလောက် အရိပ်ကလေးကိုပေးသည့် လူလားမြောက်စ ပင်လယ်ကဗ္ဗီးပင်ကလေးအောက်က ခုံတန်းရှည်ကလေးမှာ မနက်စောစော ခုနစ်နာရီခွဲလောက်ဆိုလျှင် ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်လျက် ချမ်းမင်းအိမ် ရောက်လာတတ်၏။ လူပုံစံက သပ်ရပ်၊ ကြော့ရှင်း၊ မွေးမြ...။ မာယာထောင်ချောက် ရုပ်ရှင်ကားထဲမှ မင်းသားအောင်လွင်လိုလို...၊ ချစ်သူရွေးမယ် ချစ်ဝဲလည်ထဲက မင်းသားဝင်းဦးလိုလို...။ ချမ်းမင်းအိမ်ကား ထိုစဉ်က ရန်မျိုးလုံအရပ်ထဲရှိ သူ့အစ်မအိမ်မှာနေ၏။ သူ့အစ်မအိမ်က ပုံစံလှလှ၊ ခေတ်မီမီ တစ်ထပ်တိုက်ကလေးဖြစ်သည်။ သည်တိုက်ဆောက်ပြီးနောက် ချမ်းမင်းအိမ်က အင်ဂျင်နီယာတစ်ဦးနှင့်တွဲကာ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းတွေ ကန်ထရိုက်ယူဆောင်ရွက်နေ၏။ တစ်ဖက်ကလည်း ထိုအချိန်က စတင်ခေတ်စားနေသော မြေအရောင်းအဝယ်လုပ်ငန်းလည်း လုပ်သည်။

သူက မနက်လင်းလျှင် ကျွန်တော့်အိမ်ရောက်လာသည်။ အိပ်ရာထစ ဂရိဂျေါင်လုပ်ကာ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေသော ကျွန်တော့်သားအငယ်ကောင်ကိုစသည်။ မဂ္ဂဇင်းစာအုပ်တွေ ထိုင်ဖတ်သည်။ ပြီးတော့ ကျွန်တော့်ကို လက်ဖက်ရည်ဆိုင်ခေါ်သွားကာ သူ့ရည်းစားတွေအကြောင်း၊ သူ့ကဗျာတွေအကြောင်း ပြောတတ်သည်။ တစ်ခါတစ်ရံ သူက သူ့မြေပွဲစားလုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်းများအတွက် အလုပ်ကိစ္စပြောဆိုရန် ကျွန်တော့်အိမ်မှာပင် တာရဲတန်း လမ်း ၈၀ က ဒေါက်တာ တင်မောင်ထွန်းကို ချိန်းဆိုထားတတ်၏။ ဒေါက်တာတင်မောင်ထွန်း ဆန်နီအဝါလေးနှင့် လာတတ်သည်။ မည်သို့သောတံဆိပ်မျိုးစုံနှင့် စီးကရက်တွေပါဝင်နေပါစေ၊ အိတ်စပို့ဒူးယားကို အိတ်ထဲမှာ ဘူးလိုက်ဆောင်ထားပြီး စီးကရက်ကို မီးကူးကာ တစ်လိပ်ပြီးတစ်လိပ်သောက်သူဖြစ်သည်။ ဒေါက်တာတင်မောင်ထွန်းက ကျောက်တွင်းပိုင်ရှင်တွေ၊ သစ်ကန်ထရိုက်အကွက်များ ယူထားသည့်အဖွဲ့အစည်း ပုဂ္ဂိုလ်တွေ၊ လုပ်ငန်းရှင်တွေ၊ မြေပွဲစားတွေနှင့် အပေါင်းအသင်းဆံ့သည်။ ကျောက်လောက၊ သစ်လောကထဲ နှံ့စပ်သူဖြစ်သည်။

ချမ်းမင်းအိမ်နှင့် ဒေါက်တာ တင်မောင်ထွန်း ကျွန်တော့်အိမ်မှာဆုံပြီး မြေကွက်တွေစပ်ကြ ဟပ်ကြသည်။ အရောင်းအဝယ်ဖြစ်ကြသည်။

ကျွန်တော်ကား သူတို့နှစ်ဦးနှင့် လက်ဖက်ရည် တစ်စားပွဲတည်းပေမယ့် အံ့သြငေးမောနေသူတစ်ဦးသာ။ ဒေါက်တာ တင်မောင်ထွန်း စီးကရက်တဖွာဖွာနှင့် ပြောပြနေသော ကာရာအိုကေအကြောင်း၊ ခေါင်းလျှော်ဆိုင်များအကြောင်း၊ ကျောက်မဲ-လားရှိုးလမ်းမကြီးပေါ်က ကားကြုံစီးသူ နတ်မိမယ်လေးများအကြောင်း၊ မဲဇာသစ်လုပ်ကွက်များအကြောင်း မည်းတမ်းနားထောင်ရသည်။ တစ်မနက်ခင်းကုန်ရော။

တစ်ခါတစ်ရံ စိတ်လိုလက်ရရှိလျှင် ဒေါက်တာ တင်မောင်ထွန်းက ဝတ္ထုတိုတွေအကြောင်း၊ စာပေသဘောတရားတွေအကြောင်း နှံ့စပ်စွာ ပြောတတ်သည်။ သည်လို စာအကြောင်း ပေအကြောင်းတွေ ပြောဖန်များလာသောအခါမှ ဆန်နီကားလေးနှင့်၊ ဂျက်ကော့ဂျာကင်နှင့် ဘောင်းဘီအိတ်ထဲ စီးကရက်ဘူးထည့်ကာ ရေဘင်မျက်မှန်တဝင်းဝင်းနှင့် ခေတ်သစ်လုပ်ငန်းရှင် ဒေါက်တာတင်မောင်ထွန်း ပုံရိပ်က တဖြည်းဖြည်းဝါးသွားကာ စာရေးဆရာညိုထွန်းလူ ပုံရိပ်က တဖြည်းဖြည်း ပီပြင်ပြတ်သားလာတော့၏။ ကင်မရာ ချောင်းကြည့်ပေါက်မှတစ်ဆင့် မြင်ရသော မှန်ဘီလူးပုံရိပ်သည် ပြတ်သားမျဉ်းနှင့်ဖြည်းဖြည်းချင်း တစ်ထပ်တည်းကျပြီး ပီပြင်လာခြင်းမျိုး...။

မနက်ပိုင်းမှာက ကျွန်တော့်အိမ်ရှေ့ ပင်လယ်ကဗ္ဗီးပင်ရိပ်လေးမှာ ရောက်လာတတ်တာ...၊ ချမ်းမင်းအိမ်၊ ကိုညိုထွန်းလူတို့အပြင်...၊ ယမုံဖူးကလေး စက်ဘီးရှေ့ခုံမှာတင်ပြီး ကိုအော်ပီကျယ်လည်း ရောက်လာသည်။ ကိုအော်ပီကျယ်က ရောက်လာလျှင် ကျွန်တော့်စာအုပ်ဆိုင်လေးထဲက မဂ္ဂဇင်းစာအုပ် လေးအုပ်ငါးအုပ်ကို တစ်ထပ်တည်းထပ်ကာ တစ်ရွက်ချင်း၊ တစ်အုပ်ချင်း အားပါးတရ တစ်ထိုင်တည်းဖတ်သည်။ ပြီးမှ လက်ဖက်ရည်ဆိုင် လိုက်လာသည်။ ကာတွန်းတွေအကြောင်း ပြောသည်။ ရယ်စရာမောစရာပြောသည်။ ခရမ်းရောင်စာပေမှာ အင်္ဂလိပ်ကာတွန်းစာအုပ်တစ်အုပ်ရောက်လာပြီဟူသောသတင်း သိုးသိုးသန့်သန့်ကြားရုံမျှဖြင့် အပြေးအလွှားသွားကြည့်သည်။ မဖြစ်မနေဝယ်တတ်သည်။ အငမ်းမရဖတ်တော့သည်။ တစ်ခါတစ်ရံကျွန်တော့်ဆီက နီကွန် FM ကင်မရာလေးယူသွားပြီး ပြည်ဘက် ခရီးထွက်သွားတတ်သည်။

သူ့လိုရောက်လာသူတစ်ဦးက ကိုစိုးဝင်းငြိမ်းဖြစ်သည်။ သူကစက်ဘီးအပြာနုလုလုလေး အမြဲစီးလာသည်။ ကိုစိုးဝင်းငြိမ်းက အဲသည်တုန်းက ဘုရားကြီးအနောက်မုခ် တက်သေးမယ်တော်ကြီးဝင်းအိမ်သည် မြို့သစ်မပြောင်းသေးသော်လည်း အိမ်မှာအိပ်ရသည့်ရက်က နည်းသည်။ နေသူရိန်ဝင်းတွင်းရှိ ရေပေးရေးပစ္စည်းသိုလှောင်ဂိုဒေါင်ရှိ သူငယ်ချင်းကိုသန်းဦး အခန်းမှာအိပ်သည်က များသည်။ ထို့နောက် ညွှန့်ပေါင်းဈေးမှာ ဆိုင်ခန်းလေးငှားတော့ ဆိုင်ခန်းမှာအိပ်သည်။ ကိုစိုးဝင်းငြိမ်းကတော့ ကျွန်တော်နှင့်လက်ဖက်ရည်ဆိုင် လိုက်လာပါမှ သူ့စက်ဘီးကိုယူကာ ကျွန်တော့်အမျိုးသမီးက ဈေးသွားရသည်။

***("ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# လေနာရောဂါ သတိပြုစရာ

ကြည်လွင်မြင့်(မုန်ြာ)



လေထိုးလေအောင့် လေနာရောဂါသည် အလွန်ကြောက်စရာကောင်းသည်။ စာရေးသူငယ်စဉ်က အိမ်နီးချင်းဖြစ်သည့် ဦးလေးအရွယ် အသက် ၅၀ ခန့်လူကြီး တစ်ဦး လေထိုးလေအောင့်ဖြစ်သည်။ ညအချိန်မတော်ဖြစ်သဖြင့် ရပ်ကွက်အတွင်းရှိ ဆေးခန်းနှစ်ခန်းမှာ ပိတ်သွားပြီဖြစ်သည်။ အချို့ဆေးခန်းတွင် ဆရာဝန်က အချိန်ပိုင်းနှင့်လာထိုင်ပြီး ညအချိန်တွင် ပိတ်သွားခြင်းဖြစ်သည်။

ထိုလေနာသူကို ဆေးရုံသို့ပို့သည်။ ဆေးရုံတွင်လည်း ဆရာဝန်ကြီးများမရှိပေ။ လက်ထောက်ဆရာဝန်နှင့် သူနာပြုများက လူနာအခြေအနေကို စောင့်ကြည့်ရမည်ဟုဆိုကာ စကြံလမ်းပေါ်ရှိ တန်းလျားတစ်ခုပေါ်တွင် ခေတ္တလှဲခိုင်းထားသည်။ လူနာသည် ချွေးစေးများပြန်လာပြီး နောက်တစ်နာရီခန့်အကြာတွင် အနာသက်သာသွားသည်။ ဘာဆေးမျှမသောက်ရဘဲ ဆေးရုံမှပြန်လာခဲ့ရသည်။

လေနာရောဂါအချို့သည် ဤသို့ပင် အလူးအလဲခံရအောင်ဖြစ်ပြီး ထူးဆန်းစွာ သက်သာပျောက်ကင်းသွားတတ်သည်။ ဆရာများကလည်း လေနာရောဂါနှင့် အူအတက်ပေါက်ရောဂါ မမှားယွင်းရအောင် သတိပြုကြရသည်။ အူအတက်ရောင်လျှင် ဝမ်းဗိုက်တစ်ပြင်လုံးမနာဘဲ ညာဘက်ခြမ်းပေါင်ထိပ်နှင့် ချက်တိုင်အနီးတွင် အထိမခံအောင် နာကျင်လေ့ရှိသည်။

လေနာရောဂါဖြစ်သူ၏ဝမ်းဗိုက်ကို နားမလည်ဘဲ အရမ်းမဲ့မနှိပ်သင့်ပေ။ လေနာဟုဆိုကာ မှောက်ပြီးတက်နင်းသဖြင့် အူပေါက်ပြီးအသက်ဆုံးရှုံးရသည့် တောရွာမှ လူနာတစ်ဦးကို တွေ့ဖူးသည်။ ကျန်းမာရေးဗဟုသုတနည်းသည့် ကျေးလက်တောရွာများတွင် ဤသို့ အဖြစ်ဆိုးများစွာရှိသည်။

လေနာ၏မူလအကြောင်းအရင်းခံမှာ အစားအသောက်မဆင်ခြင်ခြင်း၊ အလွန်အကျွံစားခြင်းကြောင့် အစာမကြေဖြစ်ကြရာမှ ဖြစ်သည်ကများသည်။ လေချုပ်စာအစားများခြင်း၊ အစာစားပြီးနောက် လှုပ်ရှားမှုမရှိဘဲ ဝမ်းဗိုက်ကို ခေါက်ထိုင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

လေနာလေအောင့်ဖြစ်စေနိုင်သော အခြားအကြောင်းတစ်ခုမှာ ဝမ်းချုပ်ပြီး စမြင်းခံခြင်းဖြစ်သည်။ အချို့က စမြင်းထိုးသည်ဟု ခေါ်သည်။ လေနာရောဂါနှင့် ပတ်သက်၍ ရှေးကမြန်မာဆေးဆရာကြီးများ မည်ကဲ့သို့ကုသခဲ့ကြသည်ကို စာရေးသူ လေ့လာကြည့်သောအခါ စစ်ပြီးခေတ်ကထုတ်ဝေခဲ့သော မြန်မာဆေးဆရာကြီး ဦးဘသင်၏ ‘ရှုတော်မူဆေးအဘိဓာန်ကျမ်း’ တွင် တွေ့ရသည်မှာ-

လူတို့စားသောက်သော အာဟာရတို့သည် ကျင်ကြီးဖြစ်ပြီး အချိန်မှန်မစွန့်ရလျှင် အူအတွင်း၌ ရက်ကြာကိန်းအောင်းနေရသောအခါ တေဇောဓာတ်အခိုးအရှိန်ကြောင့် ထိုကျင်ကြီးသည် မီးဖြင့်ကင်သောအသားတစ်ကဲ့သို့ အရည်ပျစ်ပြီး တဖြည်းဖြည်းတင်းမာ၍ စမြင်းဖြစ်၏။ ထိုစမြင်းသည် အူအတွင်းဒွါရပေါက်၌ ဆို့ပိတ်နေသောအခါ အူအတွင်း၌ သွားလာစုန်ဆန်နေသော (အန္တာနုသယ)ခေါ်သော လေလည်း သွားလာနှင်ထုတ်ခြင်းမပြုရဘဲ အူအတွင်း၌သာ တောင့်တိရစ္ဆာန်များကို ဖမ်းဆီး၍ လှောင်အိမ်အတွင်း၌လှောင်ထားသောအခါ ထွက်ပေါက်ရှာသောအားဖြင့် တိုးဝှေ့သကဲ့သို့ ထိုအချုပ်အနှောင်ခံရသောလေသည်လည်း ထွက်ပေါက်မရသဖြင့် တိုးဝှေ့သောအခါ နာခြင်း၊ အောင့်ခြင်းဖြစ်ရသည်။ ထိုသို့နာသည်ကို လေနာ၊ အောင့်နာဟုဆိုသည်။ ရင်ဘတ်ဆီသို့ တိုးဝှေ့သောအခါ ရင်ဘတ်နာဟုဆို၏။ ဘေးသို့တိုးဝင်သောအခါ အဆုတ်သည် ဖောင်းပွလာသဖြင့် အသက်ရှူကျပ်၏။ ထိုသို့ဖြစ်သောရောဂါကို ‘ဘေးထိုးရင်ကျပ်’ဟု ဆိုသည်။

လေနာ၊ အောင့်နာ၊ ရင်ဘတ်နာ၊ ဘေးထိုးရင်ကျပ်ဟူသော ရောဂါမျိုးတို့သည် လေ၏အစွမ်းချည်းဖြစ်သည်။ ထိုလေချုပ်သောသူတို့၌ များသောအားဖြင့် ဝမ်းကြောတင်းခြင်း၊ ဝမ်းချုပ်ခြင်းတို့ဖြစ်တတ်၏။ လေဆေးတစ်နည်း-

၁။ ကျောက်ချဉ် - ၁ ကျပ်သား
၂။ ဆားခါး - ၂ ကျပ်သား
၃။ ဇဝက်သာ - ၂ ကျပ်သား

ဤသုံးပါးကို အမှုန့်ပြု၍ ရောက်ရည် ၂ ကျပ်သားနှင့်ရော၊ ဆေးငါးခွက်စာဖြစ်၏။ (လေနာဖြစ်ပုံအကြောင်းနှင့် ကုထုံးကိုပြခြင်းမှ)

**လေနာရောဂါဖြစ်သူ၏ဝမ်းဗိုက်ကို နားမလည်ဘဲ အရမ်းမဲ့မနှိပ်သင့်ပေ။ လေနာဟုဆိုကာ မှောက်ပြီးတက်နင်းသဖြင့် အူပေါက်ပြီး အသက်ဆုံးရှုံးရသည့် တောရွာမှလူနာတစ်ဦးကို တွေ့ဖူးသည်။ ကျန်းမာရေးဗဟုသုတနည်းသည့် ကျေးလက်တောရွာများတွင် ဤသို့ အဖြစ်ဆိုးများစွာရှိသည်။ လေနာ၏မူလအကြောင်းအရင်းခံမှာ အစားအသောက်မဆင်ခြင်ခြင်း၊ အလွန်အကျွံစားခြင်းကြောင့် အစာမကြေဖြစ်ကြရာမှ ဖြစ်သည်ကများသည်။ လေချုပ်စာအစားများခြင်း၊ အစာစားပြီးနောက် လှုပ်ရှားမှုမရှိဘဲ ဝမ်းဗိုက်ကို ခေါက်ထိုင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်**

လေနာရောဂါဖြစ်သူတို့သည် အစားမှား၍ဖြစ်သည်ဟု အစဉ်အမြဲမှတ်ယူ၍ မရပေ။ အစားအသောက်မမှားဘဲ ရုတ်တရက်ထဖြစ်သောလေနာ ရှိသည်။ ကံကြောင့်ဖြစ်သောလေနာဟု ခေါ်ဆိုနိုင်သည်။ အစာအိမ်လေနာဖြစ်သူ အတော်များများသည် စိတ်ပူပန်သောကများသူများဖြစ်သည်ကို တွေ့ရသည်။ စိတ်တိုင်းမကျ စိတ်မောရသောသူများတွင် ဖြစ်သည့်လေနာရောဂါသည် စိတ်ကြောင့်ဖြစ်သည်။

ဥတုကြောင့်ဖြစ်သောလေနာရောဂါမှာ မိုးတွင်းအခါ ရေစိုတစ်ပိုင်းဖြင့်သွားလာရင်း ခြေအေးဝမ်းရောင်ဖြစ်ရာမှ စသည်။ ခြေထောက်ရေစိုခြင်းကြောင့် လေနာရောဂါ ရုတ်တရက်ဖြစ်နိုင်သည်။ ခြေထောက်ရေစိုနှင့် အပြင်မှပြန်လာလျှင် ဒူးအထက်မှအောက်သို့ ရေလောင်း၍ ခြေဆေး၊ အပူများ အောက်သို့ဆင်းသွားအောင် ပြုလုပ်ပြီးမှ အဝတ်ခြောက်ဖြင့် သုတ်ရမည်။ နွေးထွေးအောင်ပြုလုပ်ရမည်ဟု ရှေးလူကြီးများ ပြောကြသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးတွင် နောက်ဆုံးဖြစ်သည့် ‘အာဟာရ’ကြောင့်ဖြစ်သော လေနာမှာ မသင့်သောအစာကိုစားခြင်း၊ ပူလွန်းစပ်လွန်းသောအစာကို စားခြင်း၊ အေးစက်သောအစာကို စားခြင်း၊ မာကြောသောအစာကိုစားခြင်းတို့ကြောင့် ဖြစ်သည်။

ကောက်ညှင်းပေါင်းစားပြီး လေနာသူတစ်ဦးကို တွေ့ဖူးသည်။ ထိုသူကို မြန်မာဆေးဆရာကြီးတစ်ဦးက နှမ်းဆီကိုမီးဖြင့်နွေးပြီး ဝမ်းဗိုက်တွင်လိမ်းသည်။ ထို နှမ်းဆီကိုပင် ဟင်းစားဇွန်းဖြင့်သုံးဇွန်း သောက်ခိုင်းသည်။ ခဏကြာသောအခါ လေနာဝေဒနာသက်သာသွားသည်ကို တွေ့ရဖူးသည်။ ကောက်ညှင်းပေါင်းစားလျှင် အေးစက်နေပါက မစားရ။ ပူပူနွေးနွေးကိုဆီဆမ်းပြီးစားလျှင် လေနာခြင်းဘေးမှ ကင်းဝေးနိုင်သည်။ ခါတ်စာအဖြစ် လေကိုအောက်သို့သက်အောင်စားလိုလျှင် ကောက်ညှင်းဆန်အနက် (ငချိပ်)ပေါင်းကို နှမ်းဆီဆမ်း၊ နှမ်းထောင်းဖြူးစားလျှင် လူကြီးများ လေချုပ်အညောင်းများခြင်းကို သက်သာစေနိုင်သည်။ အစာဟောင်းအိမ်မှလေကိုလည်း အောက်သို့သက်စေနိုင်သည်ဟု ဆိုသည်။ ဤသည်မှာ ရှေးလူကြီးများ၏ ဘေးမဖြစ်အောင် ကောက်ညှင်းပေါင်းစားနည်းဖြစ်သည်။ ကောက်ညှင်းစားပြီး အစာမကြေမဖြစ်စေသောနည်း ဖြစ်သည်။

ဝမ်းနုတ်ဆေးကို စွဲစားလေ့ရှိသူများတွင် လေနာဖြစ်လေ့ရှိသည်ကို တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အူအတွင်းရှိ အချွဲအမြှေးများ ပါးသွားခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ပွေးကိုင်းပါသော ဝမ်းမှန်ဆေးများကို စွဲစားသူများ၏အူအတွင်း သက်စောင့်အချွဲအမြှေးများ တဖြည်းဖြည်းပါးသွားပြီး အူမကြီးအတွင်းတွင် လေပွကာ လေနာရောဂါဖြစ်နိုင်သည်။

နေ့စဉ်ဆေးသောက်မှ ဝမ်းသွားရခြင်းသည် နည်းမှန်လမ်းမှန်ဝမ်းသွားရခြင်းမျိုး မဟုတ်ပေ။ ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး ရသာခြောက်ပါးကို မျှတစွာစားသုံးသူသည် ဝမ်းမှန်သည်။ လေသည် အောက်သို့သက်သည်။ ယနေ့ခေတ် လူအတော်များများသည် ချို၊ ဖန် အရသာနှစ်မျိုးကို ပို၍စားသုံးနေကြသည်။ တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ရေနွေးကြမ်း၊ အဖန်ရည်အသောက်များသူများ ဝမ်းချုပ်ကြသည်။ ဝမ်းချုပ်၍ ဝမ်းနုတ်ဆေးစားသည်။ ရောင်းတမ်းဝမ်းနုတ်ဆေးများတွင် ပွေးကိုင်းနှင့် ကနခိုများပါဝင်သဖြင့် ကြာသောအခါ အစာအိမ်နှင့် အူလမ်းကြောင်း အားနည်းမှု၊ ချို့ယွင်းမှုများ ဖြစ်လာရသည်။ အနောက်တိုင်းဝမ်းနုတ်ဆေးများလည်း ရှိသည်။ ဓာတုပစ္စည်းများပါဝင်သဖြင့် ရေရှည်စွဲသောက်လျှင် အသည်းကို ထိခိုက်ပျက်စီးစေနိုင်သည်ဟု ဆိုသည်။

**သတိပြုရန်မှာ-**

၁။ လေဆေး၊ အစာကြေဆေးများသည် အမြဲစွဲသောက်ရန် မသင့်ပါ။ လိုအပ်သောအခါမှသာ သောက်ရပါမည်။
၂။ ဝမ်းနုတ်ဆေးကို နေ့စဉ်စွဲသောက်ခြင်းသည် မသင့်ပါ။ အစာအိမ်နှင့်အူလမ်းကြောင်းကို ကြီးစွာ ဒုက္ခပေးနိုင်ပါသည်။
၃။ လက်ဖက်ရည်အချို၊ အဖန်ရည် အသောက်များခြင်းကြောင့် ဝမ်းချုပ်ပြီး လေနာရောဂါ ဖြစ်စေနိုင်ပါသည်။
၄။ အေးစက်မာကြောသောအစာ၊ အချိန်အခါမဟုတ်စားသောအစာကြောင့် လေနာရောဂါ ဖြစ်စေနိုင်ပါသည်။ ။

## ပဲခူးမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်




**ပဲခူး ဒီဇင်ဘာ ၆**

ပဲခူးမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဟောပြောဆွေးနွေးခြင်းကို ဒီဇင်ဘာ ၁ ရက်နေ့က ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေတက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးအောင်မြင့် ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးပြေကျော်နှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သန့်ဇင် (ပဲခူး)**

## သီပေါအမျိုးသမီးကွန်ရက်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**သီပေါ ဒီဇင်ဘာ ၆**

သီပေါအမျိုးသမီးကွန်ရက်နှင့် IRC (International Reseue Committee) အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့တို့ပူးပေါင်းကျင်းပသော ၁၆ ရက်တာ အမျိုးသမီးလှုပ်ရှားမှု အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက မြန်မာရပ်ဓမ္မသုခစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး သီပေါအမျိုးသမီးကွန်ရက်အဖွဲ့တာဝန်ခံ ဒေါ်နှင်းဆီက အမျိုးသမီးလှုပ်ရှားမှုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ကြင်မီက အမျိုးသမီးများနှင့် ပတ်သက်သည့် အမျိုးသမီးရေးရာအဖြာဖြာ ကိစ္စရပ်များကိုလည်းကောင်း၊ သီပေါအမျိုးသမီးကွန်ရက်မှ ဒေါ်အေးမေနှင့် ဒေါ်စောဥမ္မာတို့က အမျိုးသမီးစွမ်းရည်မြှင့်တင်မှုဆိုင်ရာများကိုလည်းကောင်း၊ ဒေါ်နန်းနန်းက လူ့အခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ ဒေါ်နန်းဥမ္မာက ငြိမ်းချမ်းရေး၏တန်ဖိုးများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ သီပေါအမျိုးသမီးကွန်ရက်မှ ၁၀၅ ဦးတက်ရောက်ကြကြောင်းသိရသည်။ **စိုင်း(သီပေါ)**

## မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ အကောင်အထည်ဖော်လျက်ရှိ

**ပြည် ဒီဇင်ဘာ ၆**

ကျေးလက်နေပြည်သူများ လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ဆောင်ရွက်သော မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့် အလိုတော်ရကျေးရွာအုပ်စု အလိုတော်ရကျေးရွာသို့ မြစိမ်းရောင်ကျေးရွာရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ပြည်မြို့နယ် ကျေးလက်ဦးစီးဌာနရှိစီမံကိန်းတာဝန်ခံဝန်ထမ်းများမှ ဒီဇင်ဘာ ၂ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကလေးမြို့နယ်၌ မူးယစ်ဆေးဝါးယာယီဆေးဖြတ်စခန်းဖွင့်

**ကလေး ဒီဇင်ဘာ ၆**

ကလေးမြို့နယ်ဒေသအတွင်းမှ မူးယစ်ဆေးစွဲနေပြီး ဆေးဖြတ်လိုသူများအတွက် ယာယီဆေးဖြတ်စခန်းကို ကလေးခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) အဖွဲ့ဝင်များနှင့် ကံကြီးကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ကံကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



အဆိုပါမူးယစ်ယာယီဆေးဖြတ်စခန်းတွင် ကလေးမြို့နယ် ကံကြီးကျေးရွာမှ ၃၅ ဦး၊ ခုံသာကျေးရွာမှ ၂၀၊ ရာဇဂြိုဟ်ကျေးရွာမှ ကိုးဦး၊ ညောင်ကုန်းကျေးရွာမှ ရှစ်ဦး၊ အောင်ရွာကျေးရွာမှ တစ်ဦး စုစုပေါင်းအမျိုးသား ၇၃ ဦး စတင်တက်ရောက် ဆေးဖြတ်လျက်ရှိကာ ဒီဇင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ Tincture Opium ဆေးရည်ဖြင့် ဆေးဖြတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးဖြတ်စခန်းတွင် လူနာများအတွက် ကျွေးမွေးရေးတာဝန်နှင့် ဆေးဖြတ်စခန်းလုံခြုံရေးတာဝန်များကို ရဲအုပ်ထွန်းထွန်းလွင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ ကံကြီးကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကလေးခရိုင်နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်များ၊ ကံကြီးကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးဖြတ်စခန်းဖွင့်ပွဲတွင် ကံကြီးကျေးရွာဆရာတော်က ဩဝါဒစကားမိန့်ကြားပြီး ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ကလေးခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်သူဦးတို့က မူးယစ်ဆေးဖြတ်လူနာများအား စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်စကား ပြောကြားပြီး ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းက မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်များက အလှူငွေကျပ် ၁၄၅၀၀၀၀ ကိုလည်းကောင်း၊ ကလေးခရိုင်ရဲတပ်ဖွဲ့မှူးက ဆေးဖြတ်လူနာများအတွက် အားကစားပစ္စည်းများနှင့် ရေသန့်ဘူးကတ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကာ ယာယီ ဆေးဖြတ်စခန်းတွင် ရောက်ရှိနေသော ဆေးဖြတ်လူနာများအား Tincture Opium ဆေးရည်များ တိုက်ကျွေးခဲ့ကြသည်။

**ဂျူနိုင်း**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ ဟောပြော

**ဗန်းမော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူများအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရန်အတွက် စားသုံးသူများအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဗန်းမော်ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၄ ရက်က ဗန်းမော်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီရုံး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဗန်းမော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးအောင်ကျော်ဦးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ စားသုံးသူများ၏ အခွင့်အရေး၊ ဘေးကင်းလုံခြုံရေးဆိုင်ရာအချက်များ၊ စားသုံးသူများသတိပြုရမည့်အချက်များစသည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို အသေးစိတ်ဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ဝါဝါ(ဗန်းမော်)**

## မဲစာရင်းများမှန်ကန်အောင် ဆောင်ရွက်ပေးကြရန်ပြောကြား

**စစ်တွေ ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင်နှင့် ပြည်နယ်အတွင်းမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲကို စစ်တွေမြို့ရှိ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၂)၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများအား ကြားဖြတ်ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်ရေး အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းကို လက်ခံရာတွင်လည်း မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်က ပြီးပြည့်စုံအောင် စိစစ်လက်ခံစေလိုကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လာမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများသိရှိသင့်သည့် အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ယခင်ရွေးကောက်ပွဲများမှ အားသာချက် အားနည်းချက်များနှင့် သိရှိလိုသည့်အကြောင်းအရာများကိုမေးမြန်းဆွေးနွေးခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ခမီတိုင်းရင်းသားတို့၏ ပထမအကြိမ် နှစ်သစ်ကူးပွဲတော် ကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များရှိ ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသော ခမီတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့၊ ဘာသာစကားနှင့် စာပေယဉ်ကျေးမှုများ မပျောက်ပျက်စေရေးအတွက် ခမီတိုင်းရင်းသားတို့၏ ပထမအကြိမ် နှစ်သစ်ကူးပွဲတော်ကို ဘူးသီးတောင်မြို့နယ် ခမောင်းချောင်းကျေးရွာအုပ်စုရှိ ခမီလူမျိုးတို့နေထိုင်ရာ လောင်းချောင်းကျေးရွာ၌ နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ခမီနှစ်သစ်ကူးပွဲတော်ကျင်းပရေးအတွက် ခမီအမျိုးသားခေါင်းဆောင် ဦးသန်းငွေက ဦးစီးပြီး ဒေသခံ ခမီအမျိုးသားများ စုပေါင်းကြိုးစားအားထုတ်မှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပွဲတော်တွင် ခမီရိုးရာယဉ်ကျေးမှုအက၊ ခမီရိုးရာ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများကို ပျော်ပွဲရွှင်ပွဲများထည့်သွင်းကာ ပြသကျင်းပခဲ့ပြီး ပွဲတော်၏ လုံခြုံမှုအတွက် ဌာနဆိုင်ရာ နယ်မြေတာဝန်ခံများက ကူညီစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

မြန်မာ နတ်တော်လဆန်း ၁ ရက်နေ့တွင် ခမီးနှစ်သစ်ကူးပွဲတော်ကိုကျင်းပရန် ရှေးဘိုးဘေး ခမီတိုင်းရင်းသားများက သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ခမီတိုင်းရင်းသားတို့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များတွင် ဖြန့်ခွဲနေထိုင်လျက်ရှိကြရာ ခမီတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကိုဖြစ်ပေါ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် နှစ်သစ်ကူးပွဲတော်ကို နောင်နှစ်များတွင် ခမီတိုင်းရင်းသားတို့နေထိုင်ရာ မြို့နယ်အလိုက် အလှည့်ကျကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## သင်္ဂဟရက္ခိတအဖွဲ့က ပညာသင်ထောက်ပံ့ကြေးများပေးအပ်

**ရမ်းဗြဲ ဒီဇင်ဘာ ၆**

ရခိုင်လူမျိုးများ၏ ပညာရေးတိုးတက်မြင့်မားရေးကိုရည်ရွယ်လျက် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တွင် ရခိုင်ပြည်သူများနှင့်ဖွဲ့စည်းထားသော သင်္ဂဟရက္ခိတအဖွဲ့က ရခိုင်ပြည်နယ်အတွင်းမှ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေကြသော ကျောင်းသားများအတွက် (၉)ကြိမ်မြောက်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၄ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲတွင် ထောက်ပံ့ခြင်းခံရသူကျောင်းသားများဖြစ်ကြသော ဆေးတက္ကသိုလ် ကျောင်းသား သုံးဦး၊ နည်းပညာတက္ကသိုလ်ကျောင်းသား သုံးဦး၊ ပညာရေးတက္ကသိုလ်ကျောင်းသား တစ်ဦး၊ ပညာရေးကောလိပ်ကျောင်းသား နှစ်ဦး၊ A.G.T.I ကျောင်းသား တစ်ဦး၊ M.Sc(Phy) ကျောင်းသား တစ်ဦးတို့အတွက် ပညာရေးထောက်ပံ့ငွေ စုစုပေါင်းကျပ် ၃၇ သိန်းကို သင်္ဂဟရက္ခိတအဖွဲ့ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## ဆောင်းရာသီစိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရန် ပညာပေးဆွေးနွေး

**ငဖဲ ဒီဇင်ဘာ ၆**

ငဖဲမြို့နယ်၌ ဆောင်းရာသီကာလအတွင်း တောင်သူများ စိုက်ပျိုးလျက်ရှိသော သီးနှံများ အထွက်နှုန်းတိုးတက်စေရေးအတွက် ဒေသခံတောင်သူများနှင့် ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအား အသိပညာပေးမှုများကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်သည့် ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဝန်ထမ်း ၂၂ ဦးအားလည်းကောင်း၊ ဆင်ချည်တိုင်ကျေးရွာအုပ်စု ရွှေမြင်တင် ဓမ္မာရုံ၌ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ကျေးရွာပေါင်း ၁၀ ရွာမှ တောင်သူ ၁၅၀ ဦးအားလည်းကောင်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ ယင်းဆွေးနွေးပွဲများတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မော်မော်ဝင်းက မိုးရာသီ၌စိုက်ပျိုးလျက်ရှိသော သီးနှံများနှင့် ဆောင်းရာသီတွင် ဆက်လက်စိုက်ပျိုးမည့် သီးနှံများတွင် ကြုံတွေ့လာနိုင်မည့် ပိုးမွှားရောဂါပြဿနာများကို ဖြေရှင်းနိုင်ရန် ဘက်စုံပိုးမွှားကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း၊ မျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီချိုက တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်လာစေရန် မျိုးကောင်းမျိုးသန့်သုံးစွဲ စိုက်ပျိုးခြင်းအကြောင်းကိုလည်းကောင်း၊ မြေအသုံးချရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာသန်းက မြေဆီလွှာတွင်ပါဝင်သော အာဟာရဓာတ်များ၊ သီးနှံပင်များလိုအပ်သော အာဟာရဓာတ်များနှင့် မြေဆီလွှာထိန်းသိမ်းခြင်းအကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးပညာပေးခဲ့သည်။

**ဇွဲထက်ရှင်**

# မိတ္ထီလာတွင် မိုးစပါးအပါအဝင် မိုးသီးနှံအများစု ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်သည် အလယ်ပိုင်းမိုးနည်းဒေသတွင်ပါဝင်ပြီး နှစ်စဉ် မိုးရေချိန်ရရှိမှုနည်းပါးခြင်းနှင့် မိတ္ထီလာကန်မှ စိုက်ပျိုးရေးပေးဝေနိုင်မှုနည်းပါးခြင်းတို့ကြောင့် မိုးသီးနှံများစိုက်ပျိုးရန် လျာထားချက်ထက် လျော့နည်းလေ့ရှိသော်လည်း ၂၀၁၆ ခုနှစ်တွင် ယခင်နှစ်များကထက် မိုးရေချိန်ရရှိမှုများပြားသည့်အတွက် မိုးစပါးအပါအဝင် မိုးသီးနှံအများစုကို ယခင်နှစ်ကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးသည့်မိုးသီးနှံများလည်း ဖြစ်ထွန်းအောင်မြင်ကာ ယခုအခါ ရိတ်သိမ်းနေကြပြီဖြစ်သည်။ မိတ္ထီလာမြို့နယ်အတွင်း မိုးသီးနှံများ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့မှုနှင့် ပတ်သက်၍ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထိန်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ငြိမ်းတို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ မိတ္ထီလာမြို့နယ်အနေနဲ့သာမက ခရိုင်အတွင်းမြို့နယ်များမှာရော မိုးသီးနှံ လျာထားချက်ထက် စိုက်ပျိုးနိုင်မှုရှိမရှိနဲ့ ရှိရင် စိုက်ပျိုးနိုင်ခဲ့တဲ့အခြေအနေကို ခရိုင်ဦးစီးမှူးက ဖြေကြားပေးပါခင်ဗျာ။

ဖြေ။ မိတ္ထီလာခရိုင်အတွင်းက မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည် မြို့နယ်များအတွင်းမှာ မိုးစပါးကို ယခင်နှစ်ကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ရာမှာ ယခင်နှစ်က မိတ္ထီလာခရိုင်အနေနဲ့ မိုးစပါး ၆၉၀၆၇ ဧက၊ ယခုနှစ် ဧက ၁၂၀၀၇၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိတ္ထီလာမြို့နယ်မှာ ယခင်နှစ်က မိုးစပါး ၆၀၂၅ ဧက၊ ယခုနှစ် ဧက ၁၃၁၁၀၊ မလှိုင်မှာ ယခင်နှစ်က မိုးစပါး ၅၂၁၂ ဧက၊ ယခုနှစ် ၆၀၂၉ ဧက၊ သာစည်မှာ ယခင်နှစ်က မိုးစပါး ၁၈၆၉၉ ဧက၊ ယခုနှစ် ၄၁၆၁၈ ဧက၊ ဝမ်းတွင်းမှာ ယခင်နှစ်က မိုးစပါး ၃၉၁၃၁ ဧက၊ ယခုနှစ် ၅၉၂၉၃ ဧက ပိုမိုစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ အလားတူ အခြားမိုးသီးနှံ နှံစားပြောင်း၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ပြောင်းဖူး၊ ပဲနောက်၊ ပဲတီစိမ်းသီးနှံများကိုလည်း ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံတွေအောင်မြင်ဖြစ်ထွန်း ထွက်ရှိခဲ့ပါတယ်။

မေး။ မိတ္ထီလာမြို့နယ်မှာ ၂၀၁၆ခုနှစ် မိုးသီးနှံအမျိုးအစားအလိုက် လျာထားချက် ပိုမိုစိုက်ပျိုးနိုင်ခဲ့မှုကို မြို့နယ်ဦးစီးမှူးက ဖြေကြားပေးပါခင်ဗျာ။

ဖြေ။ မိတ္ထီလာမြို့နယ်တွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပဲမျိုးစုံ သီးနှံလျာထားဧက ၄၂၄၉၈ ဧက၊ စိုက်ပျိုး ၄၃၅၉၉ ဧက၊ ဆီထွက်သီးနှံ လျာထား ၉၁၇၇၅ ဧက၊ စိုက်ပျိုး ၉၃၂၂၁ ဧက ဖြစ်ပြီး မိုးစပါးကို ယခင်နှစ်ကထက် ဧကသုံးထောင်ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ပြီးခဲ့တဲ့ရက်ပိုင်းက ဒဟတ္တန်းကျေးရွာက တောင်သူတစ်ဦးရဲ့ပုလဲသွယ်စပါးမျိုး စိုက်ဧက တစ်ဧကကို ၀ ဒသမ ၁၀ စံကွက်ရိတ်သိမ်းရာမှာ ၁၇၆ ဒသမ ၁၃ တင်း ထွက်ရှိခဲ့ပါတယ်။ မိတ္ထီလာမှ ဒေသခံတောင်သူအများဆုံးစိုက်ပျိုးတဲ့ မျိုးစပါးက ဒေသ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ မနောသုခစပါးမျိုး အများဆုံး စိုက်ပျိုးပါတယ်။

မေး။ ဒီနှစ် မိတ္ထီလာမှာ မိုးစပါးအပါအဝင် မိုးသီးနှံအများစု ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တဲ့အကြောင်းအရင်းကို သုံးသပ်ဖြေကြားပေးပါ။

ဖြေ။ ယခင်နှစ်က မိုးရွာသွန်းရက် ၆၀ ရက်မှာ မိုးရေချိန်လက်မ ၃၄ ဒသမ ၂ လက်မပဲ ရွာသွန်းခဲ့ပြီးတော့ ဒီနှစ် မိုးရွာသွန်းရက်က ၇၄ ရက်အထိရှိပြီး မိုးရေချိန်ကလည်း ၅၆ ဒသမ ၄၂ လက်မအထိ ရှိခဲ့ပါတယ်။ မိုးရွာသွန်းချိန်ကလည်း မိုးစပါးနဲ့ မိုးသီးနှံအများစု စိုက်ပျိုးနေဆဲကာလဖြစ်တာကြောင့်လည်း စိုက်ပျိုးရေ လုံလုံလောက်လောက် ရရှိတာမို့ မိုးသီးနှံတွေ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ မိတ္ထီလာမှာ ဒီနှစ်လို မိုးရေချိန်လက်မများများရဖို့က ဖြစ်တောင့်ဖြစ်ခဲပါ။

မေး။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူအကျိုးပြုလုပ်ငန်းတွေကို ဘယ်လိုအနေအထားနဲ့ ဆောင်ရွက်ပေးနေပါသလဲ။

ဖြေ။ ဒေသခံတောင်သူတွေကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်ကနေ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်တွေ ပြောင်းလဲစိုက်ပျိုးလာဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ဖို့၊ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ မျိုးသီးနှံ၊ နည်းပညာတွေကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ ပြီးတော့ တောင်သူတွေသိသင့်သိထိုက်တဲ့ မြေသြဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေများအကြောင်းလည်း ကျေးရွာအထိ ကွင်းဆင်းပြီး အသိပညာပေးဆွေးနွေးလျက်ရှိပါတယ်။

မေး။ ဒီနှစ်မှာတောင်သူတွေအတွက် ထိထိရောက်ရောက်အကျိုးရှိနိုင်မယ့်လုပ်ငန်းမျိုး အခြားဆောင်ရွက်ခဲ့တာရှိရင်လည်း ပြောပြပေးပါဦး ခင်ဗျာ။

ဖြေ။ ဒီနှစ် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကျေးရွာအုပ်စုနှစ်အုပ်စုမှာ မနောသုခစပါး မျိုးသန့်ပွားများထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရာမှာ တောင်သူမျိုးစေ့ထုတ်စိုက်ခင်းအစုအဖွဲ့မှ တောင်သူ ၂၇ ဦးပိုင် စိုက်ဧက ၅၅ ဧကမှာ စိုက်ပျိုးထုတ်လုပ်ခြင်းကို မျိုးနဲ့ ဝမ်းစာချန်လုပ်ပြီး စုစုပေါင်းစပါးတင်း ၃၃၀၀ ပွားများထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒေသခံတောင်သူတွေ သီးနှံအထွက်နှုန်းတိုးပြီး ဝင်ငွေတိုးတက်လာမှသာ ကျေးလက်နေပြည်သူတွေဘဝ တိုးတက်လာမှာဖြစ်တာကြောင့် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို အခြားဌာနဆိုင်ရာများနဲ့ပူးပေါင်းပြီး ဒေသခံတောင်သူများရဲ့စိုက်ပျိုးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းဖို့ အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ချမ်းသာ (မိတ္ထီလာ)**

# ယူရိုပါလိဂ် နောက်တစ်ဆင့်တက်ရေး အားထည့်ရမယ့် မန်ယူ




ယူရိုပါလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်တွေကို ဒီဇင်ဘာ ၈ ရက်နဲ့ ၉ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ တချို့အသင်းတွေက အုပ်စုကနေ နောက်တစ်ဆင့်တက်ဖို့ သေချာသွားပြီဖြစ်ပေမယ့် အချို့ထိပ်တန်းအသင်းတွေအတွက်ကတော့ အခုပွဲရလဒ်က နောက်တစ်ဆင့်တက်ရေးအရေးပါနေတာမို့ အိတ်သွန်ဖာမှောက် ခြေကုန်ဖွင့်ကစားရဦးမယ့်ပွဲဖြစ်နေပါတယ်။ ဒါကြောင့် အကြိတ်အနယ်ရှိမယ့် ဒီပွဲစဉ်အတွက် မပျက်မကွက် စောင့်ကြည့်အားပေးရဦးမယ့် ပရိသတ်တွေအတွက်ကတော့ ပွဲကြီးပွဲကောင်းတွေပါပဲ။

### ဇော်ယာနှင့်မန်ယူ

အုပ်စု(A)မှာတော့ ဇော်ယာက ငါးပွဲကစားပြီးချိန်မှာ နှစ်မှတ်ရရှိနေပြီး မန်ယူက ကိုးမှတ်ရရှိထားပါတယ်။ ဒီပွဲမှာ မန်ယူဟာ အဝေးကွင်းဖြစ်တာမို့ သတိပြုကစားဖို့ရှိနေပြီး ကစားသမားအစုံအလင်နဲ့ ပွဲထွက်မှ ရပါလိမ့်မယ်။ ပထမအကျော့ မန်ယူကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတဲ့ မန်ယူဟာ အခုပွဲမှာ ခက်ခဲမှာတော့ အမှန်ပါပဲ။ နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက်မရှိတော့တဲ့ ဇော်ယာဟာ အိမ်ကွင်းမှာဖြစ်လို့ မန်ယူကို အလျှော့ပေးမှာတော့ မဟုတ်ပါဘူး။ မန်ယူအတွက် ပွဲမချောင်ပေမယ့် အနိမ့်ဆုံး တစ်မှတ်တော့ရယူနိုင်မယ့်ပွဲပါပဲ။

### ဖီယင်နုနှင့် ဖီနာဘာချီ

အုပ်စု(A)မှာ ဖီနာဘာချီတို့က ၁၀ မှတ်ရရှိထားပြီး ဖီယင်နုက ခုနစ်မှတ်ရရှိထားပါတယ်။ ပထမအကျော့ ဖီနာဘာချီကွင်းမှာ ဖီယင်နုတို့တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားတာမို့ အခုပွဲမှာ ဖီယင်နုတို့ ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ ဒီပွဲနိုင်ရင် နောက်တစ်ဆင့်တက်ရေး သေချာတာမို့ အိမ်ရှင်ဟာ ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရအောင်ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ခံစစ်ပိုင်းကောင်းမွန်ပြီး တစ်မှတ်ရရှိတာနဲ့ နောက်တစ်ဆင့်တက်နိုင်မယ့် ဖီနာဘာချီတို့ကလည်း ဒီပွဲမှာ တိုက်စစ်ကို ရဲရဲဖွင့်ပြီး ကစားမှာဖြစ်တာမို့ အမှတ်ခွဲယူကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

### အေပိုးနှင့် အိုလံပီယာကို့စ်

အုပ်စု(B)မှာ အေပိုးက ငါးပွဲကစားပြီး ကိုးမှတ်ရရှိနေသလို အိုလံပီယာကို့စ်က ရှစ်မှတ်ရရှိထားပါတယ်။ နှစ်သင်းစလုံး နောက်တစ်ဆင့်ကို ဂုဏ်သိက္ခာရှိရှိနဲ့ တက်ရောက်နိုင်ရေးအတွက် ဒီပွဲမှာ အနိုင်ရလဒ်ကိုပဲ အပြိုင်ရှာဖွေပါလိမ့်မယ်။ ပထမအကျော့မှာ အေပိုးက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ အေပိုးတို့ သုံးမှတ်အပြည့်ယူပြီး နောက်တစ်ဆင့်ကို တက်လှမ်းသွားပါလိမ့်မယ်။

### ယန်းဘွိုင်းနှင့် အက်စ်တာနာ

အုပ်စု(B)မှာ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရေးအခြေအနေမကောင်းတော့ပါဘူး။ ဒါပေမယ့် မျှော်လင့်ချက်ရှိနေသေးတဲ့အသင်းတွေဖြစ်လို့ ပြတ်သားတဲ့ရလဒ်နဲ့ ပုံဖော်နိုင်မယ်ဆိုရင် မမျှော်လင့်တဲ့ ပြောင်းလဲမှုအဖြစ်နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ အခွင့်အရေးတော့ရှိနေပါတယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံး ခြေစွမ်းကောင်းမွန်နေတာမို့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

### ဗီလာရီးရဲနှင့် စတူအာဘူခါရက်

အုပ်စု(L)မှာတော့ နောက်တစ်ဆင့်တက်ရောက်ရေးအတွက် အသင်းတိုင်း မျှော်လင့်ချက်ရှိနေဆဲဖြစ်တာမို့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ငါးပွဲကစားပြီးချိန်မှာ နှစ်သင်းစလုံးခြောက်မှတ်ကိုယ်စီရရှိထားတာမို့ ဒီပွဲမှာ နောက်တစ်ဆင့်တက်ရောက်ရေးအတွက် ပြတ်သားတဲ့ရလဒ်ကို အပြိုင်ပုံဖော်ပါလိမ့်မယ်။ ပထမအကျော့တစ်ဂိုးစီဖြစ်ထားခဲ့သလို ဒီပွဲမှာလည်း အဲဒီရလဒ်အတိုင်း ထွက်ပေါ်ဖို့ရှိနေပါတယ်။

### အော့စမန်လစ်ပိုးနှင့် ဇူးရစ်ချ်

အုပ်စု(L)မှာ နှစ်သင်းစလုံးနောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရှိနေတာမို့ ပွဲကောင်းတစ်ပွဲဖြစ်မှာ သေချာပါတယ်။ အော့စမန်လစ်ပိုးက ခုနှစ်မှတ်ရရှိနေပြီး ဇူးရစ်ချ်တို့က ခြောက်မှတ်ရရှိထားပါတယ်။ ပထမအကျော့ ဇူးရစ်ချ်ကွင်းမှာ ဇူးရစ်ချ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာ အိမ်ရှင်တို့ဟာ မဖြစ်မနေနိုင်ပွဲ ပြန်ဖော်ထုတ်ပြီး နောက်တစ်ဆင့်တက်သွားမယ်လို့ ယူဆပါတယ်။

### ကွန်ရက်စပိုးနှင့် ဂျန့်

အုပ်စု(H)မှာ ကွန်ရက်စပိုးတို့ နောက်တစ်ဆင့်တက်ရောက်ဖို့ အိပ်မက်ပျက်ပြယ်ခဲ့ပြီဖြစ်ပါတယ်။ ဂျန့်တို့က ငါးပွဲကစား၊ ငါးမှတ်ရရှိထားတာမို့ ဒီပွဲအနိုင်ရရင်တော့ မျှော်လင့်ချက်ပြည့်ဝပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ အခွင့်အရေးရရှိသွားနိုင်ပါတယ်။ နှစ်သင်းစလုံး ခံစစ်ပိုင်းအားနည်းတာမို့ ပြုပြင်နိုင်တဲ့ ဂျန့်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့သွားရနိုင်ပါတယ်။

### ဘရာဂါနှင့် ရှက်တာဒိုးနက်

အုပ်စု(H)မှာ ရှက်တာဒိုးနက်တို့က ၁၅ မှတ်ရရှိထားလို့ နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်ပါတယ်။ ဘရာဂါတို့က အခုပွဲမှာ အနိုင်သုံးမှတ်ရရှိအောင် ကြိုးစားနိုင်ရင်တော့ မျှော်လင့်ချက်တွေ ပြည့်ဝသွားနိုင်တဲ့ ပွဲပါ။ အကြိုက်က ရှက်တာဒိုးနက်ဖြစ်ပြီး အနိုင်ကလည်း ရှက်တာဒိုးနက်တို့ပဲ ဖြစ်မှာပါ။

**မိုးမြင့်လင်းလက်**



# ၂၀၁၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး စစ်တုရင်ကစားသမား ကားလ်ဆန်း

၂၀၁၆ ကမ္ဘာ့စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် နော်ဝေနိုင်ငံသား မက်ဂ်နက်စ်ကားလ်ဆန်အား ကမ္ဘာ့အကောင်းဆုံးစစ်တုရင်ကစားသမားဖြစ်ကြောင်း ရုရှားစစ်တုရင်ကစားသမား ကာဂျာကင်က ထုတ်ဖော်ချီးကျူးလိုက်သည်။

ကမ္ဘာ့အဆင့်(၆) စစ်တုရင်ကစားသမား ကာဂျာကင်နှင့် စစ်တုရင်ကစားခဲ့ရာတွင် အကောင်းဆုံးတန်ပြန်ရွှေ့ကွက်များကြောင့် နိုင်ပွဲရရှိခဲ့မှုအပေါ် မက်ဂ်နက်စ်ကားလ်ဆန်အား ကာဂျာကင်က ချီးကျူးခဲ့ခြင်းဖြစ်သည်။ ၂၃ ရက်ကြာ ယှဉ်ပြိုင်ခဲ့ရသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကာဂျာကင်၏ ရွှေ့ကွက်များကြောင့် အရှုံးဖြစ်ပေါ်နိုင်သည့်အနေအထားမှ နိုင်ပွဲရရန် တည်တည်ငြိမ်ငြိမ်နှင့် ကစားခဲ့ခြင်းဖြစ်သည်။

ကာဂျာကင်သည် ကနဦးပွဲစဉ်များ၌ ရွှေ့ကွက်အသာစီးရယူထားနိုင်ခဲ့သော်လည်း မက်ဂ်နက်စ်ကားလ်ဆန်၏ တန်ပြန်ကစားကွက်ကြောင့် ကာဂျာကင်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည့် အသက် ၂၆ နှစ်သာရှိသေးသော လက်ရှိကမ္ဘာ့ချန်ပီယံ မက်ဂ်နက်စ်ကားလ်ဆန်သည် ယခုနှစ်ကာလအတွင်း စစ်တုရင်ကစားမှုနှင့်ပတ်သက်ပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

ကားလ်ဆန်သည် ပြိုင်ဘက်ကစားသမား၏ ရွှေ့ကွက်ကို အခြေပြု စဉ်းစားပြီး စနစ်ကျသော တန်ပြန်တိုက်စစ်ကို ကောင်းကောင်းရွှေ့နိုင်သူဖြစ်ကြောင်း သိရသည်။

# ပေါ့ဂ်ဘာနေရာ အစားထိုးရန် ဂျူဗင်တပ်စ်က ဖရန့်ကတ်စ်စီကို ခေါ်ယူမည်

အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းများက ခေါ်ယူရန်ကြိုးစားနေသော အသက် ၁၉ နှစ်အရွယ် အတ္တလန္တာအသင်း ကွင်းလယ်ကစားသမားဖရန့်ကတ်စ်စီအား ဂျူဗင်တပ်စ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် နီးစပ်နေပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အိုင်ဗရီကို့စ်နှင့် အတ္တလန္တာအသင်းကွင်းလယ်တွင် ခြေစွမ်းပြကစားနေသော ဖရန့်ကတ်စ်စီသည် ထူးခြားသောစွမ်းရည်များရှိနေပြီး တိုက်စစ်၊ ခံစစ်ကို ထူးချွန်စွာလိုက်ပါကစားနိုင်သော လူငယ်ကစားသမားတစ်ဦးလည်းဖြစ်ကြောင်း ဂျူဗင်တပ်စ်တာဝန်ရှိသူများက လေ့လာစောင့်ကြည့်မှုများအရ သိရှိပြီးနောက် ရအောင်ခေါ်ယူရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ယာယာတိုရေးလက်သစ်ဟု တင်စားခေါ်ဝေါ်ခံထားရသည့် ဖရန့်ကတ်စ်စီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဆီစီနာအသင်းသို့ အငှားသွားရောက်ကစားခဲ့ပြီးနောက် ခြေစွမ်းတိုးတက်လာခြင်းဖြစ်သည်။ စီဆီနာအသင်းကိုလည်း တိုးတက်မှုများရရှိအောင် ကြိုးစားပေးနိုင်ခဲ့သူဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ၌ အတ္တလန္တာအသင်းကြီးတွင် အရေးပါသော အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်လာရာ ကွင်းလယ်တိုက်စစ်ကစားသမား ပေါ့ဂ်ဘာ ထွက်ခွာသွားသည့် ဂျူဗင်တပ်စ်အတွက် ၎င်းနေရာအစားထိုးရန် ဖရန့်ကတ်စ်စီကို ခေါ်ယူအားဖြည့်ရန် စီစဉ်နေခြင်းဖြစ်သည်။ ဘာစီလိုနာကလည်း ဖရန်ကတ်စ်စီကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။





# ဘာစီလိုနာ၌ နည်းပြလုပ်လိုသော ဇာဗီ

ဘာစီလိုနာအသင်း၏ ကွင်းလယ်ကစားသမားဟောင်းဇာဗီက တစ်ချိန်တွင် ဘာစီလိုနာအသင်း၌ နည်းပြအဖြစ် ပြန်လည်တာဝန်ယူရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

"ကျွန်တော်ကတော့ ဘာစီလိုနာအသင်းမှာ အောင်မြင်တဲ့ နည်းပြအဖြစ် ပြန်လည်အကျိုးပြုချင်တဲ့ ဆန္ဒရှိနေပါတယ်။ အဲဒီတာဝန်ကို အောင်အောင်မြင်မြင်နဲ့ ထမ်းဆောင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်နေပါတယ်"ဟု ဇာဗီက ပြောသည်။

ဇာဗီ၏ ထုတ်ဖော်ပြောကြားမှုနှင့် ပတ်သက်ပြီး မက်ဆီကလည်း "ဇာဗီမှာ နည်းပြတစ်ဦးရဲ့အရည်အချင်းကောင်းအချို့ရှိနေပါတယ်။ သူဟာ ကစားဖော်တွေကို စည်းရုံးနိုင်သူတစ်ဦးဖြစ်ပြီး ဆက်ဆံရေးကောင်းသူတစ်ဦးလည်း ဖြစ်ပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ဇာဗီအနေဖြင့် ဘာစီလိုနာအသင်း၌ နည်းပြတာဝန်ရယူလိုခြင်းဆန္ဒရှိနေပြီး အခြားကလပ်အသင်းတစ်သင်းကို နည်းပြလုပ်လိုသည့် အစီအစဉ် လောလောဆယ် မရှိသေးကြောင်း သိရသည်။ သို့သော်နည်းပြ တာဝန်ယူရန်အတွက် မိမိမှာ ဖြည့်ဆည်းရဦးမည့်အကြောင်းအရာ အချက်အလက်များစွာ ကျန်ရှိနေဆဲဖြစ်ကြောင်း အတွေ့အကြုံလည်း လိုအပ်ချက်များ ရှိနေကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

တစ်ဖန် တစ်ချိန်ချိန်တွင် ကစားဖော် ပီကေးသည် ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ဇာဗီက ဝေဖန်သုံးသပ်ပြောကြားသည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ရေကြောင်းခရီးသွားသူများအတွက် အသက်ကယ်အင်္ကျီများထုတ်ပေးထားသော်လည်း သုံးစွဲမှုမရှိသလောက်နည်း

**ရေတာရှည် ဒီဇင်ဘာ ၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံအတွင်း ရေကြောင်းခရီးသွားလာကြသူများ အန္တရာယ်ကင်းစေရန်အတွက် အသက်ကယ်အင်္ကျီများကို ထုတ်ပေးထားသော်လည်း အမှန်တကယ် အသုံးပြုဝတ်ဆင်မှုမှာ မရှိသလောက် နည်းနေသည်ကို တွေ့ရသည်။

ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူးကျေးရွာ အထက်ပိုင်းရှိ ဆွာချောင်းရေလှောင်တမံ စက်လှေဆိပ်မှတစ်ဆင့် သစ်တောကြိုးဝိုင်းဒေသများဖြစ်သည့် မရိုးခုံ၊ လုံးရမ်းကျေးရွာများနှင့် လျှိုမြောင်ကျွန်းများ၌ နေထိုင်ကြသူများအနေဖြင့် ဆွာချောင်းရေလှောင်တမံအတွင်း၌ စက်လှေများနှင့် လက်ထိုးလှေငယ်များကိုသာ အဓိကအားထား သွားလာလျက်ရှိကြရာတွင် ခရီးသည်များ အသက်အန္တရာယ်မဖြစ်ပွားစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်တပ်လှေများ၊ လက်ထိုးလှေများ မှတ်ပုံတင်စေခြင်းအပြင် ပညာပေးလုပ်ငန်းများလည်းဆောင်ရွက်၍ အသက်ကယ်အင်္ကျီများ ထုတ်ပေးထားသော်လည်း အမှန်တကယ်ဝတ်ဆင်သုံးစွဲမှုမှာ မရှိသလောက်နည်းနေခြင်းဖြစ်သည်။

"ဆည်ရေပြင်က အတော်ကျယ်ပါတယ် လေထန်တဲ့အချိန်မှာ လှိုင်းကအတော်ပုတ်တော့ လှေတွေလူးလိမ့်ပြီး မောင်းကြရတာ။ ကိုယ့်အရပ် ကိုယ့်ဒေသတွေကလည်း ဒီလိုစက်လှေတွေနဲ့ သွားမှ ရတာဆိုတော့ အန္တရာယ်ရှိပေမယ့်သွားနေကြရတာပါပဲ"ဟု သစ်တောကြိုးဝိုင်းဒေသနေသူတစ်ဦးက ပြောကြားသည်။

လက်ရှိ ဆွာချောင်းဆည်ရေပြင်၌ မှတ်ပုံတင်ပြေးဆွဲလျက်ရှိသော စက်တပ်လှေအကြီး ၁၄ စင်းရှိပြီး စစ်တောင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသော စက်တပ်လှေမှာ ၂၂ စင်းရှိကြောင်း မြို့နယ်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဆွာချောင်းဆည်ရေပြင်အတွင်း စက်လှေများအနေဖြင့် ကုန်စည်နှင့် ခရီးသည်တင်ဆောင်ရာ၌ တင်ဆောင်နိုင်သည့် ပမာဏထက် ပိုမိုတင်ဆောင်ခြင်းကို ကြပ်မတ်ဆောင်ရွက်သည့်အပိုင်းမှာလည်း အားနည်းချက်များ ရှိနေဆဲဖြစ်ရာ ခရီးသည်များ အန္တရာယ်မဖြစ်ပွားစေရေးအတွက် ကြပ်မတ်စစ်ဆေးသည့်အပိုင်းကို အစဉ်မပြတ် ဆောင်ရွက်ပေးရန်လည်း ခရီးသွားပြည်သူများက လိုလားနေကြကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**



# ကျောင်းပေါင်းစုံကျောင်းကြက်ခြေနီအသင်းများ စစ်ရေးပြစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မြိတ် ဒီဇင်ဘာ ၆**
မြိတ်မြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးပြီး ကျောင်းသားလူငယ်အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း ဆောင်ရွက်တတ်စေရေးနှင့် ကျောင်းကြက်ခြေနီအသင်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ ကျောင်းပေါင်းစုံကြက်ခြေနီအသင်းများ စစ်ရေးပြစွမ်းရည်ပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



ပြိုင်ပွဲသို့ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းလွန်ကျောင်း ၁၃ ကျောင်းမှ ကျောင်းကြက်ခြေနီအသင်းဝင် ကျောင်းသား ၂၉ ဖွဲ့၊ ကျောင်းသူ ၃၆ ဖွဲ့၊ စုစုပေါင်း ၆၅ ဖွဲ့မှ ကျောင်းသား ကျောင်းသူ ၈၄၅ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ ပြိုင်ပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးလှမြင့်က အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး (ပထမတန်း) ဦးကြည်တင်က ဂုဏ်ပြုစကားပြောကြားကာ ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ပြိုင်ပွဲဝင် ကျောင်းကြက်ခြေနီအသင်းများအနက် အကောင်းဆုံးအမိန့်ပေးသူဆု၊ အကောင်းဆုံး တစ်ဦးချင်းဆု၊ စစ်ရေးပြအကောင်းဆုံးဆု၊ အဖွဲ့လိုက်အကောင်းဆုံးဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းမှ သိရသည်။
**ခိုင်ထူး(ပြန်/ဆက်)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ပညာပေးဟောပြော

**သုဝဏ္ဏဝတီ ဒီဇင်ဘာ ၆**
အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် အိမ်တွင်းအကြမ်းဖက်မှုအကြောင်း သိကောင်းစရာ ဟောပြောပွဲကို မွန်ပြည်နယ်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ သထုံမြို့နယ် ဝင်းပကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့် ဒေါ်ခိုင်ခိုင်လဲ့တို့က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နီလှိုင်နှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းမာတို့က အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသောကမ္ဘာဆီသို့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်စေဖို့ အမျိုးသားများလည်း ပါဝင်စို့ ခေါင်းစဉ်ဖြင့် အမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးလူဦးရေ ၂၆ သန်းကျော်ရှိရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို နားလည်သဘောပေါက်စေရန်အတွက် ပညာပေးဟောပြောပွဲများကို လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြုလုပ်လျက်ရှိကြောင်း၊ ဘီးလင်းနှင့် သထုံမြို့နယ်များအတွင်း ဟောပြောပွဲခြောက်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကာ မော်လမြိုင်မြို့နယ်အတွင်း၌လည်း ဟောပြောပွဲများ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဝင်းပ၊ ညင်းကုန်း၊ သိမ်ဆိပ်၊ နောင်ဘိုအစရှိသော ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြကာ ညနေပိုင်းအချိန်တွင်လည်း သထုံမြို့နယ် မရမ်းကုန်းကျေးရွာ၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဟောပြောပွဲကို ထပ်မံပြုလုပ်ခဲ့ကြောင်း သိရသည်။
**ခွန်(ဝင်းပ)**



# တယ်လီဖုန်းလိုင်းများကောင်းမွန်စေရန် ကြိုးအသစ်များ လဲလှယ်တပ်ဆင်ပေးနေ

**ရေစကြို ဒီဇင်ဘာ ၆**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့၌ ယခင်က အသုံးပြုခဲ့သော ဖုန်းလိုင်းကြိုးများမှာ ရာသီဥတုဒဏ်များကြောင့် လိုင်းများဆွေးမြည့်ပြတ်တောက်ခြင်း၊ လိုင်းပူးခြင်းများ ဖြစ်နေပြီး ဖုန်းအသုံးပြုသူများအတွက် အဆင်မပြေမှုများ ရှိနေသဖြင့် ဖုန်းလိုင်းကြိုးအသစ်များကို မြန်မာ့ဆက်သွယ်ရေးက အစားထိုးလဲလှယ် တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

"ကြိုးဖုန်းတွေရဲ့လိုင်းကြိုးတွေက ဖုန်းတိုင်တွေထောင်ပြီး ကြိုးသွယ်တန်းအသုံးပြုနေရတဲ့စနစ်ဖြစ်တဲ့အတွက် သဘာဝရာသီဥတုဒဏ်ဖြစ်တဲ့ ပူခြင်း၊ အေးခြင်း၊ စိုစွတ်ခြင်းတို့ကြောင့် ကြိုးတွေဆွေးမြည့်ပျက်စီးရသလို သစ်ပင်သစ်ကိုင်းပိုလို့ ပြတ်တောက်တာ၊ မော်တော်ကားအမြင့်ကြီးတွေကြောင့် ပြတ်တောက်တာတွေ ရှိပါတယ်။ အဲဒီတော့ လိုင်းတွေပူးပြီး အသံမကောင်းတာ၊ ဆက်သွယ်လို့မရတာတွေ မကြာခဏဖြစ်ပေါ်ပြီး ကြိုးဖုန်းအသုံးပြုတဲ့ ပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်နေရတဲ့အတွက် လိုင်းကြိုး အသစ်တွေနဲ့ အစားထိုးတပ်ဆင်နေတာဖြစ်ပါတယ်"ဟု ဖုန်းလိုင်းကြိုးများ လဲလှယ်ပေးနေသော မြန်မာ့ဆက်သွယ်ရေးဝန်ထမ်းတစ်ဦးက ပြောသည်။

ရေစကြိုမြို့တွင် ဌာနဆိုင်ရာနှင့် အိမ်များ၌ ကြိုးဖုန်းအလုံး ၉၀၀ ကျော် တပ်ဆင်အသုံးပြုလျက်ရှိကာ ဖုန်းလိုင်းများကောင်းမွန်ရေးအတွက် မြန်မာဆက်သွယ်ရေးလုပ်ငန်းက ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။
**ဇေထွဏ်းဇော်(ရေစကြို)**

## သတင်းတိုများ

### စစ်မှုထမ်းဟောင်းများနှင့် သားသမီးများအား ထောက်ပံ့ကြေးပေးအပ်

ဇန်းမော်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ မြို့နယ်အတွင်းမှ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဒီဇင်ဘာ ၄ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။ ထောက်ပံ့ကြေးပေးအပ်ပွဲတွင် အမှတ်(၂၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တာဝန်ရှိသူများက သက်ကြီးစစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ထောက်ပံ့ကြေး များပေးအပ်ခဲ့ကြသည်။ **ဆီမီးခုံ-နန်းရီ**

### ဒီဇင်ဘာ လူထုအားကစားလမ်းလျှောက်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီး၍ ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စုရပ်ဖြစ်သည့် ညောင်ဦးမြို့ ဘုရားနီလမ်းဆုံမှ စတင်ထွက်ခွာ၍ အနော်ရထာလမ်းအတိုင်း အလိုတော်ပြည့်ဘုရားအထိ လမ်းလျှောက်ခဲ့ကြပြီး အလိုတော်ပြည့်ဘုရားရှေ့ကွင်းပြင်၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်း ပြုလုပ်ခဲ့ကြသည်။
**ရဲသူရအောင်(ညောင်ဦး)**

### ပြည်သူများသောက်သုံးရေလုံလောက်စွာရရှိရန် ဆောင်ရွက်

ချင်းပြည်နယ် ပလက်ဝမြို့နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ပလက်ဝမြို့မှ ၁၁ မိုင်အကွာရှိ မွန်ထောင့်ချောင်းရေပေးရေးစီမံကိန်းကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေများဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီကဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်အင်ဂျင်နီယာများနှင့် ရပ်မိရပ်ဖများ ဒီဇင်ဘာ ၂ ရက်က သွားရောက်စစ်ဆေးခဲ့ပြီး သွယ်တန်းထားသည့် ရေပိုက်လိုင်းများလုံခြုံရေးအတွက် မြောင်းတူးမြှုပ်နှံရန်၊ လျှိုမြောင်များကို ဖြတ်ကူးသွယ်တန်းထားသည့် ရေပိုက်လိုင်းများကို ကွန်ကရစ်တိုင်များဖြင့် ခိုင်မာအောင်တည်ဆောက်ရန်၊ မြို့တွင်းရေလှောင်ကန်သို့ သောက်သုံးရေအမြန်ရောက်ရှိစေရန် အချက်များကို ကုမ္ပဏီမှ တာဝန်ရှိသူများအား ညွှန်ကြားခဲ့ကြောင်း သိရသည်။
**မောင်မောင်ကျော့(ပလက်ဝ)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူ

ညောင်ဦးမြို့နယ်အတွင်းမှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်သူ ဦးစီးသောဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာများကို ညောင်ဦးမြို့ မဏိစည်သူဈေးအဝိုင်းနှင့် ရွှေစည်းခုံဘုရားအနီးတို့တွင် ဒီဇင်ဘာ ၃ ရက်က စိုက်ထူခဲ့ပြီး လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**ရဲသူရအောင်(ညောင်ဦး)**

### မှုခင်းအသိပညာပေးဟောပြောဆောင်ရွက်

သထုံမြို့နယ် ဒေးဇရိန်းကျေးရွာမှ ဒေသခံပြည်သူများအား မှုခင်းအသိပညာပေးမှုများကို မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးယာဉ်ဖြင့် ဒီဇင်ဘာ ၄ ရက်က သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ လမ်းညွှန်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ပြီး နံရံကပ် ဓာတ်ပုံ၊ ပိုစတာများလည်း ပြသခဲ့ကြောင်း သိရသည်။ **နန္ဒကျော်စွာ**

# မကွေးမြို့နယ်ရှိ ရွာသာကန်အား ငွေကျပ်သန်း ၈၀ ဖြင့် ပြန်လည်ပြုပြင်မည်



**မကွေး ဒီဇင်ဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး မကွေးမြို့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် မကွေးမြို့နယ် ရွာသာကန်ပြုပြင်ခြင်းလုပ်ငန်းကို မကွေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၏ တင်ပြချက်အရ လိုအပ်သည့်ဖြည့်စွက်ရန်ပုံငွေကျပ် သန်း ၈၀ ဖြင့် ယခုလတွင် အကြီးစားပြုပြင်မွမ်းမံမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မကွေး ရွာသာကန်ကရေကို သွယ်ပြီး စပါးကေ ၇၀၀ ကျော် လက်ရှိ စိုက်ပျိုးနေပါတယ်။ ဒေသခံတွေ စပါးတိုးချဲ့စိုက်ပျိုးဖို့နဲ့ ရေအခက်အခဲမရှိဖို့ ဒေသခံတွေရဲ့ တောင်းဆိုချက်အရ ဆောင်ရွက်ပေးရတာပါ"ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ပြောသည်။

**မကွေး-ဝင်းမောင်**

# သထုံခရိုင်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးခဲ့သည့်အရေအတွက်မှာ ယမန်နှစ်ကထက်ပိုများနေ

**သထုံ ဒီဇင်ဘာ ၆**

မွန်ပြည်နယ် သထုံခရိုင်၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ ၁၁ လတာကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၄၂ မှု ဖြစ်ပွားခဲ့ပြီး အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် လူ ၁၇၄ ဦး သေဆုံးမှုဖြစ်ပွားခဲ့ရာ ယခင် ၂၀၁၅ ခုနှစ် တစ်နှစ်လုံးဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးရသည့်အရေအတွက်ထက် ပိုများနေကြောင်း ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးမှ သိရသည်။

လမ်းအသုံးပြုသည့် ယာဉ်အမျိုးမျိုးတို့၏ အရေအတွက် နှစ်စဉ်များပြားလာသဖြင့် ယာဉ်ကြောပိုမိုရှုပ်ထွေးလာပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း လိုက်နာမှုအားနည်းကာ ချိုးဖောက်နေမှုများကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားခြင်းဖြစ်ကြောင်း အမှတ်(၇၈) သထုံခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မျိုးမင်းသိန်းက ပြောသည်။

"ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို အလေးထားလုပ်နေပေမယ့် ယာဉ်စည်းကမ်းကို နားလည်လိုက်နာမှု အားနည်းနေသေးတယ်။ စည်းကမ်းတွေနဲ့ လမ်းအန္တရာယ်တွေကို ပြည်သူတွေနားလည်ဖို့အတွက် ပညာပေးဟောပြောတာမျိုး တွေလုပ်နေပါတယ်။ ဒါပေမယ့်လည်း မြို့နဲ့အလှမ်းဝေးတဲ့ ကျေးရွာတွေကိုတော့ မရောက်နိုင်သေးဘူး" ဟု ၎င်းကပြောသည်။

ယာဉ်မတော်တဆမှု လျော့နည်းလာအောင် ယာဉ်အန္တရာယ်သတိပေးဆိုင်းဘုတ်များ၊ အရှိန်ထိန်းအချက်ပြမီးစနစ်များ တပ်ဆင်ခြင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လမ်းရှင်းခြင်းစနစ်များဖြင့် ဆောင်ရွက်နေကြောင်း ပြည်သူများ သတိပြုနိုင်ရန် ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေနှင့် သေဆုံးဒဏ်ရာရှိမှုများကို သထုံခရိုင်အတွင်းရှိ မြို့နယ်များတွင် လူစည်ကားရာနေရာများ၌ ထုတ်ပြန် စိုက်ထူပေးထားကြောင်း လမ်းစည်းကမ်း ဖောက်ဖျက်သူများကိုလည်း မော်တော်ယာဉ် ဥပဒေသစ်နှင့်အညီ တိကျစွာအရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

သထုံခရိုင်အတွင်းရှိ မြို့နယ်လေးခုတို့၌ ၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၃၄၃ မှု ဖြစ်ပွားခဲ့ရာတွင် ဒဏ်ရာရသူ ၅၇၀ နှင့် သေဆုံးသူ ၁၃၆ ဦးရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ၁၁ လတာကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၄၂၁ မှုဖြစ်ပွားခဲ့သည့်အနက် ဒဏ်ရာရသူ ၆၆၂ ဦးနှင့် သေဆုံးသူ ၁၇၄ ဦးရှိကြောင်း ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့စု၏ မှတ်တမ်းများအရသိရသည်။

**သက်ဦး(သထုံ)**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေး၍ အမှိုက်ပုံးများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

တာမွေမြို့နယ် အထက(၁၀) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား စွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုအကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်စည်ပင်သာယာရေးဌာနမှ ကြီးမှူး၍ ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့ပြီး ကျောင်းအတွက် အမှိုက်ပုံးများလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကိုသိရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန် ရည်ရွယ်၍ ဟောပြောပွဲကို ပြုလုပ်ခြင်းဖြစ်ကာ ဟောပြောပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး ဦးရန်ငြိမ်းချမ်းက အမှာစကားပြောကြားပြီး ဌာနခွဲမှူး ဒေါ်သန်းသန်းဝင်းက စွန့်ပစ်အမှိုက်




စီမံခန့်ခွဲမှုဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကိုယ်တိုင်ပါဝင်၍ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းကို သရုပ်ပြပြီး မြို့နယ်စည်ပင်သာယာဦးစီးဌာနမှူး ဦးသန်းဦးက ကျောင်းအတွက် အမှိုက်ပုံး၊ အမှိုက်အိတ်များကို ပေးအပ်လှူဒါန်းခဲ့သည်။

**လှလှ**

# ရတနာတိုး မိုးစပါးစံကွက်ရိတ်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်းဆောင်ရွက်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ရတနာတိုး မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းတို့ကို သက်ရင်းကုန်းကျေးရွာအုပ်စု မအူကုန်းကျေးရွာ တောင်သူဦးဇော်ဝင်း၏ လယ်၌ ဒီဇင်ဘာလပထမပတ်က ကျင်းပရာ ရတနာတိုးစပါးမျိုးအား ၆၆ ပေ ပတ်လည် ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာတွင် အထွက်နှုန်းတင်း ၈၈ ဒသမ ၅၀ ထွက်ရှိခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်အောင်မျိုး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# ကလေးငယ်များအား လစဉ်ကာကွယ်ဆေးများထိုးနှံပေး

**သုံးခွ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဒီဇင်ဘာလပထမပတ်က မြို့ပေါ်ရပ်ကွက်များမှ ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မွေးကင်းစမှစ၍ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များအား အသက်အရွယ်အလိုက် လများခြားလျက် ၁၊ ၂ ရက်နေ့တို့တွင် လစဉ်ဘီစီဂျီ (ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်) ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ပိုလီယို အကြောသေရောဂါ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း လစဉ်မေးခိုင်ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိကာ သိသင့်သိထိုက်သည့် သတိပြုဖွယ်ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများ၌လည်း လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# သန့်ရှင်းသော သောက်သုံးရေရရှိရေးစစ်ဆေး

**ဖန်းမော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မံသာကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အချိန်မီပြီးစီးစေရေးအတွက် ဒီဇင်ဘာလပထမပတ်က ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကျင်းပ

**ဆားလင်းကြီး**

ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲအခမ်းအနားကို ဒီဇင်ဘာလပထမပတ်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းလျှောက်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ စုပေါင်းဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

**လဲချား**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်တွင် တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေး၊ အားကစားကဏ္ဍကို စိတ်ပါဝင်စားလာစေရန် လုထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများဖြင့် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် OSS ရုံးများအားစစ်ဆေး

**ကြံခင်း ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် နိုဝင်ဘာ ၃၀ ရက်က ကြံခင်းမြို့သို့ ရောက်ရှိကာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး မြေညီထပ် ၌ ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှု (One Stop Shop) OSS ရုံး ဖွင့်လှစ်ဆောင်ရွက်နေသည့် ရုံးဌာနအသီးသီးမှ ဝန်ထမ်းများအား ဝင်ရောက်ကြည့်ရှု၍ ပြည်သူများ၏ လိုအပ်ချက်များကို မိမိတို့ရုံးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ထို့နောက် မြန်အောင်နှင့် အင်္ဂပူမြို့နယ်သို့သွားရောက်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ဝန်ထမ်းများအား ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ တွေ့ဆုံမှာကြားပြီးနောက် OSS ရုံးတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၀၆၉)

# ဆေးဖက်ဝင်သံပရာသီးပင်များကို တောင်ပေါ်ဒေသများတွင် အများဆုံးစိုက်ပျိုး

**ရေတာရှည် ဒီဇင်ဘာ ၆**

မြို့ပြနှင့် ကျေးလက်ဒေသများတွင် အိမ်တိုင်းလိုလို ဆေးဝါးအဖြစ်မှီဝဲရန် တောင်ပေါ်ဒေသထွက် သံပရာသီးများကို ဆောင်ထားလေ့ရှိပြီး အဆိုပါသံပရာမျိုးမှာ ကရင်ပြည်နယ် သံတောင်မြို့နယ် တောင်ပေါ်ဒေသများ၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းကာ ဆိုင်ကယ်များတွင် ခွခြင်းဖြင့် တင်ဆောင်၍ ဈေးမြို့ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"အောက်ကျင်းမြေပြန့်တွေမှာကတော့ ထိုင်ဝမ်သံပရာကို စိုက်တာများတယ်။ အဲဒီသံပရာကျတော့ စားသောက်ဆိုင်တွေ၊ မုန့်ဟင်းခါး၊ နန်းကြီးရောင်းတဲ့ဆိုင်တွေမှာ အများဆုံးသုံးတယ်။ ဈေးလည်းပေါတယ် ဒီမူရင်းမျိုးသံပရာကျတော့ ဆေးဖက်ဝင်လို့ ဈေးကြီးတယ်။ တစ်လုံးကို ငွေကျပ်တစ်ရာနဲ့ အထက်မှာရှိတယ်"ဟု တောင်ပေါ်ဒေသမှ ဆိုင်ကယ်ဖြင့် လာရောက်ပို့ဆောင်သူတစ်ဦးကပြောသည်။



မြို့အဝယ်ဒိုင်များက နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့များသို့ ရထားဖြင့် တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# စက်မှုလယ်ယာဦးစီးဌာန ထွန်စက်ထွန်ယက်ခများကို တောင်သူသီးနှံပေါ်ချိန်ထိ ဆိုင်းငံ့ပေးရန်လိုလားနေကြ

**ညောင်ဦး ဒီဇင်ဘာ ၆**

ညောင်ဦးမြို့နယ်တွင် ယခုလို တန်ဆောင်မုန်းလကုန်ရက်များတွင် လယ်ယာမြေများပြုပြင်ခြင်း၊ ဆောင်းမြေပဲစိုက်ပျိုးရန်ထွန်ယက်ခြင်း၊ နောက်နှစ်မိုးရာသီသီးနှံကောင်းမွန်ရန်အတွက် ဆောင်းထွန်ရေး ထွန်ယက်ခြင်းများကို ပုဂ္ဂလိကကားများနှင့် စက်မှုလယ်ယာကားများ ထွန်ယက်ရန် တောင်သူများငှားရမ်းအသုံးချနေရချိန်ဖြစ်သည်။ သို့အတွက်ကြောင့် ပုဂ္ဂလိကထွန်စက်များသည် ထွန်ယက်ခနှင့် မြေပြင်ခများကိုတောင်သူသီးနှံပေါ်ချိန်ရောက်မှ ပေး၍ရသည်။ အလားတူ နိုင်ငံပိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်နှင့်ထွန်ယက်ခများ မြေပြင်ခများကို သီးနှံပေါ်ချိန်ရောက်မှ ပေးရမည်ဆိုလျှင် တောင်သူများ အရင်းအနှီးကုန်ကျစရိတ် သက်သာလာနိုင်မည်ဟု ဒေသခံတောင်သူများက ပြောသည်။

"စက်မှုလယ်ယာကထွန်စက်ထွန်ယက်ခဈေးနှုန်းကတော့ မဆိုးပါဘူး။ ထွန်ထိုက်ပါတယ်။ ဒါပေမဲ့ တောင်သူကလောလောဆယ်ငွေမရှိတော့ အတိုးရှာပေးရတဲ့ ကုန်ကျစရိတ်က မလွယ်ဘူး။ ပုဂ္ဂလိက ထွန်စက်တွေလို သီးနှံပေါ်မှပေးလို့ရရင် ပိုကောင်းတယ်။ ပိုပြီးတော့လည်း ထွန်ယက်ကေနှင့် မြေပြင်ခနာရီတွေ အများကြီးရနိုင်တာပေါ့။ အခုတော့ ဒီရာသီမှာ ကျွန်တော်တို့ရွာက ဇကေါ်ဆယ်လောက်ပဲရတော့တယ်။ စက်မှုလယ်ယာထွန်ယက်ခက လက်ငင်းပေးရမှာဆိုတော့ တောင်သူက ငွေလက်ငင်းပေးစရာမရှိတော့ မမောင်းနိုင်ဘူး။ သီးနှံပေါ်မှ ပေးရရင်တော့ တော်တော်မောင်းရ လောက်ပါတယ်" ဟု တောင်သူ ဦးဆန်းမြင့်က ပြောသည်။

ကျွန်တော်တို့ ထွန်ယက်ခက ပုဂ္ဂလိက နာရီပြတ်မောင်းတာ။ စက်မှုလယ်ယာက ဧကပြတ်မောင်းတာပါ။ ဈေးကတော့ သိတ်မကွာပါဘူး။ အကြွေးနဲ့ လက်ငင်း ကွာတာပေါ့။ အဲဒီတော့ တောင်သူက ငွေမရှိတော့ အကြွေးထားတဲ့ ပုဂ္ဂလိက ထွန်စက်ကိုပဲ မောင်းသူများကြတယ်" ဟု ဆောင်းမြေပဲစိုက်သည့် ရမ်းစမ်းရွာသား ကိုလှစိုးက ပြောသည်။



ထို့ကြောင့် တောင်သူများသည် လယ်ယာမြေများကို ထွန်ယက်ရာတွင် ပုဂ္ဂလိကကဲ့သို့ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်နှင့်ထွန်ယက်ခများကို သီးနှံပေါ်ချိန်ရောက်မှသာ တောင်းခံစေလိုကြောင်း တောင်သူများထံမှ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# နွားထိုးကြီးမြို့နယ်တွင် နွားသယ်ယူမှုများ၍ နွားဈေးမြင့်နေ

**နွားထိုးကြီး ဒီဇင်ဘာ ၆**

နွားထိုးကြီးမြို့နယ်တွင် နွားသယ်ယူရေးကို ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် ဥဒဟို လွတ်လပ်စွာ သယ်ယူနေကြ၍ ဒေသတွင်း နွားဈေးမြင့်တက်ပြီး နွားရှားပါးလာနေကြောင်း တောင်သူတွေက ပြောသည်။

နယ်ကျော် နွားသယ်ယူမှုကို ဥပဒေကတားမြစ်ပြီး တိုင်းအဆင့်၏ ခွင့်ပြုချက်ရမှ သယ်ယူရမည်ဖြစ်သော်လည်း ဒေသတွင်းနားလည်မှုယူ၍ ပလိပ်၊ မန္တလေးမြစ်သားတို့သို့ နေ့ရောညပါ သယ်ယူနေကြသည်။

နွားထိုးကြီးနွားဈေးတွင် သားသတ်ရန် နွားများကို အကောင်ရေ ၄၀၊ ၅၀ ဝယ်ယူနေ၍ ဒေသတွင်းနွားများ ရှားပါးလာပြီး နွားဈေးတက်နေသည်။ အချို့မှာ အရွယ်မရောက်သေးသော နွားငယ် ၊နွားလတ်များ အရောင်းအဝယ်ဖြစ်နေပြီး အသတ်ခံနေရ သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက နွားသယ်ယူမှုကို ဝန်ထမ်းများ မပါကြရန် တားမြစ်ထားသည်။ သယ်ယူခွင့်လည်း မပေးရဟု ပြောသည်။ သို့သော်လည်းနွားများကို ကား၊ ထော်လာဂျီ ၊ သုံးဘီးဆိုင်ကယ်များနှင့် နွားဈေးတစ်ပွဲကား ၁၀စီး ၊ ၁၅ စီးဖြင့် သယ်နေကြသည်။

နွားထိုးကြီးရဲစခန်းတွင် နွားသယ်ယူမှုကြောင့် ၂၂ ဘီး ကားများ ဖမ်းဆီးသိမ်းဆည်းခံထားရပြီး နွားကောင်ရေ ၅၀ ကျော်မှ ၈၀ ကျော်အထိ ဖမ်းမိနေသည်။

အညာတွင် နွားပွဲဈေးများကို ဒေသတွင်းနွား အရောင်းအဝယ်အတွက် ခွင့်ပြုထားသော်လည်း နွားဈေးများမှာ မြင်းခြံဈေး၊ နွားထိုးကြီးဈေး၊ မြို့သာဈေး၊ ရေဝန်းဈေး ၊ကူမဲဈေးစသဖြင့် ဒေသအလိုက် စည်ပင်သာယာက နွားဈေးများကို အခွန်အခရရှိရေး ဦးတည်၍ ဈေးဖွင့်နေရာ နွားဈေးကွက်နှင့် နွားရှားပါးမှုရှိလာနေကြောင်း သိရသည်။ **ဌေးမြင့်မောင်**



## မှုခင်းသတင်းအတိုအထွာ

### ဘုတ်ပြင်းမြို့တွင် ဘိန်းစာမှုန့်များဖမ်းဆီးရမိ

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့၌ ဒီဇင်ဘာ ၃ ရက်က ကော့သောင်း-ဘုတ်ပြင်းလမ်းပေါ်တွင် ဘိန်းစာမှုန့်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများပူး ပေါင်းအဖွဲ့သည် ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်းအတွင်း ပိတ်ဆို့စစ်ဆေးမှုများ အား ဆောင်ရွက်နေစဉ် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက် မီးသတ်စခန်း အရှေ့လမ်းပေါ်တွင် မြိတ်မြို့ဘက်မှ ဝင်းဇော် (၃၃နှစ်) မောင်းနှင်လာသော ဆိုင်ကယ် အား ရပ်တန့်ရှာဖွေရာ ဘိန်းစာမှုန့်အထုပ်စုစုပေါင်းအလေးချိန် ၈ ဒသမ ၈၉၉၅ ကီလိုဂရမ်ခန့် ရှာဖွေတွေ့ရှိခဲ့သည်။

စစ်ဆေးချက်များအရ အဆိုပါပစ္စည်းများမှာ ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာနေ သန်းသန်းဦးဆိုသူထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အဆိုပါ ဘိန်းစာမှုန့်များအား လက်ဝယ်တွေ့ရှိသူ ဝင်းဇော် နှင့် ရောင်းချသူ သန်းသန်းဦးတို့အား ဘုတ်ပြင်းမြို့နယ်ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **( မြို့နယ် ပြန်/ဆက်)**

### တရားမဝင် နှစ်လုံးထီလောင်းကစားသူဖမ်းမိ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အမှတ် (၁၀) ရပ်ကွက် ဗန္ဓုလလမ်းသွယ်နေ တင်ဆန်း (၆၃နှစ်)၏နေအိမ်တွင် နိုဝင်ဘာ ၃၀ ရက်က တရားမဝင် နှစ်လုံးထီရောင်းချ လောင်းကစားနေကြောင်း သတင်းအရ သုံးခွမြို့မရဲစခန်းမှ ရဲအုပ်လင်းအောင်နှင့် တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ လောင်းကြေးငွေကျပ် ၂၉၄၁၀၀ နှင့်အတူ နှစ်လုံးထီဘောက်ချာ၊ စာအုပ် ၊ နှစ်လုံးထီရောင်းချရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့်အတူ တရားမဝင် နှစ်လုံးထီလောင်းကစားနေသည်ကို တွေ့ရှိရသဖြင့် တင်ဆန်းအား သုံးခွမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### ကသာမြို့တွင် တရားမဝင်သစ်တင်လာသည့် စက်လှေဖမ်းမိ

ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ချစ်ဝင်းလတ်နှင့် တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃ ရက်က ဧရာဝတီမြစ်အတွင်း တရားမဝင် တမလန်းသစ်များ တင်ဆောင်လာကြောင်း သတင်းအရ ရေယာဉ်ဖြင့် ဧရာဝတီမြစ်အတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ကသာမြို့နယ် ဧရာဝတီမြစ်အတွင်း သောင်တင်ရပ်နားနေသည့် ရေယာဉ်ပေါ်မှ တမလန်းခားရွေတုံး ၂၅ တုံး (၀ ဒသမ ၉၅၆၂ တန်) ကာလတန်ဖိုးငွေကျပ် ၂၃၉၀၅၀ ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စက်လှေမောင်းနှင်သူ အောင်လင်းထက်(၂၆နှစ်) ကသာမြို့နယ်နေသူဖြစ်ပြီး ၎င်းအား ရဲစခန်းမှ စစ်ဆေးနေကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### မန်စီမြို့နယ်အတွင်း တမလန်းသစ်ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်ဝိန်းလေးကျေးရွာအနီး၌ ဒီဇင်ဘာ ၄ ရက်က တရားမဝင်တမလန်းသစ်များ သစ်လုံးတန်ချိန် ၄ ဒသမ ၃၄၆၄ တန် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါသစ်များကို ယာဉ်မောင်း အောင်ကိုလတ်(ခ)ခေါင်းပြားနှင့် ယာဉ်နောက်လိုက် သက်ခိုင်ဦး (ခ) ပြောင်ကြီးတို့က ရှမ်းပြည်နယ်မြောက်ပိုင်း ငအိုးကျေးရွာမှ ဒီဇင်ဘာ ၃ ရက် ည ၇ နာရီက တင်ဆောင်လာ၍ ဗန်းမော်မြို့သို့ ထွက်ခွာစဉ် ဖမ်းမိခြင်းဖြစ်သည်။ ၎င်းတို့၏ ထွက်ဆိုချက်အရ သစ်ပိုင်ရှင်မှာ ဗန်းမော်မြို့(၂)မိုင်အောင်သာကျေးရွာနေသူ ဦးနော်အောင်ဖြစ်ပြီး ဖမ်းဆီးရေးအဖွဲ့ကို တွေ့ရှိစဉ် ထွက်ပြေးသွားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူအားဖမ်းဆီး

ကျိုင်းတုံမူးယစ်တပ်ဖွဲ့စု(၂၈)မှ ရဲအုပ်တေဇာညီနှင့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက်က မိုင်းညှင်း-ကျိုင်းတုံသွားကားလမ်း တုံကွမ်ရွာအဝင်၌ မိုင်းညှင်းကျေးရွာဘက်မှ တုံကွမ်ရွာဘက်သို့ မိုင်းခတ်မြို့နယ် ပါခါးကျေးရွာနေလော်စီ(ခ)အာစို့ မောင်းနှင်ပြီး လော်သီးလိုက်ပါလာသော ဆိုင်ကယ်အားစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ယင်းဆေးပြားများကိုမိုင်းခတ်မြို့နယ် မိုင်းညှင်းကျေးရွာမှ ဝယ်ယူခဲ့ပြီး ကျိုင်းတုံမြို့ ကတ်ထိုက်ကျေးရွာအုပ်စုတင်ထပ်ရွာတွင် ထပ်မံဝယ်ယူမည့်သူထံ ရောင်းချရန်အသွား ဖမ်းဆီးရမိကြောင်း မူးယစ်တပ်ဖွဲ့စု (၂၈)မှသိရပြီး ကျိုင်းတုံမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

### ပင်လည်ဘူးမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ရဲစခန်းအနောက်မြောက်ဘက် ၂၁ မိုင်ခန့်ကွာ ကျွဲတဲကျေးရွာနေ နေဝင်းမြင့်၏ နေအိမ်၌ ဘိန်းဖြူများသိမ်းဆည်းရမိခဲ့သည်။

ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်လှိုင်ပေါ်နှင့်တပ်ဖွဲ့ဝင်များသည် နေဝင်းမြင့်၏ နေအိမ်ကို ဒီဇင်ဘာ ၄ ရက်က ဝင်ရောက်ရှာဖွေရာ နေဝင်းမြင့်မှာ နေအိမ်ပေါ်မှ ထွက်ပြေးစဉ် ၎င်းလွယ်ထားသော လွယ်အိတ်အား လွှတ်ပစ်လိုက်သဖြင့် လိုက်လံဖမ်းဆီးခဲ့ပြီး ရှာဖွေစစ်ဆေးရာ ဘိန်းဖြူမှုန့် အလေးချိန် ၅၆ ဂရမ်ကျော် တွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

**ဦးရဲ(ကသာ)**

# နှစ်ဖက်လူမှုအသိုက်အဝန်းနှစ်ခု ပြန်လည်သင့်မြတ်ရန် အချင်းချင်းပြောဆိုမှုများ၊ ဆွေးနွေးမှုများပြုလုပ်ရန်လို ရခိုင်ပြည်နယ်၌ နယ်မြေတည်ငြိမ်သွားမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်လာနိုင်မည်



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် (သတင်းစဉ်)

**သတင်း-မင်းသစ်၊ ဇော်ကြီး(ပဏ္ဏိတ)**
**ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် ဒီဇင်ဘာ ၆**

စက်တင်ဘာလကစပြီး ရခိုင်ပြည်နယ်မှ လူငယ်အုပ်စုများ၊ အမျိုးသမီးအစုအဖွဲ့များ၊ ရပ်ရွာလူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်အစိုးရအဖွဲ့မှ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် မိမိတွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်း အသီးသီးအကြား ပြန်လည်သင့်မြတ်ရေး၊ လွတ်လပ်စွာသွားလာခွင့်၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုများကို အဓိကထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်က ပြောကြားသည်။

ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ယနေ့ ညနေ ၄ နာရီက ကျင်းပသည့် ရခိုင်ပြည်နယ်ဆိုင်ရာ

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## ယနေ့ မာတိကာ


မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ စာ » ၉

ကချင်ပြည်နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းကို လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ် စာ » ၁၁

အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့် မွေထိုင်းချန်ပီယံ ဒေ့လက်ဒပ်(ကနေဒါ)တို့ ဒုတိယအကြိမ် ရှိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည် စာ » ၁၄


## အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်း ဟောင်ကောင်နှင့် ခြေစမ်းမည်

**သတင်း - ညီမြတ်သော်တာ**

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(ဂ)အတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ -၁၉ အမျိုးသမီးအသင်းသည် ဟောင်ကောင် ယူ-၁၉ အမျိုးသမီးအသင်းနှင့် ဒီဇင်ဘာ ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုခြေစစ်ပွဲအတွက် ကာလရှည်စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် ဟောင်ကောင်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၆* ✪



အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၉ အမျိုးသမီးအသင်း ဂိုးသမား လေ့ကျင့်စဉ် ဓာတ်ပုံ - ဖိုးသော်ဇင်


